
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း (ကာလာစုံပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - | Ye Wint Kyaw |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ မေလ၊ ၂၀၁၂ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၈၉၅.၈၃

သတိုးဇော

ဂမ္ဘီရမိကျောင်း / သတိုးဇော

\- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။

(၁၇၀) စာ၊ ၁၂.၂ x ၁၈.၁ စင်တီ။

(၁) ဂမ္ဘီရမိကျောင်း


BURMESE CLASSIC .com


| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |
| ၂၀။ | [illegible] | သတိုးဇော |
| ၂၁။ | [illegible] | သတိုးဇော |
| ၂၂။ | ညနက်သန်းခေါင်ငွေတစ်ယောင် | သတိုးဇော |
| ၂၃။ | မွေလမ်းခြင်းအရိုးသည် | သတိုးဇော |
| ၂၄။ | အပြာရောင်ဖုတ်ဘုဏ်အဆိုင်းအဝေများ | ဝေမှူးညွန့် |
| ၂၅။ | ချစ်သူမှာ | လှမေ |
| ၂၆။ | ညည်းတွားချိုက်တဲ့ ငှသံ | သတိုးဇော |
| ၂၇။ | ဦးချင်ကြီး | ဒီပကျော်စွာ |
| ၂၈။ | ဝန်ဆင်စား | ဝေမှူးညွန့် |
| ၂၉။ | ဓေဒုယ် | လှမေ |
| ၃၀။ | ကလေးအမေဘွေ | မင်းနိုင်ကိုစိုးဇော် |
| ၃၁။ | ကိန္နရာပြည့်သို့ အလည်ရောက်သူ | ဒီပကျော်စွာ |
| ၃၂။ | ဘာဆိုလဲ | လှမေ |
| ၃၃။ | ခေါင်ညိုမှုမြေးတဲ့ အရိပ်ကလေး | ဝေမှူးညွန့် |
| ၃၄။ | လိမ်ဖြာခဲ့တဲ့ည | ဒဿကျော်စွာ |
| ၃၅။ | မေညှိန်ရာထဲကြွေအမိုး | သတိုးဇော |
| ၃၆။ | ဘ | လှမေ |
| ၃၇။ | မိန္မာမှုတ်ရည် | မေလေးကျော် |
| ၃၈။ | နှင်းဆီရောင်မုန်တိုင်း | ဝေမှူးညွန့် |
| ၃၉။ | အလင်းအမှောင်ကကြိုး | ဝေမှူးညွန့် |
| ၄၀။ | မိန်မိုလီ | လှမေ |
| ၄၁။ | အင်ဝင်စားတဲ့လူ | ဒဿကျော်စွာ |
| ၄၂။ | လမ်းကိုသခေါ်သံ | ဒဿကျော်စွာ |
| ၄၃။ | အချိုမြစ် | လှမေ |
| ၄၄။ | နတ်သမီးအဆောင် | လှမေ |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | သူတော်ကြီး | လှမေ |
| ၄၇။ | သက်စေ့ဟာက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | ရွှယ်နီအင်းနိုင်း | သတိုးဇော |
| ၄၉။ | နဂါးခံတွင်းအရိုးသည် | ဒဿကျော်စွာ |
| ၅၀။ | တစ်ဟယ်မျက်လုံးချင် | ဒဿကျော်စွာ |
| ၅၁။ | ပါဆယ် | လှမေ |
| ၅၂။ | ဒေါင်း... ဒေါင်း... မြေတစ်ချောင်း | သတိုးဇော |
| ၅၃။ | ဝရေးဆိုနိ | ဒဿကျော်စွာ |
| ၅၄။ | သရဲကျွမ်း | ဒဿကျော်စွာ |
| ၅၅။ | မြို့မရှာစွာ | လှမေ |
| ၅၆။ | မြေကလိမ်မ မယ်ကာကော | ဒဿကျော်စွာ |
| ၅၇။ | သမီးချည်အားအတော်ဝန် | လှမေ |
| ၅၈။ | မြို့တော်မြို့ | လှမေ |
| ၅၉။ | သန်းခေါင်ယံညည်သံ | ဒဿကျော်စွာ |
| ၆၀။ | ဘီလိုဆိုက | လှမေ |
| ၆၁။ | ဆေးနီမိတ်ကျောက်တိုင် | ဒဿကျော်စွာ |
| ၆၂။ | တစ္ဆေသိုလ် ၆ ခု | လှမေ |
| ၆၃။ | ၈၂/၂၃ ၂၄ နာရီကစား | လှမေ / မျှားသူ |
| ၆၄။ | မြေကြမ်း | ဒဿကျော်စွာ |
| ၆၅။ | ဆက်မမက်ရဲတဲ့ အိပ်မက်ယောင်း | သတိုးဇော |
| ၆၆။ | ကျွန်းနိုင်ငံမှာ | ဒဿကျော်စွာ |
| ၆၇။ | ဗျာဒိတ် | မင်းလူ၊ လှမေ၊ မိုးစက်ဝိုင်း၊ မျှားသူ |
| ၆၈။ | ကမ္ဘာသူရဲ့တစ္ဆေဝတ္ထုတိုများ | မင်းနိုင်ကိုစိုးဇော် |
| ၆၉။ | ရှည်အားအတော်ဘဲ့ဂိမ်း | လှမေ |
| ၇၀။ | နှစ်နစ်ဝင်ထောင်အခင် | မင်းနိုင်ကိုစိုးဇော်၊ မျှားသူ |
| ၇၁။ | ဆုတောင်းပြည့်မြေဆိပ် | သတိုးဇော |
| ၇၂။ | တစ္ဆေလွန်ချစ်သူ | သတိုးဇော |
| ၇၃။ | ရဲရဲကိုယ်ရောင်ကိုယ်ဝါ | မျှားသူ |
| ၇၄။ | ပုဂ္ဂိုလ်နှင့်ဆွေးနွေးခြင်း | သစ္စာနီ |
| ၇၅။ | တောက်တဲ့ကိုးကြိမ် | သတိုးဇော |
| ၇၆။ | သုံးဘာဝဆောင်နာမ | ဒဿကျော်စွာ |
| ၇၇။ | အတု | လှမေ |
| ၇၈။ | သုံးချောင်းသစ်ပင် | လှမေ၊ မိုးစက်ဝိုင်း၊ သည်ခေတ်ရေ |
| ၇၉။ | ကျွန်တော်နှင့် မှုးမက်တော် | သည်ခေတ်ရေ |
| ၈၀။ | ရွှေဝင်းမောင် | လှမေ |
| ၈၁။ | ဆက်သွယ်မှုဇရိယာပြင်ပ | သည်ခေတ်ရေ |
| ၈၂။ | ဂမ္ဘီရမိကျောင်း | သတိုးဇော |


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

# သတိုးဓလေ

# ဂမ္ဘီရမိကျောင်း

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကဒုံကနီ၊ ရော၊ အမာ ရွာသုံးရွာအနက် ရောမှာ ရောဝတီမြစ်ကြီး ပင်လယ်ထဲသို့ စတင်စီးဆင်းရာ ပင်လယ်ဝမှ ရွာတစ်ရွာဖြစ်သည်။ ရောကမ်းခြေ သဲသောင်မှာ ကျယ်ပြန့်ပြီး သဲမျက်နှာမှာ မာကျော၊လျက်ရှိ၏။ ရေအစပ်တွင် ရွှံ့နွံများ ဗရပွဖြစ်နေပြီး ရောရွာအတွင်း လှည့်ခွေရစ်ပတ်နေသော ပင်လယ်ဆားငန်ရေမှာ ရေပြာမဟုတ်ဘဲ ရွှံ့နွံများ ပျော်ဝင်နေသော ရေဝါဝါတွေဖြစ်နေသည်။

ထိုရောသောင်ပြင်၏ တစ်နေရာတွင် တစ်ဝက်အထိ သဲမြုပ်နေသော မြသဲလွှန်စေတီလေးက ဝင်လုဆဲဆဲနေရောင်အောက်တွင် ဖျော့ရော်ရော်ဖြစ်နေ၏။ တစ်ချိန်က မြသဲလွှန်စေတီလေးမှာ ရောရွာ၏ အလယ်ကောင်မှာရှိခဲ့သော်လည်း ကမ်းခြေကို တိုက်စားကာ ကမ်းနားမှ လူနေအိမ်များက တဖြည်းဖြည်း နောက်သို့ဆုတ်ပေးရ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မြသဲလွန်စေတီလေးမှာ ရေရှာနှင့် ခပ်လှမ်းလှမ်းတွင် ကျန်ခဲ့ရသည်။

ရေရှာအတွင်း လှည့်ပတ်စီးဆင်းနေသည့် ချောင်းလက်တက်ကလေးများ၏ ဘေးတစ်ဖက်တစ်ချက်တွင် လမုတော၊ ကျွဲတော၊ ကနစိုတောနှင့် သင်ပေါင်းတောများက ခပ်အုပ်အုပ်ဖြစ်နေကာ မြစ်လက်တက် ချောင်းလက်တက်ကလေးများကို အဝေးမှ မမြင်နိုင်အောင် ကွယ်ဝှက်ထားသလို ဖြစ်နေသည်။

'မြစ်ဇရာ ××× နဒီကြောမှာ ××× စုံဆင်းပါလို့ ××× ငါးကိုရှာ ××× ကိုတံငါ ×××'

လှအေး၏ အသံဝါဝါကြီးက မြစ်ရိုးတစ်လျှောက် ပေါက်ချင်တိုင်းပေါက်နေသည့် ကနစိုပင်များ မဒမပင်များကြားမှ ပဲ့တင်ထပ်လျက် ပြန်ကြားလိုက်ရသည်။

'ဟာ… ဟော့ကောင်… လှအေး၊ တိုးတိုးလုပ်စမ်းပါကွ၊ မင်းအသံကြားပြီး ငါးတွေလန့်ပြေးကုန်ပါဦးမယ်'

သံချောင်းက လှော်တက်ကို တစ်ချက်၊ နှစ်ချက် အားနှင့်ခတ်လိုက် ကျဉ်းမြောင်းသော မြစ်ရိုးတစ်လျှောက် ကွေ့လိုက်ကောက်လိုက်ဖြင့် မြစ်ပြင်ကျယ်ရှိရာသို့ တရွေ့ရွေ့လှော်ရင်း လှေဦးမှ လှအေးကို လှမ်းပြီးသတိပေးလိုက်၏။

လှအေးကတော့ လှော်တက်ကို ပေါင်ပေါ်တင်ကာ ချက်အရက်ပုလင်းကို စိတ်ရှိလက်ရှိပင် တစွတ်စွတ်မော့သောက်နေ၏။



အပြည်းဖြည်းနှင့် သူတို့ငါးဖမ်းလှေကလေးမှာ မြစ်မကြီးအတိုင်း စုန်ဆင်းလာပြီး အသင့်ပါလာသော လှေဝမ်းဗိုက်ထဲမှ မြစ်ပြင်ကျယ်ကြီးအတွင်း ဖြည်းညင်းစွာချလိုက်သည်။

မှောင်ရိပ်ဖြိုးဖျအလင်းရောင်က သူတို့နှစ်ယောက်စလုံး၏ ကျောပြင်မည်းမည်းကြီးများပေါ်သို့ ကျရောက်လျက်ရှိသည်။ မြစ်ပြင်ကျယ်အတွင်း တသောသောတိုက်ခတ်နေသည့် လေနှင့် တဝုန်းဝုန်းရိုက်ပုတ်နေသော လှိုင်းလုံးကြီးများကြားတွင် သူတို့၏ ငါးဖမ်းလှေငယ်လေးမှာ နိမ့်ချည်မြင့်ချည်ဖြင့် လွန့်လူးလျက်ရှိနေသည်။

'ရေငန်တစ်ရိုး အပိုင်စိုးတဲ့ နတ်ဦးရှင်ဘုရား၊ သားတော်မြေးတော်တို့ကို သနားသဖြင့် ဟင်းစားငါးသေး၊ ငါးနုပ်များကို ပေးသနားတော်မူပါ၊ သားတော်တို့ကိုလည်း စောင့်ရှောက်တော်မူပါ အဘိုး'

သံချောင်းက မြစ်ပြင်ကျယ်ကြီးတွင်း ပိုက်ကွန်ကိုချပြီး လက်အုပ်ချီလျက် ရေရွှတ်တင်မြှောက် ပသလိုက်၏။

'ဟား… ဟား… ဟား… သံချောင်းရာ၊ မင်းကလည်း တောင်းမယ့်တောင်းတော့လည်း ငါးသေးငါးဖျင်ကို တောင်းရတယ်လို့ကွာ၊ တောင်းစမ်းပါကွ ခပ်ကြီးကြီး'

လှအေးက လှေဝမ်းထဲမှ ချက်အရက်လက်ကျန်ကို ပြောပြောဆိုဆိုနှင့် ထပ်ပြီးမော့ချလိုက်ပြန်သည်။ တဖျတ်ဖျတ် လှုပ်ခတ်နေသော လှေဦးမှ မီးအုပ်ဆောင်း၏ အလင်းရောင်က လှအေး၏

www.burmeseclassic.com

www.burmeseclassic.com



အဆီတဝင်းဝင်းဖြစ်နေသော မျက်နှာညိုညစ်ညစ်ပေါ်သို့ ဖြာပြီး ကျနေ၏။ ထို့နောက် လှအေးမှာ သူ့ပခုံးပေါ်တင်ထားသည့် ပုဆိုးဟောင်းဖြင့် မျက်နှာကို သုတ်သပ်သုတ်လိုက်သည်။

လှအေး၏ မထီလေးစားအပြောအဆိုကြောင့် သံချောင်းမှာ ကွက်ခနဲမျက်နှာပျက်သွားပြီး . . .

'ဟာ . . . ဟေ့ကောင် လှအေး၊ မင်းဘယ်လိုပြောလိုက်တာလဲ။ မူးမူးရူးရူးနဲ့ တောင်ပြောမြောက်ပြောတွေ လျှောက်မပြောနဲ့၊ ဒီနေရာက အန္တရာယ်ရှိတယ်ကွ၊ ဘာမှတ်နေလဲ'

'တောင်ပြောမြောက်ပြော မဟုတ်ဘူး ဟေ့ကောင်၊ တကယ်တမ်းသာ အကောင်ကြီးကြီးရရင် မင်းရော မယူဘူးလား၊ အခုလောလောဆယ်တော့ အဘိုးရေ အရက်နဲ့မြည်းဖို့ အကောင်ခပ်ကြီးကြီးလေး လုပ်ပါဦး၊ ဟား . . . ဟား . . . ဟား'

သံချောင်းမှာ 'လှအေး၏ ရွတ်နောက်နောက်စကားကြောင့် . . .

'ဟေ့ကောင် . . . လှအေး၊ မင်းပါးစပ်ကို ပိတ်ထားစမ်း'

သံချောင်းတို့အရပ်ဒေသတွင် ယခုကဲ့သို့ ငါးဖမ်းထွက်တိုင်း ရေစန်ပိုင်ဦးရှင်ကြီးကို တင်မြှောက်ပသလေ့ရှိကြသည်။ အများစုမှာ ထိုသို့တင်မြှောက်ပသတိုင်းလည်း ငါးပေါပေါများများမိတတ်ကြသည်ဟု အယူရှိကြ၏။

မယုံမကြည်နှင့် အပြောအဆို မဆင်ခြင်ကြသူများ၏ ဒုက္ခ



ရောက်ပုံများကလည်း သူတို့ဒေသတွင် ဒုနှင့်ဒေး မကုန်နိုင်လောက်အောင် ရှိခဲ့ကြ၏။

ထို့နောက် သံချောင်းက ဆီကြိုတ်ပြီးသား အုန်းဆံဖတ်၊ အုန်းပွဲတို့ကို မြစ်ပြင်ပေါ်သို့ ကျဲပက်လိုက်သည်။ အုန်းဆံဖတ်နှင့် အုန်းပွဲတို့ကို ငါးပုစွန်များကအလွန်ကြိုက်ပြီး တစ်ခါတစ်ရံ ငါးနုတ်၊ ငါးပြား၊ ငါးတံခွန် ငါးကလေးများသာမက ကတ်ကူရံ၊ ငါးမုတ်၊ ငါးကုလားနှင့် ရေချိုရေငံစပ်၊ ငါးပုဏ္ဏားငါးကြီးများပင် အုန်းဆံဖတ်အုန်းပွဲများကို လာစားကြပြီး ပိုက်ကွန်ထဲသို့ တိုးဝင်လာတတ်သည်။

'ဒီနေရာက ငါတို့နဲ့ ကံမစပ်ဘူးထင်တယ်၊ မြစ်အောက်ဘက်ကို စုန်ဆင်းပြီး ရှာရင် ကောင်းမယ်ထင်တယ်ကွ'

သံချောင်းက မြစ်ထဲမှ ပိုက်ကွန်ကို လှေဝမ်းထဲသို့ စိတ်ပျက်လက်ပျက်ဆွဲတင်ရင်း လှအေးကို လှမ်းပြောလိုက်သည်။ လှအေးက ပိုက်ကွန်အတွင်း ငြိတွယ်ကပ်ပါလာသော ငါးသေး၊ ငါးနုတ်ကလေးများကို ကောက်သင်းကောက်သလို လိုက်ကောက်နေ၏။

လရောင်မှုန်မွှားမွှားကျနေသော ရေပြင်မှာ ဖန်သားပြင်လို တလက်လက်ထနေ၏။ သံချောင်းနှင့် လှအေးမှာ လှေဦးကို မြစ်အောက်ပိုင်းသို့လှည့်ကာ လှော်ခတ်လိုက်သည်။ တစ်ခါတစ်ရံ ခပ်ဝေးဝေးမှ ငါးဖမ်းစက်လှေတို့၏ စက်သံတဒုတ်ဒုတ်ကိုလည်း ကြားနေရ၏။

သူတို့နှစ်ယောက်၏ လှေကလေးမှာ မြစ်ကြောင်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး ခပ်ဝေးဝေးသို့ရောက်အောင် လှော်ခတ်သွားလိုက်ပြီး . . .

'ဟာ . . . လှအေး၊ ဟိုရှေ့မှာ ကုန်းရိုးတန်းကြီးတစ်ခု ပေါ်နေပါလား'

လှအေးမှာ သံချောင်းစကားကြောင့် မျက်စိကို လက်နှင့် ကပျာကယာပွတ်သပ်ရင်း လှမ်းကြည့်လိုက်သည်။ သူတို့လှေ၏ ရှေ့ဝါးဆယ်ပြန့်အကွာလောက်တွင် မြစ်ပြင်နှင့် ပြည့်လုခမန်း ကုန်းရိုးတန်းရှည်မျောမျောကြီးတစ်ခုကို တအံ့တသြနှင့် တွေ့လိုက်ရ၏။

'ဟား . . . ဟား . . . ဟား . . . သံချောင်းရာ မင်းကလည်း မသောက်ဘဲနဲ့ မူးနေပြန်ပြီ၊ ဒီမြစ်ကြောင်းတစ်လျှောက်မှာ ကုန်းရိုးတန်းကြီးတစ်ခုရှိတယ်လို့ ဘယ်တုန်းကမှ မကြားဖူးပါဘူး'

သံချောင်းမှာ လှေကို အားစိုက်လှော်နေရာမှ လှော်တက်ကို လှေဝမ်းထဲသို့ ဆွဲမတင်ကာ မှုန်ရီမှုန်ဝါးနှင့် လှမ်းမြင်နေရသော ကုန်းရိုးတန်းမည်းမည်းကြီးရှိရာကို မျက်မှောင်ကြုတ်ပြီး ထပ်ကြည့်လိုက်ပြန်၏။

ဒီတစ်ခါတော့ သံချောင်း၏အမြင်တွေက ဘယ်နည်းနှင့်မှ မလွဲချော်တော့။ ကုန်းရိုးတန်းကြီးမှ မို့မို့မောက်မောက် ခုံးထနေသည်။

'သေချာတယ်၊ ကုန်းရိုးတန်းကြီး၊ သောင်တွေ ဘာတွေ ထွန်းနေတာဖြစ်မယ်'



သံချောင်းလက်ညှိုးထိုးပြရာနေရာသို့ လှအေးကပါ မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်လိုက်၏။ သူတို့လှေကလေးမှာ ရေစီးအတိုင်း မျောပါနေရင်း ထိုကုန်းရိုးတန်းရှိရာနှင့် မလှမ်းမကမ်းသို့ပင် ရောက်နေလေပြီ။

'မင်းရူးနေလား သံချောင်း၊ သောင်ထွန်းရအောင် နွေမရောက်သေးဘူး'

သိပ်မကြာလိုက်။

'ဟာ . . .'

ရုတ်တရက် သူတို့နှစ်ယောက်စလုံး၏ ပါးစပ်မှ ထိတ်လန့်တကြား အာမေဍိတ်သံများက ပြိုင်တူထွက်သွား၏။

ထိုကုန်းရိုးတန်းရှည်ကြီး မဆုံးခင် ဘေးတစ်ဖက်တစ်ချက်၌ စကောသာသာလောက် နီရဲဝိုင်းစက်နေသည့် အလုံးကြီးနှစ်လုံး အမှောင်ထဲတွင် လှမ်းတွေ့လိုက်ရသည်။

သံချောင်းနှင့် လှအေးမှာ ရေစီးအတိုင်း တဖြည်းဖြည်းမျောပါနေသော လှအေး၏ ဘေးတစ်ဖက်တစ်ချက်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရင်း နီနီရဲရဲ အဝိုင်းကြီးနှစ်ခုကို ကြက်သေသေကာ ငေးကြောင်ကြည့်နေမိကြသည်။

'ဒါဘာကြီးလဲ'

သူတို့ကြည့်နေစဉ်မှာပင် မညီမညာ မို့မို့မောက်မောက်နှင့် ဖုထစ်ခုံးထနေသော ကုန်းရိုးမည်းမည်းကြီးက လှုပ်ရှားဖွင့်ဟလာကာ အစွယ်များကို တဖွေးဖွေးနှင့် မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား… အမလေး၊ မိကျောင်းကြီး၊ မိကျောင်းကြီး'

သွေးပျက်မတတ် အော်လိုက်ကြသည့် သူတို့နှစ်ယောက်၏ အသံက လှိုင်းသံ လေသံတွေကို ဖုံးသွားမတတ်။ ကျယ်ကျယ်လောင်လောင်ကြီးဖြစ်သွားသည်။

လှုးလွှန့်နေသော လှေနံရံနှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသော သူတို့၏လက်များက တဆတ်ဆတ်တုန်ခါလျှက်။ သူတို့တစ်တသက်တာတွင် ဤမျှကြီးမားသော မိကျောင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး။ လှအေးမှာလည်း စောစောက ဘဥတ်ဖွတ်မော့သောက်ထားသည့် ချက်အရက်၏အရှိန်က ဘယ်ပျောက်သွားမှန်းပင် မသိတော့။

အကျယ်လောက် အစွယ်တဖွေးဖွေးနှင့် ဖွင့်ဟနေသော မိကျောင်းကြီး၏ ပါးစပ်ကိုကြည့်ကာ သံချောင်းနှင့် လှအေးမှာ လှေဝမ်းထဲမှ လှော်တက်ကို ကယောင်ကတမ်းတွေနှင့် လက်လာစမ်းနေမိကြ၏။ ထို့နောက် လှေဝမ်းထဲတွင် ဒူးတစ်ဖက်ထောက်ရင်း လှော်တက်ကို အားဖြင့်ဖိကာ နောက်သို့တက်သုတ်ရိုက်ပြီး ပြန်လှော်ကြတော့သည်။

လှေက ရေဆန်ကိုလှော်နေရသဖြင့် ထင်သလောက် ရှေ့သို့ မရောက်ဘဲ ရေစီးနှင့် နောက်သို့ပြန်ပြန်ပါနေ၏။

လှေက တဖြည်းဖြည်းနှင့် ရွာနှင့်နီးကပ်လာ၏။ လှေကို ဘယ်ညာလှုပ်ကာလှုးကာဖြင့် လမုပင်၊ ကနစိုပင်များကြား ချောင်း



လက်တက်ကျဉ်းကျဉ်းလေးထဲမှ ခက်ခက်ခဲခဲ တိုးဝင်လှော်ခတ်ပြီး သွားနေရသည်။ တစ်ခါတစ်ခါ မည်းမှောင်နေသော သင်းပေါင်းပင်အုပ်များကြားသို့ တိုးဝင်မိသောအခါ သူတို့၏ ကျောပြင်များမှာ ကွဲရှလျှက်ရှိ၏။

သူတို့နှစ်ဦး၏ လှေဦးက ကမ်းစပ်ပေါ် မေးတင်မိရုံနှင့် ရွာထဲသို့ ကမူးရှူးထိုးပြေးဝင်ရင်း ပါးစပ်ကလည်း ကယောင်ကတမ်းတွေနှင့် သွေးရူးသွေးတမ်းတွေ အော်ဟစ်သွားကြသည်။ လှအေးကတော့ ရောကမ်းခြေ၏ သဲသောင်ပြင်ပေါ်တွင် အမောဆို့ရင်း လဲလျှက်ကျန်ခဲ့တော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အချိန်ကာလတွေ ရွေ့လျားလာသည်နှင့်အမျှ ရောရွာကလေးမှာ အိမ်ခြေနှစ်ရာကျော်ရှိသည့် ရွာကြီးတစ်ရွာဖြစ်လာခဲ့သည်။ များသောအားဖြင့် ရောရွာတစ်ရွာလုံးနီးပါးက ရေလုပ်ငန်းကိုသာ အဓိကအားထားလုပ်ကိုင်ကြပြီး အချို့ကတော့ ဆိတ်ကမ်းကုန်တင်ကုန်ချအလုပ်များကိုလုပ်ရင်း အသက်မွေးဝမ်းကျောင်းပြုကြသည်။

ရောကမ်းခြေ၏ သဲသောင်ပြင်ပေါ်တွင်လည်း တဲကြီးတဲငယ်များထိုးလျက် ငါးခြောက်လှန်း၊ ဆားနယ်၊ ငါးခွဲလုပ်ငန်းများကြောင့် ကမ်းခြေတစ်ခုလုံးမှာ ညှီစို့စို့အနံ့များဖြင့် ညစ်ပတ်ပေကျံနေကာ အမှိုက်သရိုက်များက ဖွာလန်ကျဲလျက်ရှိနေသည်။

ကျောက်ဒိုးနှင့် မိုးဖြူမှာ ညစ်ပတ်နံစော်နေသော ကမ်းခြေကို ဖြတ်ကျော်လာကြပြီး ရေအစပ်မှ ရွှံ့စေးများကို လောက်စာလုံးလုံးရန် တူးဆွနေကြ၏။



'ဟော့ကောင် မိုးဖြူ၊ ဒီလောက်ဆိုရင် လောက်စာလုံးတစ်ရာတစ်ရာ့ငါးဆယ်လောက်ရရောပေါ့၊ လာ ငါတို့ ဘုန်းကြီးကျောင်းထဲက အရိပ်ကောင်းကောင်းတစ်နေရာ သွားလုံးကြမယ်'

ကျောက်ဒိုးက ခါးပိုက်ဆောင်အတွင်း ရွှံ့ခဲကြီးထည့်လိုက်ရင်း ညစ်ပေနေသော သူ့လက်နှစ်ဖက်ကို ရေအစပ်တွင် သွားပြီးဆေးလိုက်၏။

ကျောက်ဒိုးမှာ သူငယ်ချင်းများများစားစား ရှိသူမဟုတ်။ သူအခင်ရဆုံးက သူနှင့်ရွယ်တူ ရွာအလယ်ပိုင်းမှ မိုးဖြူပင်ဖြစ်သည်။ သူတို့နှစ်ယောက်မှာ နေ့စဉ်လိုလို ဘုန်းကြီးကျောင်းဝင်းအတွင်း ဆော့ကစားလေ့ရှိပြီး တစ်ခါတစ်ရံ အိမ်ကလူကြီးများမသိအောင် ငါးဖမ်းလှေများနှင့်လည်း ပင်လယ်ထဲသို့ ခိုးကြောင်ခိုးဝှက်လိုက်သွားဖူးကြသည်။

သူတို့နှစ်ယောက် ဘုန်းကြီးကျောင်းရှိရာသို့ လျှောက်လာရာလမ်းတွင် ချောင်းရိုးလေးများကို မကြာခဏဖြတ်ရပြီး လမုပင်၊ ကျူပင်၊ ကနစိုပင်များကြားမှ တိုးကာဝှေ့ကာ ပင်လယ်ကဏန်းလေးများကို လိုက်ဖမ်းကြသည်။

တစ်ခါတစ်ခါ ကနစိုပင်များ၏ ပင်ခြေတွင်ရှိသော အငုတ်ကလေးများက ချောင့်ထောင်ထားသလို ဖြစ်နေပြီး ခြေထောက်ကို မစူးမိအောင် ဂရုတစိုက်သွားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် ဖိုးဖြူ၊ မင်း ဒီကနစိုပင်တွေ၊ ဗျူးပင်တွေနဲ့ ပတ်သက်တဲ့ပုံပြင် ကြားဖူးလား'

ကျောက်ဒိုးက ပန်းပွားများဖြာကျသလို ကျနေသည့် ဗျူးပင်၏ ရိုးတံများကို လက်ဖြင့်လှမ်းဆွဲရင်း ဖိုးဖြူကို လှမ်းမေးလိုက်၏။ ဖိုးဖြူက…

'ပုံပြင်တွေ ဘာတွေတော့ ငါမကြားဖူးဘူး၊ ရွာထဲက ကိုတောက်ထိန်ကြီးပြောတာတော့ ဒီကနစိုပင်တွေရဲ့ ပင်ခြေမှာ ထောင်ပြီးပေါက်နေတဲ့ ငုတ်ကလေးတွေက အသက်ရှူနေလို့ အဲဒီ ကနစိုပင်က အသက်ရှင်နေတယ်လို့ ပြောတာပဲ၊ အဲဒီအငုတ်ကလေး တွေကို ရေဖုံးသွားတာနဲ့တစ်ပြိုင်တည်း အပင်လည်း တစ်ခါတည်း သေရောတဲ့'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ရိုးလေးတစ်ခုကို ဟိုဘက်ဒီဘက် ဖြတ်ကျော်ပြီး ထိုးထားသည့် ဝါးတံတားလေးပေါ်သို့ တက်လိုက်ကြသည်။ ထိုဝါးတံတားလေးပေါ်မှ ကနစိုပင်များကို ငုံ့ကြည့်ရင်း ကျောက်ဒိုးက…

'ဒီလိုကွ၊ ဟိုးရှေးရှေးတုန်းက အထက်မြစ်ညာမှာ သစ်ပင် တွေ အမာပြိုင်ကြတော့ ပျဉ်းကတိုးနဲ့ အင်ကြင်းက မီးတွေထပြီး တောက်ပြကြတယ်'

'ဘာ… ဘယ်လိုမီးတောက်ပြတာလဲ'

ဖိုးဖြူက ကျောက်ဒိုးပုံပြင်ကို နားမရှင်းဘဲ ထပ်မေးလိုက် သည်။



'ငါလည်းမသိဘူးလေ။ အဲဒီပျဉ်းကတိုးသားတို့ အင်ကြင်း သားတို့က မီးရှို့ရင် မြန်မြန်တောက်တဲ့သစ်တွေဖြစ်လို့ သူတို့ သတ္တိ ကိုပြတာနေမှာပေါ့ကွာ'

'အေးပါ… ဆက်ပြောစမ်းပါဦး မင်းပုံပြင်ကို'

ဖိုးဖြူက ရယ်ကျဲကျဲအမူအရာဖြင့် ကျောက်ဒိုးကို ဆက် ပြောခိုင်းနေ၏။

'အဲဒီလိုနဲ့ကွာ၊ ဒီကနစိုနဲ့ ဗျူးပင်တွေကလည်း မီးကို ကြောက်ကြတာနဲ့ ငါတို့အခုနေတဲ့ အောက်အရပ်ကို ထွက်ပြေးလာ ကြရတာတဲ့၊ ဒီကိုရောက်တော့ ကနစိုပင်နဲ့ ဗျူးပင်တို့က သူတို့ နောက်ကို မီးတောက်ပြတဲ့ ရန်သူတွေ လိုက်မလာနိုင်အောင် ပင်ခြေ မှာ ချောင့်တွေထောင်ထားတာ၊ နောက်ပြီး ဗျူးပင်ကလည်း ခြေ တံရှည်ကင်းတဲတွေထိုးပြီး ကင်းစောင့်ပေးရတာတဲ့၊ ဟောဟိုက ဗျူးပင်ရဲ့ ရိုးတံတွေကို ကြည့်ပါလား။ မြေကြီးကိုထိပြီး အမြစ်တွေ တွယ်နေကြတာ'

ကျောက်ဒိုးလက်ညှိုးထိုးပြလိုက်သော ဗျူးပင်၏ တွဲလျား ကျနေသော ရိုးတံပေါ်မှ ရေစစ်စလိုင်ကုက်တစ်ကောင်က ရုတ်တရက် ထပျံသွားသည်။ ထို့နောက် ကျောက်ဒိုးက…

'အဲဒါနဲ့ နောက်တော့ ပျဉ်းကတိုးနဲ့ အင်ကြင်းတို့ကလည်း အောက်အရပ်က မြေနိမ့်ပိုင်းကို မလာရဲကြတော့ဘဲ သူတို့ဘာသာ သူတို့ ကုန်းမြင့်ပိုင်းမှာ သစ်မာတွေအဖြစ်နဲ့ မင်းမူနေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုဆိုက ကနုစိုတို့ ဗျူးတို့ကလည်း မီးကိုမကြောက်ရတော့ဘဲနဲ့ မြစ်ဝကျွန်းပေါ်မှာပဲ တစ်သက်လုံးနေကြတာ အခုအထိပဲတဲ့၊ ကဲ… ငါ့ရဲ့ပုံပြင်က အဲဒါပဲ'

'ဟား… ဟား… ဟား…'

ကျောက်ဒိုး၏ပုံပြင် ပြီးဆုံးသွားသောအခါ…

သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ရင်း အော်ဟစ်ရယ်မောပစ်လိုက်ကြသည်။

တဖြည်းဖြည်းနှင့် ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ဘုန်းကြီးကျောင်းအနီးမှ ရေကန်ကြီးဆီသို့ စကားတပြောပြောနှင့် ရောက်လာခဲ့ကြသည်။ ထိုရေကန်ကြီးမှာ ကြီးမားကျယ်ဝန်းပြီး ကြာပန်းများက ကန်တစ်ခုလုံး ပွင့်ချင်တိုင်းပွင့်နေကြသည်။ ထိုရေကန်ကြီးမှာ ရေရွာတစ်ရွာလုံး သောက်သုံးနေသည့် ရေကန်ကြီးဖြစ်ပြီး ကန်ကြီး၏ နှုတ်ခမ်းဘောင်မြေပြန့်ပေါ်တွင် ကျောက်သားဖြင့် ထုလုပ်ထားသော မိကျောင်းကြီးတစ်ရုပ်က အထူးအဆန်းတစ်ခုလို ဖြစ်နေသည်။ ထိုမိကျောင်းရုပ်ကြီးမှာ ပေနှစ်ဆယ်ခန့်ရှည်လျားသည်။ မျက်လုံးတစ်ဖက်မှာ ဟောင်းလောင်းပေါက်ကြီးဖြစ်နေပြီး ဦးခေါင်းပိုင်းက ရေကန်ကြီးရှိရာသို့ မျက်နှာမူလျက်ရှိနေသည်။

ထိုရေကန်ကြီး၏ မလှမ်းမကမ်းတွင် မဒမတိုင်များဖြင့် ခြေတံရှည်ရှည်ဆောက်ထားသည့် ဘုန်းကြီးကျောင်းကြီးကို လှမ်းမြင်နေရသည်။ ဘုန်းကြီးကျောင်း၏ အောက်ခြေမှ မြေပြင်မှာ



တစ်ချိန်က သောင်ထွန်းခဲ့ဟန်ရှိပြီး သောင်ခိုင်မြင့်မားလာသောအခါ သက်ကယ်မြက်များက ထူထပ်စွာပေါက်လာကြသည်။ ထိုသက်ကယ်မြက်များကြားတွင် ခရီးသီး၊ ဗျူးသီး၊ ကမ္ဗလာသီးတို့က ဒီရေနှင့်အတူ မျောပါလာပြီး သောင်တင်ကျန်ရစ်ခဲ့ကာ အခုတော့ တောကြီးတစ်ခုလို ပေါက်ရောက်နေပြီဖြစ်သည်။

ကျောက်ဒိုးက ဘုန်းကြီးကျောင်း၏ အဝင်ဝသို့ ရောက်သောအခါ…

'ဒီအချိန်ဆိုရင် အရူးကြီးဖောင်တိန်တော့ ဘုန်းကြီးကျောင်းအောက်မှာ အိပ်နေလောက်ပြီကွ၊ ငါတို့ သူ့ကိုနှိုးပြီး လောက်စာလုံးကုလုံးခိုင်းရင် မကောင်းဘူးလား ဖိုးဖြူ'

'အေး… ကောင်းသားပဲ၊ ငါတော့ သူ့ကို စိတ်ဆိုးအောင်စပြီး ထွက်ပြေးရတာကိုပဲ သဘောကျတယ်'

သူတို့နှစ်ယောက် ဘုန်းကြီးကျောင်းအောက်သို့ ရောက်သောအခါ သူတို့ထင်ထားသလို အရူးကြီးဖောင်တိန်ကို မတွေ့ကြရ။ သူအိပ်ရာ ညစ်ပေပေကြီးအပေါ်တွင် ပန်းပွင့်အကြွေများ၊ သက်ကယ်မျှင်များကိုသာ ပြန့်ကျဲထားလျက်တွေ့လိုက်ရသည်။

'ဖောင်တိန်ကြီး မရှိဘူးကွ၊ သူအိပ်တဲ့နေရာမှာလည်း ကြည့်စမ်းပါဦး၊ ဘုရားက ပန်းတွေယူလာပြီး အလှဆင်ထားလိုက်တာ'

'အေး… ဟုတ်ပြီ၊ သူ မြသဲလွန်စေတီပေါ်မှာ ရှိချင်ရှိမှာ၊ ငါတို့လိုက်သွားရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ဘုန်းကြီးကျောင်းအောက်မှ ပြန်လှည့်ထွက်လိုက်ပြီး ခပ်လှမ်းလှမ်းမှ ထုံးသင်္ကန်းများ ဖွေးဖွေးလှုပ်အောင်သုတ်ထားသည့် မြသဲလွန်စေတီလေးရှိရာသို့ ဆက်ပြီးလျှောက်လာကြသည်။

မြသဲလွန်စေတီလေးမှာ ကုန်းမို့မို့ပေါ်တွင်ဖြစ်နေပြီး ဆည်းလည်းသံတချွန်ချွန်ကိုလည်း အဝေးမှပင် ကြားနေရသည်။

မြစ်ဘက်မှ တသုန်သုန်တိုက်ခတ်နေသည့် ဆောင်းရေနံ့တို့က မြသဲလွန်စေတီလေးကို ညင်ညင်သာသာတို့ထိနေသလို ထင်ရသည်။ ဘုရားကုန်းမြေနှင့် သာသနာ့မြေ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ငါးပိ၊ ငါးခြောက်လှန်းသည့်စင်များ ရှိမနေသဖြင့် အနံ့အသက်ကင်းကင်းနှင့် မြစ်ပြင်ဘက်မှ သန့်ရှင်းလတ်ဆတ်သည့်မြေကို တဝကြီး ရှူရှိုက်ရသည်။

ထိုမြသဲလွန်စေတီ၊ ဘုန်းကြီးကျောင်းနှင့် ရေကန်ကြီးတို့မှာ အသေအချာကြည့်လျှင် သိပ်မကွာဝေးလှဘဲ ဘုန်းကြီးကျောင်းနှင့် ရေကန်မှာ တစ်တန်းတည်းဖြစ်နေပြီး မြသဲလွန်စေတီက မြစ်ကမ်းဘက်သို့ ပိုပြီးကပ်နေသည်။ ထိုနေရာသုံးခုကို အပေါ်စီးမှကြည့်လျှင် အကွာအဝေးတူသည့် တြိဂံကြီးတစ်ခုလို ဖြစ်နေသည်။

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ မြသဲလွန်စေတီလေးပေါ်ကို မြစ်ဘက်သို့လှည့်ထားသည့် စောင်းတန်းလေးမှ တက်လာခဲ့ကြသည်။ ထိုစောင်းတန်းလှေကားထစ်လေးများ၏ တစ်ဖက်တစ်ချက်တွင်



လည်း ကြီးမားသည့် မိကျောင်းရုပ်ကြီးနှစ်ခုကို ဘုရားပေါ်မှ ဆင်းလာဟန် ထုလုပ်ထားသည်ကို တွေ့ရသည်။

မြသဲလွန်စေတီရင်ပြင်ပေါ်သို့ရောက်သောအခါ ကျောက်ဒိုးက ခါးပုံစထဲမှ ရွှံ့များကိုထုတ်ကာ သမ်တလင်းနှင့် မာလာအောင်နှစ်ချက်၊ သုံးချက် ဆောင့်ချပြီး နှဲလိုက်၏။ ဖိုးဖြူကတော့ ဘုရားရင်ပြင်ကို တစ်ပတ်ပြည့်အောင် ပတ်လိုက်ပြီး အရှုံးဖောင်တိန်ကို လှည့်ပတ်ရှာဖွေလိုက်သည်။

'ဟေ့ကောင် ကျောက်ဒိုး၊ အရှုံးဖောင်တိန် ဒီမှာလည်း မရှိဘူးကွ'

'မင်းကလည်း အရှုံးပါဆိုမှ နေရာအတည်ကျနေပါ့မလားကွ၊ သူသွားချင်ရာ လျှောက်သွားနေတာနေမှာပေါ့'

ကျောက်ဒိုးက အနည်းငယ်မာကျောသွားသည့် ရွှံ့တုံးကြီးမှ အနေတော် ရွှံ့လုံးကလေးများကို ဖဲ့ယူလိုက်ပြီး သူ့လက်ထဲတွင် လှိမ့်ကာ လုံးနေ၏။ ထို့နောက် ဖိုးဖြူကပါ စကားတပြောပြောနှင့် လောက်စာလုံးများကို ဝင်ပြီးလုံးနေတော့သည်။

သိပ်မကြာလိုက်ခင် သူတို့ယူလာသည့် ရွှံ့တုံးကြီးမှာ တဖြည်းဖြည်း သေးငယ်လာပြီး လောက်စာလုံးလေးများအဖြစ်သို့ ရောက်သွားကြသည်။ ဖိုးဖြူက ကျောက်ဒိုးလုံးပြီးသား လောက်စာလုံးများကို ဘုရားရင်ပြင်ပေါ်တွင် အစီအရီတန်းကာ နေလှန်းပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖိုးဖြူ၏ နောက်ကျောပေါ်မှ ရှည်ရှည်လျား လျား အရိပ်ကြီးတစ်ခု ကျရောက်လာသည်။ ဖိုးဖြူလှန်းနေသည့် လောက်စာလုံးအားလုံးမှာလည်း ထိုအရိပ်မည်းကြီးကြောင့် နေရောင်ကွယ်သွား၏။ ဖိုးဖြူက သူ့နောက်ကျောမှ အရိပ်ကြီးကို အလန့်တကြားဖြင့် လှည့်ကြည့်လိုက်၏။

'ဟင်… ဖောင်တိန်'

'ဟား… ဟား… ဟား… မင်းတို့နှစ်ယောက် ငါ့ကိုမြင်ပြီး လန့်သွားတာမဟုတ်လား'

အရူးဖောင်တိန်၏ ရယ်မောသံကြီးကြောင့် ကျောက်ခိုးက ပါ လှမ်းကြည့်လိုက်သည်။

'ခင်ဗျားကို ဘာဖြစ်လို့ လန့်ရမှာလဲ၊ ဒီဘုရားကုန်းပေါ်မှာ ခင်ဗျား တစ်နေရာမဟုတ် တစ်နေရာမှာရှိမယ်ဆိုတာ ကျွန်တော်တို့ အစောကြီးကတည်းက သိပြီးသား'

ကျောက်ခိုးက သူ့လက်ထဲတွင် လုံးလက်စရွှံ့လုံးဖြင့် ဖောင်တိန်ကို လှမ်းပစ်ပေါက်လိုက်သည်။ အရူးဖောင်တိန်မှာ အသက် လေးဆယ်ဝန်းကျင်လောက်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ နှင့် သူ့ရုပ်ရည်က ပိုပြီးအိုစာနေသလိုထင်ရသည်။ သူ၏ တစ်ထည် တည်းသော ကုတ်အင်္ကျီကြီးကို နေပူမရှောင် မိုးရွာမရှောင် အမြဲ တစေဝတ်ထားသဖြင့် အရောင်အဆင်းမရှိဘဲ အနံ့အသက်ပေါင်းစုံ တို့က ထွက်နေလျက်ရှိသည်။ ဒီဇရာရွာတွင်လည်း သူမသိသည့်



အကြောင်းက ခပ်ရှားရှားပင်ဖြစ်၏။ တစ်ခါတစ်ခါ ပုံတိုပတ်စ များကို ပြောပြနေသည့်အခါများတွင် သူ့မျက်နှာမှာ ကလေး တစ်ယောက်လို ရွှင်မြူးနေတတ်သည်။

'အေးလေ… မင်းတို့က ငါ့ကိုမြင်နေကျဆိုတော့ ဘယ် ကြောက်မလဲ။ ဟိုဘက်ရွာက ကလေးတွေကတော့ ငါ့ကိုမြင်တာနဲ့ ပြေးကြတော့တာပဲ၊ ဟား… ဟား…'

အရူးဖောင်တိန်မှာ သူ့ကုတ်အင်္ကျီဖားဖားကြီးကို လက် နှစ်ဖက်ဖြင့် ယပ်ခတ်သလို တဖျတ်ဖျတ်ခတ်ရင်း ဟားတိုက်ရယ် မောနေပြန်သည်။ ထို့နောက် သူ့အင်္ကျီအောက်အိတ်ထဲတွင် ဝှက်ပြီး ယူလာသည့် ငါးကွမ်းရှပ်ခြောက်ဖုတ် လက်လေးသစ်သာသာ လောက်ကို ဆွဲထုတ်ကာ ကျောက်ခိုးနှင့် ဖိုးဖြူတို့ကို အတင်းကျွေး နေ၏။

'ရော့… စားလေ၊ စားစမ်းပါကွ၊ ဟိုဘက်ရွာက ငါ့ကို လက်ဆောင်ပေးလိုက်တာ'

ဘာပဲပြောပြော ဖောင်တိန်က ရူးရူးနှမ်းနှမ်းသာဖြစ်နေ သည်။ ကျောက်ခိုးနှင့် ဖိုးဖြူကိုတော့ အခင်အမင်မပျက်။ သူ့တွင် ရှိသမျှကို တောင်းတိုင်းပေးလေ့ရှိသည်။ အခုလည်း ကျောက်ခိုး နှင့် ဖိုးဖြူက မစားသဖြင့် စောင်းတန်းအတက်အဆင်းထိပ်တွင် ထိုင်ကာ သူ့ငါးခြောက်ဖုတ်ကို ယိုင်နဲ့နေသည့်သွားများဖြင့် ကိုက်ဖဲ့ စားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးနှင့် ဖိုးဖြူမှာ စောင်းတန်းလှေကားထစ်များ၏ တစ်ဖက်တစ်ချက်ရှိ ကျောက်မိကျောင်းရုပ်ကြီးပေါ်သို့ ခွထိုင်ကာ အရှုးကြီးဖောင်တိန်ကို အမျိုးမျိုးစနောက်နေ၏။ ဖောင်တိန်ကတော့ ငါးခြောက်ပြားကို အရိုးအရင်းပါမကျန် ဂျိုးဂျိုးဂွျတ်ဂွျတ်နှင့်ဝါးရင်း ကျောက်ဒိုးနှင့် ဖိုးဖြူတို့ စနောက်နေသည်ကို သဘောကျလျက် ပြုံးဖြီးဖြီးလုပ်နေ၏။

ကျောက်ဒိုးက…

'ဘုရားစောင်းတန်း လေးဖက်စလုံးမှာမှ ဒီစောင်းတန်း တစ်ခုတည်း မိကျောင်းရုပ်ကြီးတွေရှိတာ အံ့သြစရာပဲနော် ဖိုးဖြူ'

'ဟိုဘက်က စောင်းတန်းတွေမှာ မိကျောင်းရုပ်ကြီးနှစ်ရုပ် လုပ်ဖို့ အင်္ဂတေမရှိတော့လို့နေမှာပေါ့ကွ'

ဖိုးဖြူက ကျောက်ဒိုး၏ စကားကို အပြောင်အပျက်ဝင်ပြော လိုက်၏။ ဖောင်တိန်က သူ့ပါးစပ်ကို ကုတ်အကျီသည်စ်ထေးထေးကြီး နှင့် ကပျာကယာသုတ်လိုက်ရင်း ခေါင်းတခါခါနှင့်…

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မြစ်ဘက် ချောင်းဘက်လှည့်ထား တဲ့ ဘုရားစေတီတို့ရဲ့ စောင်းတန်းတွေမှာ ဒီလိုမိကျောင်းရုပ်ကြီး တွေကို ဟိုရှေးခေတ်ကတည်းက တမင်ထုထားခဲ့ကြတာ'

အရူးဖောင်တိန်၏ စကားကြောင့် ကျောက်ဒိုးရော ဖိုးဖြူပါ တအံ့တသြဖြစ်သွားကြသည်။ သူတို့ရှေ့မှ လှေကားထစ်များပေါ် တွင် ဆံပင်များ ဖွာလန်ကျဲပြီး ညစ်ပတ်ပေရေနေသည့် အရူးကြီး



တစ်ယောက်ထံမှ ယခုကဲ့သို့ ဒဏ္ဍာရီဆန်ဆန်၊ သမိုင်းဆန်ဆန် စကားလုံးများကို မထင်မှတ်ဘဲကြားလိုက်ရသည့်အတွက် ကျောက် ဒိုးနှင့် ဖိုးဖြူမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကြသည်။

ထို့နောက် အရူးဖောင်တိန်က ဆက်ပြီးပြောပြန်၏။

'အဲဒီမိကျောင်းရုပ်ကြီးနှစ်ရုပ်က လပြည့်၊ လကွယ်ညဆို အသက်ဝင်ပြီး လှုပ်လှုပ်ရှားရှားဖြစ်တတ်တယ်၊ ဒါပေမဲ့ ငါ့အသက် က အခု ဆယ့်ငါးနှစ်ရှိပြီ၊ ဒီမိကျောင်းကြီးနှစ်ကောင် လှုပ်တာ တစ်ခါမှမတွေ့ဖူးသေးဘူး'

'ဟား… ဟား… ဟား… ခင်ဗျားက အခုမှ အသက် ဆယ့်ငါးနှစ်ပဲ ရှိသေးတာကိုး၊ ဟုတ်မယ် ဟုတ်မယ်၊ ဒါကြောင့် မို့လို့ ဟိုဘက်ရွာကို လူပျိုလှည့်ပြီးသွားသွားနေတာ'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ အရူးကြီးဖောင်တိန်၏ ခပ်တည် တည်နှင့်ပြောလိုက်သောစကားကြောင့် သဘောကျပြီး တဟားဟား နှင့် အော်ပြီးရယ်နေကြသည်။ တကယ်တော့ စိတ်လိုလက်ရပြော လိုက်သော သူ့စကားများမှာ တစ်ခါတစ်ခါ တကယ်ပဲလားဟူ၍ ပင် ထင်ရသည်။ ကျောက်ဒိုးက တဟားဟားရယ်နေရာမှ…

'ဟိုဘက်က စောင်းတန်းတွေမှာ မိကျောင်းရုပ်ကြီးနှစ်ရုပ် လုပ်ဖို့ အင်္ဂတေမရှိတော့လို့ နေမှာပေါ့ကွ'

အရူးဖောင်တိန်မှာ ထိုင်နေရာမှ စောင်းတန်းလှေကားထစ် တစ်ထစ်ပေါ်သို့ နောက်ပြန်လှမ်းတက်လိုက်ပြီး ရေကန်ကြီးရှိရာ သို့ မျှော်ကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ကျောက်ကိုထွင်းထားတဲ့ မိကျောင်းမဟုတ်ဘူး၊ မိကျောင်းကို ကျောက်ဖြစ်အောင် လူတွေက လုပ်ထားကြတာ၊ မင်းတို့အမြင်မှာတော့ ကျောက်ရုပ်မိကျောင်းကြီးပဲ၊ တစ်ချိန်မှာ အဲဒီအရုပ်ကြီးက မိကျောင်းပြန်ဖြစ်လာပြီး ရေကန်ထဲကို သူ့အလိုလိုဆင်းသွားမှာ'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ဖောင်တိန်၏ စကားကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် ဖောင်တိန်က ဆက်ပြီး ပြောပြန်၏။

'အဲဒီကျောက်မိကျောင်းကြီးရဲ့ မျက်လုံးတစ်ဖက်ဟာ မင်းတို့မြင်တဲ့အတိုင်း ဟောင်းလောင်းကြီးဖြစ်နေတာ သိုက်ဆရာတွေကြောင့်ပဲ၊ သင်းတို့က သိုက်ဖော်ဖို့ကြိုးစားရင်း အဲဒီမျက်လုံးကို ကလော်ပြီး ထုတ်သွားကြတာ'

အရူးဖောင်တိန်၏ မျက်လုံးများမှာ ပြောနေရင်းနှင့်ပင် ဂနာမငြိမ်တော့။ တစ်စုံတစ်ယောက်ကို ဒေါသထွက်လာနေဟန် သူ့အသားတွေက တဆတ်ဆတ်တုန်နေ၏။ ထိုသို့ ဒေါသထွက်နေပြီး သိပ်မကြာခင်မှာပင် သူ့စိတ်တွေက ပျော့ပျောင်းလာသလို ရွှင်ရွှင်မြူးမြူးဖြစ်လာပြန်၏။

'ဒီမိကျောင်းကြီးက ခေါင်းသုံးတောင်ပြည့်ရင် လူဖြစ်အောင်ဖန်ဆင်းလို့ရပြီ၊ အဲဒီအခါကျမှ ဒီရေကန်ထဲကို သူ့အလိုလိုဆင်းသွားပြီး အဲဒီကောင်တွေကို ကိုက်မှာ၊ ဟီး… ဟီး… ဟီး၊ ဟား… ဟား… ဟား'



ဖောင်တိန်၏စကားတွေက စိတ်မနှံ့သူပီပီ အဆက်အစပ်မရှိ ဟိုရောက်ဒီရောက်နှင့် ဖြစ်နေ၏။ တစ်ခါတစ်ခါ သူပြောပြီးသည့်စကားတစ်ခွန်းကို နောက်တစ်ခါထပ်ပြီး ပြန်မေးကြည့်လျှင် ပထမတုန်းက ပြောသလို မဟုတ်တော့ပြန်ချေ။

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ အရူးကြီးဖောင်တိန်ကိုကြည့်ရင်း စချင်နောက်ချင်သလိုဖြစ်လာပြီး…

'အဓိပ္ပာယ်မရှိတာဗျာ'

'ဒီမှာ ဖောင်တိန်ကြီး၊ မဖြစ်နိုင်တာတွေကို လျှောက်မပြောနဲ့၊ ကျွန်တော်တို့က ခင်ဗျားလို စိတ်မနှံ့တဲ့ကောင်တွေ မဟုတ်ဘူး'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ အရူးကြီးဖောင်တိန်၏ ယုတ္တိမဆန်သော စကားကို မခန့်လေးစားနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ အရူးကြီးဖောင်တိန်မှာ သူ့ကုတ်အင်္ကျီကြီးကို ကော်လံစနှစ်ဖက်မှ ဆွဲမယူကာ ခေါင်းပေါ်သို့ ဆွဲခြုံလိုက်ပြီး ကျောက်ဒိုးဘက်သို့ လှည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးလျက်…

'အေး… ငါပြောတာ နားမထောင်ဘဲ မယုံသင်္ကာလုပ်ခဲ့လို့ နင့်အဖေ ရာကျော်လည်း သေတဲ့ဘဝရောက်ခဲ့ရတာပဲ မဟုတ်လား'

ကျောက်ဒိုးမှာ ဖောင်တိန်၏စကားကြောင့် ကျောက်ရုပ်တစ်ရုပ်လို တွေတွေငိုင်ငိုင်ကြီးဖြစ်သွားရသည်။

'ငါ့အဖေ ငါ့အဖေသေရတာ ဖောင်တိန်ပြောသလို ဒီ

www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကြီးတွေနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ၊ ငါမြစ်ထဲမှာ ရေသွားချိုးပြီးပြန်လာတော့ အမေက နင်လည်း နင့်အဖေလိုပဲ ခေါင်းသိပ်မာတာလို့ပြောပြီး ကျူရိုးနဲ့လွဲလွဲပြီး အရိုက်ခံခဲ့ရတယ်။ အဖေက တကယ်ပဲ ဒီမြစ် ဒီမိကျောင်းကြီးတွေနဲ့ ဆက်စပ်နေခဲ့တာပဲလား'

ကျောက်ဒိုးအတွေးတွေမဆုံးခင် အရူးကြီးဖောင်တိန်က အနားမှာမရှိတော့။ ဖိုးဖြူက ကျောက်ဒိုးဆားသို့ ရောက်လာကာ…

'မင်းအဖေသေတာ ဘယ်လိုဖြစ်ပြီး သေတာလဲကွ'

ကျောက်ဒိုးမှာ နေလှန်းထားသော လောက်စာလုံးများကို ကောက်ယူသိမ်းလိုက်ပြီး…

'ငါ့အဖေသေတာ ငါတစ်နှစ်သားလောက်ပဲ ရှိသေးတယ် ပြောတာပဲ၊ ဘာမှလည်း သေသေချာချာ မမှတ်မိပါဘူးကွာ၊ အိမ်ရောက်မှ အမေ့ကို ပြန်မေးကြည့်ဦးမယ်၊ ဒါပေမဲ့ အမေ့ကို ကြည့်ရတာ ဒီအကြောင်းတွေကို ပြန်ပြောချင်ပုံတော့ မရဘူး'

ဖိုးဖြူက အခြောက်ခံပြီးသား လောက်စာလုံးတွေကို ကောက်ကာ ကျောက်ဒိုး၏ ခါးပုံစထဲသို့ လက်နှစ်ဖက်ဖြင့် ကူပြီး ထည့်ပေးနေ၏။

'ဒါဆိုလည်းကွာ မင်းအဖေအကြောင်းကို တခြားသိတဲ့လူ တစ်ယောက်ယောက်တော့ ရှိမှာပေါ့'

မြသဲလွန်စေတီလေးပေါ်မှ မိကျောင်းရုပ်ကြီးနှစ်ရုပ်ရှိသည့်



စောင်းတန်းလေးအတိုင်း သူတို့နှစ်ယောက် ပြန်ဆင်းလာခဲ့သည်။

အပြန်လမ်းတစ်လျှောက်လုံး အရူးကြီးဖောင်တိန်၏ စကားများက ကျောက်ဒိုးနားထဲတွင် ပဲ့တင်ထပ်လျက် ပြန်ကြားနေရသည်။

သူတို့နှစ်ယောက် လျှောက်လာရာ ရွာအနီးမှ ကမ်းသောင်ပြင်တစ်လျှောက် လှေများကို ဒေါက်ပေါ်တွင် မှောက်ခုံထားပြီး ပွေးညှက်နှင့် ဖာထေးနေသူများ၊ ငါးကို ခွဲကာ နေလှန်းနေသူများကို တွေ့ရသည်။ မြစ်ဘက်မှ တသုန်သုန်တိုက်ခတ်နေသည့် လေယာဉ်... 

ဝဲလွှင့်နေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

သဲသောင်ပြင်တစ်လျှောက်လုံးမှာ ပိုက်ကွန်များ အတန်းလိုက်ချိတ်ဆွဲထားပြီး ထိုငါးဖမ်းပိုက်များကို ဖာသည့်လူက ဖာ၊ ရက်သည့်လူက ရက်ဖြင့် တစ်ရွာလုံးမှာ ကိုယ့်အလုပ်နှင့်ကိုယ်ချည်း ဖြစ်နေကြသည်။ အများစုမှာ အပေါ်အင်္ကျီမပါကြဘဲ မိန်းမများကတော့ ထဘီရင်လျားတွေနှင့်သာ များသည်။ အထူးသဖြင့် ကလေးအများစုမှာ ဗိုက်ပူနံကားတွေချည်း ဖြစ်နေသည်။

ကျောက်ဒိုးတို့အိမ်လေးမှာ မဒမတိုင်များဖြင့် မြေစိုက်ဆောက်ထားပြီး အမိုးကို သက်ကယ်များမိုးထားကာ ဘေးပတ်ပတ်လည်ကိုတော့ ယင်းလိပ်များဖြင့် ကာရံထား၏။ ထိုယင်းလိပ်များမှာလည်း ငါးထောင်ငါးဖမ်းလျှင် အသုံးပြုသော ယင်းလိပ်များပင် ဖြစ်၏။ ကျောက်ဒိုး၏အမေ မပန်းမြမှာ မခွဲမစိတ်ရသေးသော ငါးများကို ရွာထဲမှသက်သာသည့်ဈေးနှင့်ယူပြီး ခွဲခြမ်းဆားနယ်ကာ အဝယ်ဒိုင်သို့ ပြန်သွင်းသည့်အလုပ်ကို လုပ်ရသည်။



‘ကျောက်ဒိုးရေ၊ ဟိုဘက်က ဝါးတန်းပေါ်က ငါးယောင်တွေကို ဒီကိုယူခဲ့စမ်း’

ကျောက်ဒိုးမှာ ခါးပိုက်ဆောင်ထဲမှ လောက်စာလုံးများကို မီးဖိုဘေးမှ ဇကာထဲသို့ သွန်မှောက်ထည့်လိုက်ပြီး ဝါးတန်းတွင် နေလှန်းထားသည့် ငါးယောင်ခြောက်များကို သူ့အမေ မပန်းမြရှိရာသို့ သယ်မသွား၏။

‘ပန်းမြ… ပန်းမြရေ’

အိမ်ရှေ့မှ ခေါ်သံကြောင့် မပန်းမြမှာ နယ်လက်စ ဆားများကို လက်မှခါထုတ်လိုက်ရင်း…

‘ဩော်… ကိုသာရင်၊ လာလေ အိမ်ထဲကို’

ကိုသာရင်မှာ သက်ကယ်များအုပ်မိုးထားသည့် မပန်းမြတို့ အိမ်အောက်သို့ ခါးပတ်ခလောက်ကလေးကို ချွတ်ကာ ငုံ့ပြီး ဝင်လိုက်၏။

‘နင့်သား ကျောက်ဒိုးရော’

ကိုသာရင်မှာ မပန်းမြတို့အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျောက်ဒိုးကို ရှာဖွေသလိုနှင့် လှည့်ပတ်ပြီးကြည့်လိုက်သည်။ မပန်းမြကတော့ ကိုသာရင်တစ်ယောက် ကျောက်ဒိုးကို လာရှာပြီဆိုကတည်းက ဦးစက်ရှင်တို့အိမ်က အခေါ်ခိုင်းလိုက်မှန်း အလိုလို သိလိုက်သည်။

‘ဘာလဲ ကိုသာရင် ဦးစက်ရှင်တို့အိမ်က အခေါ်ခိုင်းလိုက်ပြန်ပြီလား’

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးမှာ ထိုအသံများကို နေ့စဉ်နှင့်အမျှ ကြားနေရသဖြင့် စိတ်ပျက်ငြီးငွေ့လာသည်။ ဖြစ်နိုင်လျှင် ထိုစက်ရှင်ဆိုသည့်လူကြီးနှင့် သူ့မိန်းမ ဒေါ်ကြာစိတ်တို့၏ မျက်နှာများကို လုံးဝမကြည့်ချင် မမြင်ချင်တော့။

'အေးဟာ... ပန်းမြရာ၊ ဘာခိုင်းမယ် မသိပါဘူး၊ ငါ့ကို အခုပါအောင် ခေါ်ခဲ့ဆိုလို့'

ကိုသာရင်မှာ ထိုစက်ရှင်တို့အိမ်မှ လယ်များကို စာရင်းငှားလုပ်နေရသူတစ်ဦးဖြစ်ပြီး လိုအပ်လျှင် သူတို့အိမ်မှ လှေထိုး၊ ငါးဖမ်းအလုပ်များကိုပင် ဝင်ရောက်လုပ်ကိုင်ပေးရသေးသည်။ ရသည့်ပိုက်ဆံနှင့် လုပ်ရသည့်အလုပ်က မမျှသဖြင့် ကိုသာရင်မှာ စိတ်ပျက်ပြီး တညည်းညည်း တညူညူဖြစ်နေသည်။

'ဟူး... ဒုက္ခပါပဲ ကိုသာရင်ရယ်၊ ကျွန်မတို့လည်း သူ့ဆီမှာ အကြွေးလေးတင်နေမိတာနဲ့ တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို အမျိုးမျိုး ခေါ်ခိုင်းနေတော့တာပဲ၊ အမေလည်း မနေရ သားလည်း မနေရနဲ့ စိတ်ညစ်ပါတယ်၊ ကျွန်မသားလေး ကျောက်ဒိုးက အရွယ်တောင်မရောက်သေးဘူး၊ နေ့ရော ညရော တွင်တွင်ခေါ်ခိုင်းနေတော့တာပဲ'

မပန်းမြမှာ ကိုသာရင်ကို မာတ်ဘူးအဟောင်းလေးထဲမှ ရေနွေးကြမ်းများကို ငှဲ့ထည့်ပေးလိုက်ရင်း သက်ပြင်းရှည်ကြီးတစ်ချက်ကိုချကာ နွမ်းနွမ်းလျလျလေသံဖြင့် ပြောလိုက်သည်။

'အေးလေ မပန်းမြရယ်၊ ဘယ်တတ်နိုင်မှာလဲ၊ နင်တို့ ငါတို့တွေဟာ သူ့ဆီမှာ အကြွေးတွေတင်နေမိတော့ ငါတို့ဘဝဟာ



ဒီအကြွေးတွေကို ဘဝနဲ့ရင်းပြီး ဆပ်နေရတော့တာပေါ့'

ကျောက်ဒိုးက သူ့အမေ မပန်းမြနှင့် ဦးသာရင်တို့ ပြောနေကြသည့်အသံများကို မဒမတိုင်ကိုမှီရင်း နားစိုက်ထောင်နေမိသည်။ ရင်ထဲတွင်လည်း သူ့အမေတင်နေသည့် အကြွေးတွေက ဘယ်လောက်တောင်များနေပြီလဲဆိုသည်ကို သိချင်နေမိသည်။ နောက်ပြီး သူ့အမေကိုလည်း အရမ်းသနားနေမိပြန်သည်။

'ကဲ... သားရေ၊ ကျောက်ဒိုးက သွားလိုက်ပါဦးကွယ်၊ ဦးစက်ရှင်တို့က ခိုင်းစရာရှိလို့တဲ့'

ကျောက်ဒိုးမှာ မပန်းမြကို ဘာတစ်ခွန်းမှ ပြန်မမေးတော့ဘဲ အိမ်ထဲမှ ခေါင်းငိုက်စိုက်ချကာ ထွက်လာလိုက်သည်။ သူ့ရင်ထဲတွင်လည်း ဦးစက်ရှင်တို့လင်မယားအပေါ် အတော်ကလေးပင် ခံပြင်းနေမိသည်။

'သားရေ လူကြီးတွေခိုင်းတာကို သေသေချာချာလုပ်ပေးလိုက်နော်၊ ဘာမှပြန်ပြီး ခံမပြောနဲ့ ကြားလား'

အိမ်ထဲမှ အမေမပန်းမြ လှမ်းပြီးမှာလိုက်သည့်အသံကို ကျောက်ဒိုးက လှည့်မကြည့်ဘဲ ပြန်ပြောလိုက်၏။

'ဟုတ်ကဲ့ အမေ'

ဟုတ်ကဲ့လို့သာ ပြန်ပြောလိုက်ရသော်လည်း ကျောက်ဒိုး၏ အံတွေက တင်းတင်းကြိတ်ထားမိနေသည်။ တစ်ခါတစ်ခါ ကလေးသဘာဝ လွတ်လွတ်လပ်လပ် ဆော့ကစားချင်သော်လည်း ကျောက်ဒိုးမှာ ဦးစက်ရှင်တို့ အိမ်အလုပ်များကို လုပ်ကိုင်ပေးနေရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ဝမ်းနည်းလာသလိုလို ဖြစ်နေမိသည်။ အထူးသဖြင့် အခုလိုအချိန်မျိုးတွင် သူငယ်ငယ်ကတည်းက သေဆုံးသွားသည့် သူ့အဖေကိုလည်း တမ်းတမ်းတတဖြစ်နေမိသည်။

ခပ်ဝေးဝေးမှ မြစ်ရေပြင်ပေါ် ရုပ်ပြီး ပျံသွားကြသည့် ဗျိုင်းဖြူဖြူတစ်အုပ်ကို လှမ်းမြင်လိုက်ရသည်။ ကျောက်ဒိုးက ဗျိုင်းဖြူဖြူအုပ်ကြီးကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း…

'တိရစ္ဆာန်တွေတောင်မှ ကိုယ်သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ်သွားခွင့်ရှိကြတယ်၊ ငါနဲ့အမေကတော့ ဒီကောင်းကင်ကြီးထဲမှာ ဘယ်အချိန်မှ လွတ်လွတ်လပ်လပ်ပျံသန်းနိုင်တော့မှာလဲ'

ကျောက်ဒိုးမှာ တဖြည်းဖြည်းလျှောက်လာရင်း ရေကန်ကြီးနားသို့ ရောက်လာသည်။ ဦးစက်ရှင်တို့အိမ်မှာ ထိုရေကန်ကြီး၏ အနောက်ဘက်ကို အနည်းငယ်လျှောက်သွားပြီး အုန်းခြံကြီး၏ အလယ်တည့်တည့်တွင် ရှိသည်။ ထိုအုန်းခြံကြီးမှာလည်း ဦးစက်ရှင်တို့ပိုင်ဖြစ်ပြီး တစ်ခါတစ်ခါ ခြံထွက်အုန်းသီးများကို ဘိုကလေးဘက်သို့ စက်လှေနှင့် နှစ်စီးတိုက်ပြီး ပို့ရသည်အထိ အုန်းသီးများမှာ အသီးသန်ကြသည်။

ကျောက်ဒိုးက ရေကန်ဘက်ကို ခေါင်းလှည့်နေသော ကျောက်မီကျောင်းရုပ်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အရူးကြီးဖောင်တိန်ပြောသည့် စကားများကို ပြန်ပြီးကြားယောင်နေမိသည်။

ဦးစက်ရှင်တို့ အိမ်အနောက်ဘက်တွင် ရေချိုတွင်းတစ်တွင်း



ရှိပြီး ထိုရေချိုတွင်းမှ ရေများကို ကျောက်ဒိုးက ဝါးမောင်းတက်ဖြင့် ဆွဲငင်ကာ စဉ့်အိုးကြီးများထဲသို့ သွားဖြည့်ပေးရ၏။ ဦးစက်ရှင်တို့အိမ်မှ စဉ့်အိုးကြီးများမှ လေး၊ ငါး၊ ဆယ်လုံးထက်မနည်းသဖြင့် ကျောက်ဒိုးမှာ အခေါက်ခေါက်အခါခါ ခပ်ရင်း လက်အံများပင် သေစပြုလာသည်။

'တောက်… ငါ ဒီလောက် နေ့တိုင်းလုပ်ပေးနေတာ မုန့်လေးဘာလေးတောင် ကျွေးဖော်မရဘူး၊ ကပ်စေးကလည်း နည်း၊ အကျင့်ကလည်း ပုတ်၊ ဘယ်လိုမိန်းမကြီးလဲ မသိဘူး'

ကျောက်ဒိုးမှာ အိမ်နောက်ဘက် ရေကပြင်တွင် ဆောင့်ကြောင့်ထိုင်နေသော ဦးစက်ရှင်၏မိန်းမ ဒေါ်ကြာစိကိုကြည့်ကာ မျက်စောင်းထိုးပြီး မကြားတကြား လှမ်းပြောလိုက်၏။

ထိုစဉ် စဉ့်အိုးနှုတ်ခမ်းနှင့် ရေဆွဲပုံးတို့မှာ လွဲသွားသဖြင့် ရေများက ဘေးသို့ ဖိတ်လျှံကျကုန်၏။

'ဟဲ့… ဟဲ့… အမလေး… ငါ့ရေတွေ ကုန်ပါပြီ၊ နင်ဟာလေ အလုပ်ကို လက်ကြောတင်းအောင်ကို မလုပ်ချင်ဘူး၊ ဒါကြောင့်မို့လို့လည်း နင်တို့တွေ အခုလိုဒုက္ခရောက်နေတာ သိရဲ့လား၊ သွား… သွား တော်ပြီ၊ နင့်ကိုခိုင်းရတာ ငါ့မျက်စိရော၊ ပါးစပ်ရော တစ်စက်ကလေးမှ အငြိမ်မနေရဘူး၊ လိုက်ကြည့်ပြီး ပြောနေရတာပဲ၊ ဘယ်လိုအကောင်လေးမှန်းကို မသိဘူး'

ကျောက်ဒိုးမှာ ဒေါ်ကြာစိစကားကြောင့် လက်ဆွဲရေပုံးကို မြေကြီးပေါ် မသိမသာ ဆောင့်ချလိုက်သည်။ ထို့နောက် အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ ဘေး အုန်းပင်များကြားမှ ပတ်ကာ အိမ်သို့လှည့်ပြန်လာခဲ့တော့သည်။

'ဟင်… အဘွားကြီးက စဉ့်အိုးတွေလည်း အားလုံးရေတွေပြည့်ရော သူ့မျက်စိတွေ ပါးစပ်တွေက အလိုလို့နေရင်း အငြိမ်မနေရ ဖြစ်လာရော'

ကျောက်ဒိုး အိမ်သို့ပြန်လာရာလမ်းမှာ အုန်းခြံကြီးကိုလွန်သည်နှင့် အတော်ကလေးပင် မှောင်မိုက်စပြုလာနေပြီဖြစ်သည်။ ဟိုမှ ဒီမှ အုပ်ဖွဲ့၍ ပျံသန်းလာကြသော ငှက်အုပ်များက သူတို့အိပ်တန်းရှိရာ အုန်းပင်မြင့်မြင့်ကြီးများပေါ်သို့ ဆူဆူညံညံ အော်ဟစ်ရင်း အလုအယက်တိုးဝှေ့နေကြသည်။

အသက်အရွယ်နှင့်မမျှဘဲ လုပ်နေရသော အလုပ်များ၏ ဒဏ်ကြောင့် ကျောက်ဒိုးတစ်ကိုယ်လုံးမှာ ကိုင်ရိုက်ထားသလို တဆစ်ဆစ် နာကျင်ကိုက်ခဲလျက်ရှိနေသည်။ စိတ်ရော လူရော ပင်ပန်းခံရသဖြင့် ခေါင်းတစ်ခုလုံးမှာလည်း နောက်ကျိနေ၏။ အထူးသဖြင့် ဦးစက်ရှင်တို့ လင်မယားက သူတို့သားအမိအပေါ် မောက်မာရက်စက်သည့် စကားလုံးများကို ပြောတိုင်း ကလေးပီပီ တွေ့ရာနှင့် ကောက်ပြီးပေါက်ပစ်လိုက်ချင်သည့်စိတ်ကို အတင်းမျိုသိပ်ထားရသည်။

'ဂစ်… ဂစ်… ဂစ်'

ရုတ်တရက် ကျောက်ဒိုးခေါင်းပေါ်မှ ကပ်ပြီးပျံသွားသည့် ညငှက်တစ်ကောင်ကြောင့် ကျောက်ဒိုး၏ဆံပင်များ လေဟပ်ပြီး



လှုပ်ခါသွား၏။ ထိုညငှက်မှာ ကျောက်ဒိုးရှေ့ခပ်လှမ်းလှမ်းမှ ရေကန်ကြီးအနီး အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ကောင်းကင်မှ ပြိုးပြိုးပျက်ပျက်နှင့် လင်းလက်နေသော ကြယ်များ၏အလင်းရောင်က ကန်ရေပြင်မျက်နှာစာပေါ်တွင် ဟိုတစ်စက် ဒီတစ်စက် ကျဲပက်ထားသလိုဖြစ်နေ၏။ ကျောက်ဒိုးမှာ ထိုရေကန်ကြီးနားသို့ရောက်တိုင်း အရှုးဖောင်တိန်ပြောသည့် ကျောက်မိကျောင်းရုပ်ကြီး၏အကြောင်းကို စိတ်က အလိုလို ပြန်တွေးကြည့်နေမိသည်။

ထိုကျောက်မိကျောင်းရုပ်ကြီး၏ဘေးမှဖြတ်ကာ ကျောက်ဒိုးက ရေကန်အစပ်နားသို့သွားပြီး ရေကို လက်ခုပ်ဖြင့်ခပ်ကာ ကိုယ်လက်သုတ်သင်လိုက်သည်။

'ဘာပဲပြောပြော ကျောက်ဖြစ်နေတဲ့ ရုပ်တုကြီးတစ်ခုက လှုပ်ရှားတယ်ဆိုတာ အရူးပဲယုံမယ်'

ကျောက်ဒိုးလက်ခုပ်ဖြင့်ခပ်ပြီး ဆေးကြောနေသည့် ကန်ရေပြင်၏အောက်ခြေတွင် ရဲရဲနီနေသည့် အလုံးနှစ်လုံးက လှုပ်ခတ်နေသော ရေမျက်နှာပြင်အတိုင်း လူးလူးလွန့်လွန့်ဖြစ်နေ၏။

'ဟင်'

ကျောက်ဒိုးက လက်နှစ်ဖက်မှ ရေစက်ရေပေါက်တို့ကို အကျီရင်ဘတ်နှင့်သုတ်လိုက်ရင်း လှုပ်ရှားနေသော ကန်ရေပြင်မျက်နှာကို ငြိမ်သွားအောင် ခဏစောင့်ပြီး ကြည့်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကန်ရေပြင်မှ လှိုင်းဂယက်တို့ ငြိမ်သွားသောအခါ စောစောက ကျောက်ဒိုးမြင်လိုက်ရသည့် ရဲရဲနီနေသည့် အလုံးနှစ်လုံးမှာ ရေအောက်တွင် ပျောက်ခြင်းမလှ ပျောက်သွား၏။

ထိုစဉ်…

'ရှူး…'

'ဘုတ်… ဘုတ်'

ကျောက်ဒိုးက ကန်ရေပြင်ကို ငုံ့ကြည့်နေစဉ်မှာပင် သူ့နောက်ကျောဘက်ဆီမှ ကျောက်မိကျောင်းရုပ်ကြီးမှာ တရှူးရှူးဖြင့် အမြီးကြီးယမ်းပြီး ရှေ့သို့လှမ်းတက်သွားလိုက်သည်ကို မျက်စိထောင့်ထဲမှ ရိပ်ခနဲမြင်လိုက်ရ၏။

'ဟင်'

ကျောက်ဒိုးတစ်ကိုယ်လုံးမှာ သွေးများချင်းချင်းပင် အေးခဲသွားမတတ် ဖြစ်သွား၏။ သူ့အာခေါင်များမှာလည်း ခြောက်ကပ်လျက် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ထိုမိကျောင်းရုပ်ကြီးကို လှည့်ကြည့်ကာ…

'မိ… မိကျောင်းကြီး ရေထဲဆင်းတော့မယ်ထင်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ သူ… သူ ရေထဲဆင်းတော့မယ်၊ အား… အမလေး ဒီမှာ…'

ကျောက်ဒိုးမှာ သွေးပျက်မတတ် အော်ဟစ်ရင်း ရှာဘက်သို့ တစ်ဟုန်ထိုးပြေးတော့သည်။

□ □ □



## အခန်း (၃)

ဒီနေ့ပါဆိုလျှင် ကျောက်ဒိုး အပြင်းဖျားသည်မှာ သုံးရက်ရှိသွားပြီဖြစ်၏။

ကိုယ်ပူရှိန်က နည်းနည်းမှမကျ။

ကျောက်ဒိုးမှာ ချည်စောင်ခပ်နွမ်းနွမ်းလေးကို ခြုံရင်းဝါးခြမ်းပြားခင်းထားသော ကွပ်ပျစ်ပေါ်တွင် ကယောင်ကတမ်းတွေနှင့် ညည်းတွားနေ၏။ မယန်းမြမှာလည်း ကျောက်ဒိုးကို ဆေးခန်းပြရန် ငွေကြေးက ရှိသည်မဟုတ်။ ကွမ်းရွက်ပြုတ်ရည်နှင့် ချွေးထုတ်ငန်းဆေးတို့ကိုသာ နိုင်နိုင်တိုက်နေရသည်။

'ဟဲ့… မိယန်းမြ၊ ကျောက်ဒိုးတစ်ယောက် သက်သာရဲ့လား၊ ဆေးခန်းလေးဘာလေးသွားပြရင် ကောင်းမယ်ထင်တယ်'

အိမ်ထဲသို့ လှမ်းဝင်လာသော ဘကြီးမှတ်က သူ့မြေး

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးကို စိုးရိမ်တကြီးနှင့် လှမ်းမေးသည်။ ဘကြီးမှတ်မှာ မပန်းမြတို့ ဦးလေးတော်စပ်သူဖြစ်ပြီး ရေရွာထဲတွင်ပင် လက်လုပ်လက်စားဘဝနှင့် သီးခြားနေထိုင်သူဖြစ်သည်။ မပန်းမြမှာ နဖူးပေါ်ဝဲကျနေသည့် ဆံစများကို လက်ဖြင့်သပ်တင်လိုက်ရင်း…

'အခုတော့ ကွမ်းရွက်ပြုတ်ရည်နဲ့ ချွေးထုတ်ငန်းဆေးလေး တိုက်ထားတာပဲ ဘကြီးမှတ်ရယ်'

ဘကြီးမှတ်မှာ ကျောက်ဒိုး၏နဖူးပြင်ကို လက်ဖြင့်စမ်းရင်း…

'အေးလေ… မသက်သာရင် မြို့ပေါ်က ဆေးဆရာ ဆရာဖေ့ကို သွားပင့်ရင် ကောင်းမယ်'

'ခဏာတော့ စောင့်ကြည့်ချင်သေးတယ် ဘကြီးမှတ်၊ ဆေးဆရာပင့်ဖို့ဆိုတာ ကျွန်မမှာလည်း ပိုက်ဆံကသိပ်ရှိတာမဟုတ်ဘူး'

မပန်းမြမှာ ကျောက်ဒိုးကိုယ်ပေါ်မှ စောင်ပါးလေးကို လည်ပင်းအထိ ဆွဲခြုံပေးလိုက်ရင်း နွမ်းလျသည့်လေသံဖြင့် ပြန်ပြောလိုက်သည်။

'အေးလေ… နင်တို့သားအမိမှာလည်း ဆင်းရဲလိုက်တာ တာတေကို လံနေတာပဲ၊ ဟိုကောင်ရာကျော် အခုရှိနေရင် ဒီလိုဘယ်ဖြစ်ပါ့မလဲ၊ အင်း… ခက်တော့လည်း ခက်ပါတယ်၊ ငါတော့ ဒီကိစ္စမှာ ရာကျော်ကို အပြစ်မတင်ပါဘူးလေ။ ဟိုစက်ရှင်ဆိုတဲ့ကောင် လောဘဇောတိုက်တာကြောင့် အခုလို နင်တို့ ဒုက္ခတွေ ခါးစည်းပြီးခံနေရတာ'



'ဒါကတော့ သူ့တရားသူစီရင်ပါလိမ့်မယ် ဘကြီးမှတ်ရယ်၊ ကျွန်မကတော့ သွားလေသူကိုရာကျော်တစ်ယောက် ကောင်းရာ မွန်ရာရောက်ပါစေလို့ ဆုတောင်းနေရတာပါပဲ'

မပန်းမြမှာ ဘကြီးမှတ်ကိုပြောနေရင်း ရင်ထဲမှ တလိပ်လိပ်တက်လာသည့် အပူမီးများကြောင့် တသိမ့်သိမ့်ရှိုက်ကာ ငိုနေ၏။

'ငါ့မြေးလေးကိုက ကံဆိုးရှာပါတယ်ကွယ်'

ဘကြီးမှတ်မှာ ဝါးကွပ်ပျစ်ပေါ်တွင် ကွေးကွေးလေးမှိန်းနေသည့် ကျောက်ဒိုး၏မျက်နှာကို စောင်းငဲ့ကြည့်ကာ ကွမ်းငုံထားသော အသံကြီးဖြင့် ကြေကြေကွဲကွဲပြောလိုက်သည်။

❖ ❖ ❖

ခဏအကြာ ကျောက်ဒိုးမှာ သူ့ကိုယ်ပေါ်မှ လွှားခြုံထားသော ချည်စောင်ကို တွန်းဖယ်လိုက်ပြီး…

'ဘကြီးမှတ် ကျွန်တော်ရေဆာလိုက်တာ၊ ရေတစ်ခွက်လောက်ပေးပါ'

'သြော်… ငါ့မြေး ကျောက်ဒိုး နိုးလာပြီလားကွ၊ ဘယ့်နယ်လဲ သက်သာရဲ့လား၊ မှန်းစမ်း'

ဘကြီးမှတ်က ကျောက်ဒိုး၏ နဖူးပြင်ပေါ်သို့ သူ့လက်ဖမိုးဖြင့် စမ်းကြည့်လိုက်သည်။ မပန်းမြမှာလည်း အခုအချိန်တွင် သူ့သားကျောက်ဒိုးထံမှ သက်သာသွားပါပြီဆိုသည့် စကားကိုသာ

www.burmeseclassic.com

www.burmeseclassic.com



အကြားချင်ဆုံးဖြစ်နေသည်။ ဘာပဲပြောပြော ကျောက်ဒိုး နေမကောင်းသည့်ရက်များတွင် မပန်းမြမှာ အလုပ်ပျက် အကိုင်ပျက်နှင့် အတော်ကလေးပင် ဂျင်ဂျုင်လည်နေခဲ့ရသည် မဟုတ်ပါလား။

'ဟာ… မင်းကိုယ်မှာ ချွေးတွေကလည်း ရွှဲနေပါလားကွ၊ ပန်းမြရေ နင့်ချွေးထုတ်ဆေးက တယ်ဟုတ်ပါလားဟ၊ ကဲ… ကဲ… ငါ့မြေးကို အကျီလဲပေးလိုက်ဦး'

မပန်းမြက သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ယူလာပြီး သူသားကျောက်ဒိုးကို တိုက်လိုက်၏။ ထို့နောက် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသော ချွေးများကို အကျီအဟောင်းတစ်ထည်နှင့် လဲဝတ်ပေးလိုက်သည်။

ကျောက်ဒိုးမှာ ပြီးခဲ့သည့်ရက်များကလို မဟုတ်ဘဲ ကြည်ကြည်လင်လင်နှင့် လန်းဆန်းစပြုလာ၏။ စောစောက သူ့အိပ်ရာထဲတွင် မှိန်းနေစဉ် ဘကြီးမှတ်နှင့် သူ့အမေ မပန်းမြတို့ ပြောဆိုနေကြသည့် စကားများကိုလည်း ထပ်ပြီးသိချင်ကြားချင်နေမိသည်။ နောက်ပြီး ပြီးခဲ့သည့်ရက်က အရူးဖောင်တိန်ပြောလိုက်သည့် သူ့အဖေအကြောင်းကိုလည်း ဘကြီးမှတ်ကို မေးကြည့်ချင်နေမိ၏။

'ကဲ… ဘကြီးမှတ်ရေ၊ ကျွန်မ ကျောက်ဒိုးအတွက် ညတိုက်ဖို့ ဆေးလေးပြေးဝယ်လိုက်ဦးမယ်၊ နောက်ပြီး မနက်ဖြန်ခိုင်ကိုသွင်းဖို့ ငါးလေးဘာလေး နည်းနည်းပါးပါး ရွာထဲမှာသွားကြည့်လိုက်ဦးမယ်၊ ကျောက်ဒိုးရေ ဘကြီးမှတ်နဲ့ ခဏနေလိုက်ဦး'



မပန်းမြမှာ ပိုက်ဆံအိတ်ပြားချပ်ချပ်လေးကို ချိုင်းကြားတွင်ညှပ်ကာ အိမ်ထဲမှ ခပ်သုတ်သုတ်ပြေးထွက်သွား၏။

'အေးပါ ပန်းမြရယ်၊ နင့်ကိစ္စတွေကို ဖြည်းဖြည်းသာလုပ်၊ ငါလည်း နင်ပြန်လာမှပဲ ပြန်မှာပါ'

ကျောက်ဒိုးက အိမ်ထဲမှ ခပ်သုတ်သုတ်ပြေးထွက်သွားသည့် သူ့အမေ မပန်းမြ၏ နောက်ကျောကိုကြည့်ကာ သူသိချင်နေသည့် သူ့အဖေအကြောင်းနှင့် ဦးစက်ရှင်တို့လင်မယားအပေါ် သူ့မိဘတွေ တစ်ချိန်က အကြွေးတွေ ဘယ်လောက်တင်နေခဲ့သည်ဆိုသည့် အကြောင်းတို့ကို ဘကြီးမှတ်အား မေးကြည့်မည်ဟု စိတ်ကူးလိုက်သည်။

'ဘကြီးမှတ်၊ ကျွန်တော့်အဖေအကြောင်းသိရင် ပြောပြပါလား၊ နောက်ပြီး ဦးစက်ရှင်တို့အပေါ်မှာ အမေ့အကြွေးတွေက ဘယ်လောက်တောင် တင်နေလို့လဲ၊ စောစောက ဘကြီးမှတ်ပြောတာတွေအကုန်လုံး ကျွန်တော် ကြားတော့ ကြားမိလိုက်ပါတယ်၊ ဘာလဲ ဟိုစက်ရှင်တို့က လောဘဇောတိုက်တာဆိုတာလေ'

ဘကြီးမှတ်မှာ ဆေးပြင်းလိပ်တိုကို ပါးစပ်တွင်ကိုက်လိုက်ပြီး သူ့ပါးစောင်တစ်ဖက်တွင် ငုံလိုက်၏။ ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်ရင်း…

'အေးလေ… ငါ့မြေးက အခုဆိုရင် အသက်ဆယ့်နှစ်နှစ်တောင်ရှိပြီဆိုတော့ ဒီအကြောင်းတွေကို သိတော့ သိထားသင့်တာပေါ့လေ၊ မင်းအမေမပန်းမြကလည်း မင်းအဖေရဲ့အကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးပြောဖို့ထက် သူ့မှာ စားဝတ်နေရေး အခက်အခဲဒုက္ခတွေကို နေ့စဉ်ဖြေရှင်းနေရတာဆိုတော့'

ဘကြီးမှတ်မှာ သူ့ပါးစပ်အတွင်း ခဲထားသော ဆေးပြင်းလိပ်တိုမှ တံတွေးများကို မဒမတိုင်ခြေရင်းဆီသို့ ပျစ်ခနဲထွေးထုတ်လိုက်ပြီး...

'ဟိုးလွန်ခဲ့တဲ့ ဆယ့်သုံးနှစ် ဆယ့်လေးနှစ်လောက်က မင်းရဲ့အဖေ ရာကျော်နဲ့ မင်းအမေ ပန်းမြတို့ဟာ ဟောဒီ ဇရာရွာမှာ ငွေကြေးအတော်အတန်ကြွယ်ဝတဲ့သူတွေပဲကွယ့်၊ နှစ်ဖက်မိဘတွေကလည်း ဥစ္စာတောင့်တင်းကြတော့ မင်္ဂလာဆောင်တဲ့အခါမှာ ရလိုက်တဲ့ လက်ဖွဲ့တွေဆိုတာ ပြောမနေပါနဲ့ကွာ၊ ရွှေထည်ချည်းငါးကျပ်သား၊ နဂါးပုံလက်ကောက်က ခုနစ်ရံ၊ ဒေါင်းရုပ်ဘယက်နဲ့ တန်ဖိုးကြီးကျောက်နားကပ်တွေဆိုတာလည်း လေး၊ ငါး၊ ဆယ်ရံပဲ။ အဲဒီအထဲမှာမှ ရှားရှားပါးပါး ခိုပြာရောင်သန်းနေတဲ့ စိန်ပွင့်ကြီးနဲ့လုပ်ထားတဲ့ ဆံထိုးက တန်ဖိုးအကြီးဆုံးပဲ၊ ရာကျော်ပြောတာတော့ အဲဒီစိန်ပွင့်ကြီးက ရတီချိန်လေးဆယ်ကျော်ရှိတယ်ဆိုလားပဲ'

ကျောက်ဒိုးမှာ ဘကြီးမှတ်ပြောပြနေသော တန်ဖိုးကြီးလက်ဝတ်ရတနာတွေကို အိပ်မက်ထဲမှာတောင် မမြင်ဖူး၊ မတွေ့ဖူးသဖြင့် စိတ်ထဲမှန်းကာ ပုံဖော်ပြီး ကြည့်နေမိသည်။

'မင်းအဖေ ရာကျော်က လူတစ်မျိုးကွယ့်၊ ဟောဒီ ဇရာရွာတစ်ရွာလုံးမှာမှ တခြားယောကျ်ားတွေလို မြစ်ထဲ၊ ပင်လယ်ထဲမှာ



တံငါအလုပ် လုပ်ရတာ ဝါသနာလည်းမပါဘူး၊ စိတ်လည်း ဝင်စားတာမဟုတ်ဘူး၊ သူတော်ကောင်းလို့တောင် ပြောလို့ရတယ်၊ နောက်ပြီး စာလေးပေလေးကလည်း တတ်တော့ သူများထက်ပိုပြီး စီးပွားရေးမှာ လာဘ်မြင်တယ်ပြောရမှာပေါ့၊ ဇရာရွာကထွက်တဲ့ ငါးတွေကို ငါးခြောက်လုပ်၊ ငါးပိလုပ်နဲ့ ဖျာပုံတို့ ဘိုကလေးတို့လို မြို့ကြီးတွေမှာ သွားပြီးရောင်းတယ်။ ကုန်ကုန်ပြောရရင် ငါ့မြေးရယ်၊ မင်းအဖေ ရာကျော်ဟာ ဝီရိယရှိတယ်၊ အလုပ်ကိုလည်း ကြိုးစားတယ်ပေါ့'

ဘကြီးမှတ်မှာ ကျောက်ဒိုး၏အဖေ ကိုရာကျော်၏အကြောင်းများကို ပြန်ပြောပြနေရင်း သူ့မျက်လုံးထဲတွင် တစ်ချိန်က အဖြစ်အပျက်တို့ကို ကြေကြေကွဲကွဲ အောက်မေ့သတိရလျက်ရှိနေသည်။ ထို့နောက် ဘကြီးမှတ်က သူ့စကားကို ဆက်ပြန်၏။

'မင်းရဲ့ကိုယ်ဝန်ကို မပန်းမြ စပြီးလွယ်တဲ့အချိန်မှာ လင်မယားနှစ်ယောက်စလုံး ပျော်ရွှင်လိုက်ကြတာမှကွာ၊ တစ်ရွာလုံးကတောင် ဩချယူရတယ်။ ရာကျော်ကလည်း ကလေးရတော့မယ်ဆိုတော့ ခါတိုင်းထက်တောင် အလုပ်ကို ဖိပြီးလုပ်လာတယ်'

ဘကြီးမှတ်မှာ သူ့စကားကို ခဏရပ်ပြီး ရီဝေဝေမှုန်မှိုင်းမှိုင်းဖြစ်နေသော အကြည့်များဖြင့် သောင်ပြင်အစပ်ဆီသို့ လှမ်းကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်ရင်း...

'အဲဒီလိုနဲ့ တစ်နေ့မှာ ဇရာရွာကို ပြောင်းလာတဲ့ ဦးစက်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစုကြောင့် ပျော်ရွှင်စရာကောင်းနေတဲ့ ရာကျော်တို့လင်မယားရဲ့ ဘဝတွေက ကပြောင်းကပြန်တွေ ဖြစ်ကုန်ကြရတယ်လို့ ဆိုရမလိုပေါ့ ငါ့မြေးရယ်'

❒ ❒ ❒



## အခန်း (၄)

ဘကြီးမှတ်က သူ့ပါးစောင်ထဲတွင် တစ်ချိန်လုံးငုံထားသော ဆေးပြင်းလိပ်တိုကို လက်ဖဝါးထဲသို့ ထွေးအန်ထုတ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ကောက်ယူမော့သောက်လိုက်၏။ ကျောက်ဒိုးမှာ ဘကြီးမှတ်ထံမှ ကြားရမည့် သူ့အဖေ၏အကြောင်းများကိုသာ စိတ်ဝင်စားနေမိသည်။

'တကယ်တော့ မင်းအဖေရာကျော်ရဲ့အကြောင်းတွေကို ပြန်ပြောရမှာ တပုံတပင်ကြီးပဲကွ၊ ဘယ်ကစပြီး ပြောရမှန်းတောင် မသိဘူး'

ဘကြီးမှတ်က သူ့လက်ဖဝါးထဲမှ ဆေးပြင်းလိပ်တိုကို ပါးစောင်ထဲတွင် တပ်ပြီးထည့်ကာ ငုံ့လိုက်ပြန်သည်။

'ဟို ဦးစက်ရှင်ဆိုတဲ့လူကြီးကြောင့် အဖေတို့ ဘယ်လိုဒုက္ခရောက်ခဲ့တာလဲ ဘကြီးမှတ်'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးမှာ သူသိချင်နေသည့်အကြောင်းများကို အလျင်စလိုမေးလိုက်၏။

'ဟေး… အဲဒီစက်ရှင်ဆိုတဲ့ကောင်ဟာ အင်မတန်ညာဏ်များတဲ့အကောင်ပဲကွယ့်၊ ငွေလေးကြေးလေးကလည်း ချမ်းသာ၊ စီးပွားရေးကလည်း မင်းအဖေ ရာကျော်ထက်ပိုပြီး အကွက်မြင်တယ်ဆိုတော့ တစ်နေ့မှာ ဖြစ်ပုံကတော့ ငါ့မြေးရယ်'

ဘကြီးမှတ်က ကိုရာကျော်၏ အဖြစ်အပျက်တို့ကို စီကာပတ်ကုံး ပြောပြတော့သည်။

❖ ❖ ❖

တစ်နေ့ ကိုရာကျော်တို့အိမ်ရှေ့သို့ လူတစ်ယောက် ရောက်လာသည်။ ထိုလူ၏ပခုံးပေါ်တွင်လည်း လွယ်အိတ်ကြီးတစ်လုံးသိုင်းလွယ်ထားလျက် သူ့မျက်လုံးများက တစ်စုံတစ်ယောက်ကို မတွေ့တွေ့အောင် ရှာဖွေနေသလို ထင်ရသည်။ ထိုလူစိမ်းမှာ ဆျှာင်တစောင်းထုံးထားပြီး ဘေးသို့ကားထွက်နေသော မေးရိုးကြီးများက သူ့မျက်နှာတစ်ခုလုံးနှင့် လိုက်ဖက်ညီနေသလို ထင်ရသည်။

'သူဌေးကြီး ကိုရာကျော်၊ ဗျို့… သူဌေးကြီးကိုရာကျော်'

အိမ်ရှေ့မှ လူစိမ်း၏ခေါ်သံကြောင့် မပန်းမြမှာ အိမ်ထဲမှ ကပျာကယာ ပြေးထွက်လာပြီး…

'ဘာကိစ္စများရှိပါသလဲရှင်'



ထိုလူစိမ်း၏ မျက်လုံးများက မပန်းမြကို သေချာစိုက်ကြည့်လိုက်ပြီး ကြည်လင်ပြတ်သားသည့် လေသံဖြင့်…

'ကျုပ် သူဌေးကြီးကိုရာကျော်နဲ့ တွေ့ချင်လို့ပါ'

'ဩော်… ကိုရာကျော် ဘုရားဝတ်ပြုနေပါတယ်ရှင်၊ ဘာကိစ္စများ ရှိလို့ပါလိမ့်'

မပန်းမြမှာ ထိုလူ၏ မျက်နှာကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးသဖြင့် ခြေဆုံးခေါင်းဖျား အကဲခတ်ကြည့်နေရင်း အတွေးအဆန်းဖြစ်နေသည်။ ခါတိုင်းဆိုရင် မပန်းမြတို့ ကိုရာကျော်တို့အိမ်သို့ ငါးခြောက်အရောင်းအဝယ် ပွဲစားများ၊ နယ်မှ ငါးခြောက်ဒိုင်များက ဝင်ထွက်သွားလာနေကြသော်လည်း ထိုလူ၏ မျက်နှာပေါက်မျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသဖြင့် တွေဝေအံ့အားသင့်နေမိ၏။ ထို့နောက် မပန်းမြက…

'ကျွန်မက ကိုရာကျော်ရဲ့ဇနီး မပန်းမြပါ၊ အိမ်ထဲကြွပါရှင်'

မပန်းမြက ထိုလူစိမ်းကို ခေါင်းငုံ့ကာ အရိုအသေပြုလိုက်ပြီး အိမ်အတွင်းသို့ ဖိတ်ခေါ်လိုက်၏။ ထိုလူစိမ်းမှာ မပန်းမြ၏နောက်မှ အိမ်ကြီးအတွင်းသို့ လိုက်ဝင်လာပြီး တစ်အိမ်လုံးကို အကဲခတ်သလို လှည့်ပတ်ကြည့်လိုက်သည်။ ထိုလူစိမ်းက သူ့ပခုံးပေါ်တွင် တစ်ချိန်လုံးလွယ်ပိုးလာရသည့် လွယ်အိတ်ကြီးကို သူ့ပေါင်ပေါ်တင်လိုက်ရင်း ဧည့်ခန်းအတွင်းမှ ထိုင်ခုံတွင် ဝင်ပြီးထိုင်လိုက်သည်။

'ကိုရာကျော်က ဘုရားတစ်ခါတစ်ခါဝတ်ပြုရင် အတော်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကြောတာရှင့်၊ သူက ဘုရားရှိခိုးပြီးသွားရင်တောင် သတ္တဝါတွေကို မေတ္တာပို့ အမျှဝေတာကို ကျကျနနလုပ်နေသေးတာ၊ ဒါနဲ့ ဘာအရေးကြီးကိစ္စများ ရှိနေလို့ပါလဲရှင်'

'သူနဲ့တွေ့ချင်လို့ပါ'

ထိုလူစိမ်းမှာ ဘာအကြောင်းကိစ္စကိုမှမပြောဘဲ ကိုရာကျော်နှင့် တွေ့ချင်သည်ဟုသာ တွင်တွင်ကြီးပြောနေ၏။ မယန်းမြကလည်း ထိုလူစိမ်းကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်မိသည်မှာ မှားသွားပြီလားဆိုသည့် အတွေးတွေက ချက်ချင်းဆိုသလို ခေါင်းထဲသို့ရောက်လာ၏။

'ဘုရား… ဘုရား… ဒီလူ့မျက်နှာကြည့်ရတာ မရယ်မပြုံးနဲ့ တကယ်ဆိုရင် ငါဟာ ကိုရာကျော်ရဲ့ဇနီးပါလို့ဆိုတာတောင် လာရင်းကိစ္စကို ပွင့်ပွင့်လင်းလင်းမပြောဘူး၊ ဒီလူဟာ လူဆိုးလား၊ လူကောင်းလား သေသေချာချာမသိဘဲနဲ့ အိမ်ထဲ ငါခေါ်သွင်းလိုက်မိတာ မှားများသွားပြီလား'

မယန်းမြမှာ ထိုလူ၏မျက်နှာကို အကဲခတ်သလိုနှင့် ကြည့်လိုက်ပြီး သူလည်ပင်းတွင် ဆွဲထားသော ပတ္တမြားလော့ကက်သီးလေးကို အင်္ကျီအောက်သို့ ထိုးထည့်လိုက်၏။ ထို့နောက် တစ်စုံတစ်ခုကို မေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုလူစိမ်းက သူ့လက်ဟာ်ဖက်ကို လှမ်းကိုင်လိုက်ရင်း…

'သူဌေးကတော်ကို ကျုပ်လာရင်းကိစ္စ ပြောလို့တော့ရပါတယ်၊ ဒါပေမဲ့ သူဌေးကြီးဦးရာကျော်နဲ့တွေ့ပြီး ပြောမှာရမှာမို့လို့ပါ'



မယန်းမြမှာ ထိုလူစိမ်း၏ ရုတ်တရက်ပြောလိုက်သောစကားကြောင့် အတော်ကလေးအံ့သြသွားမိသည်။

'ဟင်… သူက ငါမေးမယ့်စကားကို ကြိုပြီးသိနေပါလား၊ ဒီလူ့မျက်နှာကို ကြည့်ရတာ တော်တော်အကင်းပါးပုံရတယ်၊ ငါထင်သလို လူဆိုးလူပေထဲကတော့ မဟုတ်တန်ကောင်းပါဘူး'

'မမလေး မမလေးမယန်းမြ'

ရုတ်တရက်အိမ်ရှေ့မှခေါ်သံကြောင့် မယန်းမြ အတွေးတွေလွင့်ပြယ်ကုန်၏။

'ဩော်… ကိုလှုလှုပါလား၊ လာလေအိမ်ထဲကို'

ကိုလှုလှုမှာ မယန်းမြတို့၏ စက်လှေမောင်းကြီးဖြစ်ပြီး အစစအရာရာ ယုံကြည်စိတ်ချရသူဖြစ်သည်။ အခုလည်း လူစိမ်းတစ်ယောက် အိမ်သို့ရောက်နေချိန်တွင် ကိုလှုလှု သူ့အနားတွင် ရှိနေစေချင်သည်။

'ကျွန်တော်မလာတော့ဘူး၊ စက်လှေက ပန်ကာကြိုးပြတ်သွားလို့ အဲဒါ မမလေး ခဏလောက်လိုက်ပြီး ကြည့်ပါဦး၊ နောက်ပြီး စက်လှေဝမ်းဗိုက်က ရေနည်းနည်းစိမ့်နေတယ်၊ အဲဒါ လှေဝမ်းထဲက ငါးခြောက်အိတ်တွေ ရေဝင်ကုန်မှာစိုးလို့ လာပြောတာ'

'ဟယ်… ဒုက္ခပါပဲ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ကိုလှုလှု၊ ခဏနေရင် ကျွန်မလိုက်လာခဲ့ပါ့မယ်။ လှေဝမ်းထဲက ငါးခြောက်တွေကို အပြင်ကိုထုတ်ထားနှင့်၊ ဒီမှာလည်း ဧည့်သည်ရောက်နေလို့'

ကိုလှုလှုမှာ မယန်းမြကို ပြောပြီး အိမ်ရှေ့သို့ ခပ်သုတ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွား၏။ မယန်းမြမှာ ဧည့်ခန်းအတွင်း ငုတ်တုတ်ထိုင်နေသော ဧည့်သည်လူစိမ်းကို ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်ယန်းကန်ကို တည်ခင်းဧည့်ခံလိုက်သည်။

'သုံးဆောင်ပါဦးရှင်၊ ဒီငါးခြောက်က ကျွန်မတို့ဆီကနေ အထက်ဘက်ကို အမြဲပို့နေရတဲ့ ငါးခြောက်ရှင့်၊ ငါးယောင်ခြောက်လို့လည်း ခေါ်တယ်၊ သူ့အသားက ဆီနဲ့ အခုလိုနှပ်ထားရင် ချိုပြီး ဆိမ့်နေတာပဲ'

လူစိမ်းမှာ မယန်းမြချပေးသည့် ငါးခြောက်ယန်းကန်ကို အေးစက်စက်မျက်လုံးများဖြင့်ကြည့်ကာ ဘာတစ်ခွန်းမှုပြန်မပြောဘဲ အသက်မဲ့သူတစ်ယောက်လို ဖြစ်နေသည်။

'ဟင်... ဒီလူက ဘယ်လိုလူလဲ၊ ငါ့ကို အားနာပါးနာနဲ့ နည်းနည်းလေးတောင်မှ ပြန်ပြီးပြောပုံမရဘူး၊ နောက်ပြီး သူ့မျက်နှာအမူအရာက တစ်ခုခုကိုတွေးနေသလိုမျိုးနဲ့ ငါပြောတာကို ကြားမယ့်ပုံ မပေါ်ဘူး'

မယန်းမြမှာ ထိုလူစိမ်းကို လူထူးလူဆန်းတစ်ယောက်လို ကြည့်ရင်း ဘယ်စကားမှ ဘယ်လိုဆက်ပြီးပြောရမှန်းမသိ ဖြစ်နေ၏။ ထို့နောက် လူစိမ်းမှာ မယန်းမြချပေးသည့် ငါးခြောက်ဖုတ်ယန်းကန်ကို ကြည့်ကာ...

'ကျုပ်က ရေသတ္တဝါဆို ဘာမှမစားဘူး'

'ရှင်'

မယန်းမြမှာ အေးစက်မာကျောနေသည့်လေသံဖြင့် ပြန်ပြော



လိုက်သော လူစိမ်း၏စကားကြောင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ နားမလည်နိုင်လောက်အောင် ဖြစ်သွားသည်။ ထိုလူစိမ်း၏မျက်နှာမှာလည်း တည်ငြိမ်အေးစက်လွန်းနေသည်။ ထို့နောက် လူစိမ်းဧည့်သည်မှ မယန်းမြ၏ မျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း...

'ခင်ဗျားတို့ သူဌေးလင်မယားနှစ်ယောက်စလုံးလည်း ဒီရေသတ္တဝါတွေကို မစားကြပါနဲ့'

မယန်းမြမှာ လူစိမ်း၏စကားကြောင့် ထပ်ပြီးအံ့သြရပြန်သည်။

'သူ သူက ငါတို့လင်မယားကို ဘာကြောင့် ရေသတ္တဝါတွေကို မစားခိုင်းတာလဲ၊ တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ဟုတ်တယ်၊ သူ့မျက်နှာကိုကြည့်ရတာ ငါးတွေလိုပဲ အခုအချိန်အထိ မျက်တောင်တစ်ချက်ကလေးမှ မခတ်ဘူး၊ ပြုံးတာ ရယ်တာလည်း မရှိဘူး၊ ဘာမှားနေပြီလဲ'

မယန်းမြက အံ့သြထိတ်လန့်လာသော သူမ၏စိတ်တွေကို ချက်ချင်းချုပ်တည်းလိုက်ပြီး ထိုလူစိမ်းကို ရယ်ကာမောကာဖြင့် စကားရောဖောရောပြန်လုပ်လိုက်၏။

'ဩော်... ဟင်း... ဟင်း... ကိုရာကျော်က ခြေလေးချောင်းသားကို ဟိုးအရင်ကတည်းက ရှောင်ထားတာဆိုတော့ ရှင်ပြောသလို ရေသတ္တဝါတွေကိုပါ ထပ်ပြီးမစားရရင် ကျွန်မယောကျ်ားတော့ ဘာကိုစားရမယ် မသိတော့ပါဘူး၊ ဒုက္ခပါပဲရှင်'

မယန်းမြက ရယ်ကာမောကာ ပြောနေသော်လည်း ထိုလူ

www.burmeseclassic.com

www.burmeseclassic.com



စိမ်း၏ မျက်နှာမှာ ဘာတစ်ခုမှ ထူးထူးခြားခြားမပြောင်းလဲဘဲ ခပ်တည်တည်နှင့်သာ ဖြစ်နေသည်။

ခဏအကြာ…

ကိုရာကျော်မှာ အပေါ်ထပ်မှ လှေကားအတိုင်း တစ်လှမ်းချင်း ဆင်းလာသည်။ ကိုရာကျော် ဆင်းလာသည့်ခြေသံကြောင့် မပန်းမြရော လူစိမ်းကပါ ပြိုင်တူမော့ကြည့်လိုက်ကြ၏။

'ဟော… ကိုရာကျော် ဒီမှာ ရှင်နဲ့တွေ့ချင်လို့တဲ့၊ သူ့ခမျာ ဘုရားဝတ်ပြုနေတယ်ဆိုလို့ ထိုင်စောင့်နေတာ အတော်ကလေး တောင် ကြာသွားပြီ'

ကိုရာကျော်မှာ လူစိမ်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မပန်းမြကို လှမ်းပြောလိုက်၏။

'အေးဟာ… ဒီနေ့ ဘုရားရှိခိုးအမှုဝေရတာ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ အာရုံကောင်းကောင်းကို မရဘူး'

မပန်းမြက ကိုရာကျော်နှင့် ထိုညှော်သည်လူစိမ်းတို့ ဘယ်လိုအရေးကြီးကိစ္စတွေ ပြောဆိုနေကြသည်ကိုလည်း စိတ်ထဲ၌ သိချင်နေမိ၏။ သို့သော် စောစောက ကိုလှလှ အရေးတကြီးလာပြော သွားသည့်ကိစ္စကလည်း သူ့ခေါင်းထဲတွင် တထင့်ထင့်နှင့် ဖြစ်နေ၏။

'ကဲ… ကိုရာကျော်ရေ စောစောက ကိုလှလှ လာပြော သွားတယ်၊ လှေဝမ်းထဲကို ရေတွေစိမ့်ဝင်နေလို့တဲ့၊ အဲဒါ ငါးခြောက် အိတ်တွေ နေရာရွှေ့ဖို့ ကျုပ်ခဏသွားလိုက်ဦးမယ်'



မပန်းမြက လူစိမ်းဧည့်သည်နှင့် ကိုရာကျော်ကို မျက်လုံး တစ်ချက်ဝေ့ကြည့်ရင်း အိမ်ထဲမှ သုတ်သီးသုတ်ပျာ ထွက်သွား၏။

ကိုရာကျော်က လူစိမ်း၏ရှေ့မှ ကုလားထိုင်အလွတ်တစ်လုံး တွင် ထိုင်လိုက်ရင်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော ဧည့်သည်၏မျက်နှာကို နားမလည်သလိုနှင့် ကြည့်ကာ…

'လာရင်းကိစ္စကိုပြောပါဦး၊ ဘာများအကူအညီပေးရမလဲ'

ထိုလူစိမ်းမှာ သူ့ပေါင်ပေါ်တင်ထားသော လွယ်အိတ်ကြီး ထဲသို့နှိုက်ကာ ဘာတွေကို ရှာဖွေနေမှန်းမသိ။ သူ့မျက်နှာအမူအရာ မှာလည်း တည်ငြိမ်အေးဆေးလွန်းနေသည်။ ကိုရာကျော်က ထို လူစိမ်းနှိုက်ရှာနေသည့် လွယ်အိတ်ကြီးအတွင်းမှ တစ်စုံတစ်ရာကို မျက်တောင်မခတ်ဘဲ စိတ်ဝင်တစားနှင့် ကြည့်နေမိသည်။

ခဏအကြာ…

'ဒီလိုပါ၊ ဒီပစ္စည်းကို သူဌေးကြီးကိုရာကျော် စိတ်ဝင်စား မယ်ထင်လို့ လာရောင်းတာပါ'

ပြောပြောဆိုဆို သူစိမ်းဧည့်သည်က သူ့လွယ်အိတ်အတွင်း မှ ရွှံ့ကြိုးအနီအိတ်ကလေးကို ထုတ်ဖြည်နေ၏။

ထို့နောက် ထိုအဝတ်အနီကလေးအတွင်းမှ လက်သီးဆုပ် သာသာလောက်ရှိ အဖုအထစ်များဖြင့် ပြည့်နှက်နေသော အလုံး သဏ္ဌာန်တစ်ခုကို ဆွဲထုတ်ပြလိုက်သည်။

ကိုရာကျော်မှာ ထိုင်နေရာမှ သူထုတ်ပြလိုက်သောပစ္စည်း အား အနည်းငယ် ကိုယ်ရှေ့သို့ကိုင်းညွတ်ပြီး ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူစိမ်းက မညီမညာလုံးဝန်နေသောပစ္စည်းကို သူ့လက်ဖဝါးပေါ်သို့ တင်ထားရင်း…

‘ဒီပစ္စည်းဟာ မိကျောင်းအမြီးတောပဲ၊ မိကျောင်းအမြီးတောက လူတိုင်း အလွယ်တကူရနိုင်တဲ့ပစ္စည်း မဟုတ်ဘူး၊ ကိုယ်နဲ့ထိုက်ရင် ထိုက်သလို အကျိုးပေးတဲ့ အဆောင်တစ်ခုပဲ၊ ကျုပ်ကလည်း ခင်ဗျားလို ဘုရားတရားလိုက်စားတဲ့ သူတော်ကောင်းကိုပဲ ချီးမြှင့်ချင်တာ၊ ရော့… ကြည့်ပါဦး’

လူစိမ်းက ကိုရာကျော်၏မျက်နှာရှေ့သို့ လူ့လက်ဖဝါးကို တိုးဆန့်ကာ ပြလိုက်သည်။

ကိုရာကျော်မှာ ထိုလူစိမ်း၏ လက်ဖဝါးပေါ်မှ ယန်းနုရောင်သန်းသော မိကျောင်းအမြီးတောကို သူ့လက်ညှိုးဖြင့်တို့ထိပြီး ကြည့်လိုက်သည်။

‘မိကျောင်းအမြီးတောဆိုတာ နောင်ကြီးပြောသလို လူတိုင်းအလွယ်တကူရနိုင်တဲ့ပစ္စည်းတော့ မဟုတ်ပါဘူး၊ ဒါနဲ့ ကျုပ်ကိုဘယ်ဈေးနဲ့ရောင်းမှာလဲ၊ ကျုပ်က ငွေသိပ်အများကြီးတော့ မတတ်နိုင်ဘူးဗျာ’

ကိုရာကျော်မှာ သူဖတ်ဖူး၊ မှတ်ဖူးထားသည့် စာပေအစ်ကလေးကလည်း ရှိနေသဖြင့် မိကျောင်းအမြီးတော၏ အသုံးဝင်ပုံကို အနည်းအကျဉ်းသိထားသူဖြစ်သည်။

ထိုလူစိမ်းက သူ့လက်ထဲမှ မညီမညာ လုံးဝန်းနေသော



မိကျောင်းအမြီးတောကိုကြည့်ကာ ကိုရာကျော်ကို ဈေးစကားပြောလိုက်၏။

‘ကျုပ်ကို ငွေငါးထောင်ပဲပေးဗျာ၊ ခင်ဗျားအတွက် ဒီမိကျောင်းအမြီးတောက အသုံးတည့်မှာပါ၊ နောက်လည်း အထူးအဆန်းပစ္စည်းလေးတွေရရင် ခင်ဗျားအတွက် ယူလာပေးပါမယ်’

ကိုရာကျော်မှာ ထိုမိကျောင်းအမြီးတောကို လိုချင်နေသော်လည်း ဈေးက များနေသဖြင့် အနည်းငယ်စိတ်ပျက်သလို ဖြစ်သွား၏။

‘ဟာ… ငွေငါးထောင်ကတော့ များတယ်ဗျာ၊ ကျုပ်မတတ်နိုင်ဘူး’

ထိုလူစိမ်းမှာ ကိုရာကျော်၏စကားကြောင့် အနည်းငယ်စဉ်းစားနေသလိုလုပ်နေပြီး…

‘ခင်ဗျားလိုချင်တယ်ဆိုရင်တော့ နည်းနည်းပါးပါးတော့လျှော့ပေးရမှာပေါ့ဗျာ၊ ဒါပေမဲ့ ဒီပစ္စည်းဟာ မိကျောင်းတိုင်းမှာမရှိဘူး၊ ရှားတယ်၊ သုံးတတ်ရင် သုံးတတ်သလို ခင်ဗျားကို အကျိုးပေးလိမ့်မယ်’

ကိုရာကျော်မှာ သူ့မျက်စိရှေ့မှ လူ၏ လက်ထဲတွင် ကိုင်ထားသော မိကျောင်းအမြီးတောကိုကြည့်ကာ စိတ်ဝင်စားသလိုဖြစ်နေ၏။ နောက်ပြီး ကိုရာကျော်က အခုလို အထူးအဆန်းပစ္စည်းလေးများကို ရှာရှာဖွေဖွေနှင့် စုဆောင်းတတ်သူဖြစ်ပြီး လက်ဖွဲ့အဆောင်အယောင်တို့ကိုလည်း ယုံကြည်သူတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဗျာ… ခင်ဗျား သိပ်ပြီးစိတ်ဝင်စားနေရင်လည်း ငွေလေးထောင်ပဲပေး၊ ကျုပ်လည်း အချိန်မရှိဘူး၊ ဟိုဘက်ရွာကို သွားရဦးမှာ၊ နေမြင့်နေပြီ'

ကိုရာကျော်ရှေ့မှ လူစိမ်းကတော့ သူ့လက်ထဲမှ မိကျောင်းအမြီတောကို ငွေလေးထောင်နှင့် လျှော့ပေါ့ပြီးရောင်းနေ၏။ ကိုရာကျော်က ထိုလူစိမ်းလက်ထဲမှ လက်သီးဆုပ်သာသာရှိ ကျောက်ဖြစ်နေသော အမြီတောကို လှမ်းယူလိုက်ပြီး နီထွေးထွေး ညိုမှိုင်းမှိုင်းဖြစ်နေပြီး လက်ထဲတွင်လည်း အနည်းငယ်လေးလံနေ၏။

'အေးဗျာ… ခင်ဗျားပြောသလိုသာ ဒီမိကျောင်းအမြီတောဟာ တကယ်စွမ်းခဲ့ရင် ခင်ဗျားကို ဒီထက်ထပ်ပြီး ပေးဦးမယ်'

ပြောပြောဆိုဆို ကိုရာကျော်က အိမ်ခန်းအတွင်းမှ ငွေလေးထောင်ကို သွားယူလာကာ ရေတွက်ပြီး ပေးလိုက်သည်။ တကယ်တော့ ကိုရာကျော်ပေးဝယ်လိုက်ရသည့် ငွေလေးထောင်၏တန်ဖိုးမှာလည်း မသေးလှ။ ထိုအချိန်က ဆီလေးထောင့်သံပုံး တစ်ပုံးကို ငွေလေးကျပ်နှင့် ရသောခေတ်ဖြစ်၏။

ထိုနေ့မှစ၍ ကိုရာကျော်မှာ မိကျောင်းအမြီတောကို ဘယ်သူမှ မမြင်နိုင်သောနေရာတွင် လုံခြုံစွာ သိမ်းထားလိုက်သည်။

ညစဉ်လိုလို ကိုရာကျော်မှာ မိကျောင်းအမြီတော သိမ်းဆည်းထားနေရာမှ ထုတ်ထုတ်ယူပြီးကြည့်ကာ အမျိုးမျိုး စိတ်ကူးတွေယဉ်နေမိသည်။

'အဲဒီနေ့က စပြီး မင်းအဖေရာကျော်က အလုပ်ထဲမှာ



ခါတိုင်းလောက် စိတ်မဝင်စားတော့ဘူး၊ အိမ်စီးပွားရေးတစ်ခုလုံးကိုလည်း မယန်းမြတစ်ယောက်တည်း ဦးစီးပြီးလုပ်နေရတော့ ရောင်းရေးဝယ်ရေးတွေက တစ်နေ့တခြား အရှုံးတွေနဲ့ ရင်ဆိုင်လာရတယ်'

ဘကြီးမှတ်၏ မျက်နှာအမူအရာမှာ ကျောက်ဒိုးကို ပြန်ပြောပြနေရင်း ညှိုးနွမ်းခြောက်သွေ့လာသယောင်ယောင်ပင် ဖြစ်နေ၏။

'ဒီကြားထဲ မင်းအဖေ ထောင်ထားတဲ့ စက်လှေက ပင်လယ်ထဲမှာ မုန်တိုင်းမိပြီးမှောက်လို့ ကုန်ပစ္စည်းတွေတော်တော်များများလည်း ဆုံးရှုံးကုန်တယ်၊ အဲဒီတုန်းက စက်လှေပေါ်ပါသွားတဲ့ လူတွေကိုလည်း လျော်ကြေးတွေတော်တော်ပေးလိုက်ရတယ်၊ အမှန်တော့ ငါ့မြေးရယ်၊ အဲဒီမိကျောင်းအမြီတောဆိုတာကြီး မင်းအဖေဆီကို စပြီးရောက်လာကတည်းက တစ်ခုပြီးတစ်ခု ဒုက္ခတွေတွေ့နေတာပဲ'

'အဖေက အဲဒီမိကျောင်းအမြီတောကြီးကို ဒုက္ခပေးမှန်းသိရက်သားနဲ့ ဘာဖြစ်လို့ သိမ်းထားတာလဲ ဘကြီးမှတ်'

ကျောက်ဒိုးက မျက်မှောင်ကြုတ်ရင်း ပြန်မေးလိုက်၏။

'မင်းအဖေ ရာကျော်ကလည်း ခေါင်းခပ်မာမာလေ၊ သူအမြတ်တနိုးနဲ့ဝယ်ထားတဲ့ အဲဒီမိကျောင်းအမြီတောကြောင့် ဒုက္ခတွေရောက်ရတယ်ဆိုတာကို လက်မခံဘူး၊ မယုံလည်း မယုံဘူး၊ အဲဒီထက်ပိုဆိုးတာက မင်းအဖေနဲ့ အမေ မင်္ဂလာဆောင်တုန်းက ရထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လက်ဖွဲ့ပစ္စည်းလေးတွေကို ရွာထဲက စက်ရှင်ဆီမှာသွားပြီး ပေါင်ရတဲ့အထိ စီးပွားရေးက တစ်စတစ်စ ကျဆင်းလာတယ်၊ အဲဒီစက်ရှင်ဆိုတဲ့ကောင်ကလည်း အကြံနဲ့ဆိုတော့ သူ့ဆီမှာ လာပေါင်တဲ့ ရွှေတွေ ငွေတွေ စိန်တွေဆိုရင် မတန်တဆဈေးနဲ့ နှိမ်ပြီးယူတယ်လေ၊ ရာကျော်နဲ့ ပန်းမြလည်း မတတ်သာတဲ့အဆုံး စက်ရှင်ဆီမှာပဲ ချေးငှားပေါင်နှံရတော့တာပေါ့'

ဘကြီးမှတ်၏ လေသံတွေက အနည်းငယ်ပင် တင်းမာလာ၏။ ထို့နောက် ဘကြီးမှတ်က…

'အေးလေ… ဒီကောင် စက်ရှင်ဆိုတဲ့ကောင်အကြောင်း ခဏထားလိုက်ပါ၊ မင်းအဖေရာကျော့်အကြောင်းပဲ ဆက်ပြောကြရအောင်'

ဘကြီးမှတ်မှာ သူ့လည်ချောင်းကို တစ်ချက်ရှင်းလိုက်ရင်း ကျောက်ဒိုး၏အဖေ ကိုရာကျော်တစ်ယောက် မိကျောင်းအမြဲတော ကြောင့် ဒုက္ခရောက်ရပုံတို့ကို ဆက်ပြီးပြောပြလေသည်။

ကျောက်ဒိုးကတော့ ဘယ်တော့မှ ပြန်မဆုံရတော့သည့် သူ့အဖေ ကိုရာကျော်၏ အဖြစ်အပျက်တို့ကို စိတ်ဝင်တစားနှင့် နားထောင်နေပြီး စောစောက တက်နေသည့် အဖျားတွေက ဘယ်ဆီရောက်သွားမှန်းပင် မသိတော့။

□ □ □



## အခန်း (၅)

ထိုနေ့က မပန်းမြနှင့် ကိုရာကျော်တို့၏ အမင်္ဂလာနေ့ရက် ဟုပင် ပြောရမလိုဖြစ်နေသည်။ မည်းမှောင်နေသော မိုးသားမိုးလိပ် တို့က ပင်လယ်ပြင်တစ်ခုလုံးကို အဆုံးအစမရှိ အုပ်မိုးလွှမ်းခြုံထား လျက်ရှိနေ၏။ တဝုန်းဝုန်းရိုက်ခတ်နေသော ဒီလှိုင်းတွေက ကမ်းစပ်မှာ ထိုးကပ်ထားသည့် လှေငယ်တွေကို မြစ်ပြင်ကြီးထဲသို့ ဆွဲချသွား၏။

ရေရွှာပတ်ပတ်လည်တစ်ခုလုံး ပုံစံအမျိုးမျိုးဖြင့် ပေါက်နေသည့် အုန်းပင်မြင့်မြင့်ကြီးများက သွက်သွက်ခါအောင်ပင် ယိမ်းထိုးလှုပ်ရှားနေကာ အုန်းလက်တို့က မြားတံလိုသွယ်လျက် လေထဲတွင် လူးလွန့်ကိုင်းညွတ်နေကြသည်။

သိပ်မကြာလိုက်ခင်…

'ဝေါ… ဝရော'

'ဂျိမ်း'

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ဘက်မှ မိုးသီးမိုးပေါက်တို့က လေပြင်းနှင့်အတူ တဖေါဖေါအော်မြည်ကာ ကမ်းခြေတစ်ခုလုံးကို မကောင်းဆိုးရွာ ကောင်လို ရက်စက်ကြမ်းကြုတ်တော့၏။

‘ကိုရာကျော် ကိုရာကျော်ရေ ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခပါပဲ၊ ကျွန်မတို့စက်လှေက ဒီတစ်ခေါက်တင်သွားတဲ့ ကုန်တွေက နည်းနည်းနောနောမဟုတ်ဘူး။ ဒုက္ခတော့ရောက်ပြီနဲ့တူပါတယ်’

မပန်းမြ၏ မောကြီးပန်းကြီးနှင့် အော်ပြောလိုက်သံက လှိုင်းသံမိုးသံတို့ကြားတွင် ဆောက်တည်ရာမရဘဲ တုန်တုန်ယင်ယင်တွေ ဖြစ်နေ၏။ ကိုရာကျော်က သောက်လက်စဆေးတံကို မီးညှိလိုက်ရင်း မိုးရေစက်များ တဖျန်းဖျန်းပက်နေသော မှန်ပြတင်းကိုကြည့်ကာ အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်၏။

‘ဘယ်တတ်နိုင်မလဲ ပန်းမြရယ်၊ သဘာဝဆိုတာ လွန်ဆန်လို့မှမရဘဲ၊ ဘုရားပေးသလောက်ပဲပေါ့’

‘ဘာ… ရှင် ဘယ်လိုပြောလိုက်တာလဲ ကိုရာကျော်၊ ဒီတစ်ခေါက်တင်သွားတဲ့ကုန်တွေက ကျွန်မတို့မှာရှိတဲ့ ပစ္စည်းလေးတွေကို ပေါင်နှံရောင်းချပြီး ရင်းလိုက်ရတဲ့အရင်းအနှီးတွေလေ၊ အခု ဘယ်လိုလုပ်ပြန်ရတော့မှာလဲ၊ ရှင်မို့လို့ ပြောရက်တယ်’

မပန်းမြက သွေးအေးအေးနိုင်လှသည့် ကိုရာကျော်ကို ကြည့်ကာ အမြင်ကတ်ကတ်နှင့် မျက်စောင်းထိုးပြီးပြောလိုက်သည်။ တကယ်တော့ အခုလို အခြေအနေမျိုးတွင် ရှိသမျှရွှေငွေ လက်ဝတ်ရတနာတို့ကို ပေါင်နှံလိုက်ရသည့်အပြင် ကိုစက်ရှင်ဆီ



မှ လုပ်ငန်းတိုးချဲ့အတိုးနှင့် ယူထားသည့် ငွေများကလည်း မနည်းလှချေ။

‘စီးပွားရေးလုပ်တယ်ဆိုတာ မြတ်ရင် မြတ်၊ မမြတ်ရင် ရှုံးမှာပဲ ပန်းမြ၊ အခုလိုဖြစ်ရတာလည်း အကြောင်းအကျိုး တိုက်ဆိုင်လို့ ဖြစ်လာရတာပဲလေ၊ ဒါကို ပူဆွေးသောကရောက်နေလို့ ငါတို့ဆုံးရှုံးသွားတဲ့ ငွေတွေ ပစ္စည်းတွေက ပြန်ရလာမှာမှ မဟုတ်ဘဲ၊ အေး… တစ်ခုရှိတာက ငါတို့ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ကိုစက်ရှင်ဆီမှာ ပြန်ပြီးရွေးနိုင်ဖို့ပဲ’

ကိုရာကျော်အသံတွေက တရားမွှဆန်နေ၏။ မပန်းမြကတော့ ဆံပင်များမဖြီးမသင်နိုင်ဘဲ မသာမယာမျက်နှာဖြင့် အိမ်ရှေ့ ညှိခန်းထဲမှ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထို့နောက် ပင်လယ်ပြင်အတွင်း မုန်တိုင်းကို အန်တုနေသော သူတို့၏ စက်လှေနှင့် အလုပ်သမားများကို ဘေးမသီ ရန်မခစေရန် ပါးစပ်က တတွတ်တွတ်နှင့် ဆုတောင်းနေမိသည်။

နောက်ထပ်ရက်အနည်းငယ်အကြာတွင် မပန်းမြ ဆုတောင်းသလိုဖြစ်မလာဘဲ သတင်းဆိုးကို ဘယ်လိုမှ မယုံကြည်ချင်လောက်အောင် ကြားလိုက်ရသည်။

မပန်းမြက ဘဝတစ်ခုလုံး ပျက်လုခမန်း ဆုံးရှုံးလိုက်ရသည့် အဖြစ်ဆိုးကြီးအား ကိုရာကျော်ကို အားကိုးတကြီး ပြောပြသော်လည်း ကိုရာကျော်က မတုန်မလှုပ် အေးတိအေးစက်နှင့် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရာကျော်မှာ အရင်က အလုပ်ကို ကြိုးစားပမ်းစားလုပ်ခဲ့သမျှ မိကျောင်းအမြဲတော့ရပြီးသည့်နောက်တွင် အလုပ်ကို စိတ်မဝင်စားတော့။ နေ့ရှိသရွေ့ တရားထိုင်သလိုလို၊ ပုတီးစိပ်သလိုလိုနှင့် အချိန်ကုန်နေခဲ့သည်။

မပန်းမြမှာလည်း ကျောက်ဒိုး၏ကိုယ်ဝန်ကို တစ်ဖက်က လွယ်ထားရင်း အိမ်၏စီးပွားရေးကို ဦးဆောင်ပြီး လုပ်နေရသည်။ အခုလည်း ပင်လယ်ပြင်တွင် ကုန်အပြည့်နှင့် နစ်မြုပ်သွားသော သူတို့၏စက်လှေကြောင့် သောကတွေနှင့် မီးတောက်လောင်နေချိန်တွင် ကိုရာကျော်ကတော့ မတုန်မလှုပ်နှင့် အေးစက်စက်ပင် ဖြစ်နေသည်။

တဖြည်းဖြည်း မူမမှန်ဖြစ်လာနေသော ကိုရာကျော်ကို မပန်းမြ သတိမထားမိ။ ဆုံးရှုံးသွားသော ကုန်ပစ္စည်းများအပြင် လှေပေါ်ပါသွားကြသည့် ကိုလှလှနှင့် အခြားအလုပ်သမားများအတွက် လျော်ကြေးအဖြစ် ငွေကြေးအမြောက်အမြားကိုလည်း ထေလိုက်ရပြီး စီးပွားရေးက သိသိသာသာကြီး ကျဆင်းလာသည်။

❖ ❖ ❖

တဖြည်းဖြည်းနှင့် ကိုရာကျော်မှာ အနေအထိုင် အပြောအဆို အမူအရာတွေ ပြောင်းလဲလာသည်သာမက အစားအသောက်တွေပါ ခါတိုင်းနှင့်မတူဘဲ ထူးထူးဆန်းဆန်းတွေ စားလာသည်။



အံ့ဩစရာကောင်းသော အပြောင်းအလဲ အဖြစ်အပျက်က ကိုရာကျော်တစ်ယောက် ဒီနောက်ပိုင်းတွင် အမဲသား၊ ငါးကို ခုံခုံမင်မင် စားလာခြင်းပင်ဖြစ်၏။

မပန်းမြက အခုတစ်လော အမဲသားကို မက်မက်မောမော တောင်းဆိုလာသော ကိုရာကျော်ကိုကြည့်ကာ မဝံ့မရဲနှင့် မေးလိုက်၏။

'ဘယ်လိုဖြစ်တာလဲ ကိုရာကျော်၊ ရှင် အရင်က ခြေလေးချောင်းသားကို စားဖို့မပြောနဲ့၊ ကြည့်တောင်မကြည့်ချင်တဲ့သူက အခုတော့ နေ့ရော ညရော ဒီအမဲသားကိုပဲ ချက်ခိုင်းနေတော့တာပဲ'

မပန်းမြမှာ ကိုရာကျော်ကိုကြည့်ကာ အလိုလို သံသယစိတ်တွေဖြစ်လာ၏။ နောက်ပြီး ကိုရာကျော်တစ်ယောက် သူစားချင်သည့် အမဲသားကို မြိန်ရေရှက်ရေစားသောက်ပြီးသောအခါ နေရာတစ်နေရာတွင် မလှုပ်မရှက် အချိန်တော်တော်ကြာအောင် ငြိမ်သက်နေသည်ကိုလည်း မပန်းမြရင်ထဲ၌ ဘဝင်မကျဖြစ်နေမိသည်။

ကိုရာကျော်က လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း လမ်းလျှောက်နေရာမှ . . .

'အေးဟာ ပန်းမြရာ၊ ငါလည်း အခုတစ်လော ဒီအသားတွေကို စားရတာ ဘယ်လိုအရသာရှိမှန်းကို မသိဘူး၊ စားပြီးရင်း ထပ်စားချင်နေတော့တာပဲ'

မပန်းမြမှာ ကိုရာကျော် မက်မက်မောမောစားချင်သည့် အမဲသားကို ကိုယ်တိုင်ချက်ပြုတ်မပေးဘဲ သူတို့အိမ်မှခိုင်းစေသည့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မိန်းကလေးကိုသာ အချက်ခိုင်းလေ့ရှိသည်။ ထိုသို့ချက်ပြုတ်ပြီးလျှင် ကိုရာကျော်က မိသားစုနှင့်အတူမစားဘဲ သူ့ဘာသာသူ သီးသီးသန့်သန့်စားရမှ ကျေနပ်သလိုလို ဖြစ်မိသည်။

အခုလည်း အိမ်နောက်ဖေးတွင် ချက်နေသည့် အမဲသားဟင်းအနံ့က ကိုရာကျော်၏ နှာခေါင်းဝသို့ တိုးဝင်လာကာ သူ့တစ်ကိုယ်လုံးရှိ အကြောများက တဖျင်းဖျင်းနှင့် ရှန်းကန်လှုန့်လူးလာသလို ခံစားနေရသည်။

'ကဲ… ကဲ… မိမွေးရေ၊ ဟင်းကျက်ရင် ငါစားတော့မယ်ဟေ့'

ကိုရာကျော်မှာ အိမ်နောက်ဖေးတွင် ချက်ပြုတ်နေသည့် အိမ်ဖော်မလေး မိမွေးကို စိတ်မရှည်တော့ဘဲ လှမ်းအော်ပြောလိုက်သည်။

မယန်းမြမှာ ကိုရာကျော်ကို ကြည့်ရင်း ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်နေရသည်။

ထိုနေ့ညက အမဲသားကို မြိန်ရေရှက်ရေ ကိုက်ဖွဲ့စားသောက်နေသော ကိုရာကျော်ကို မယန်းမြရော အိမ်ဖော်မလေး မိမွေးပါ တအံ့တသြနှင့် ကြည့်နေမိကြသည်။ ထိုသို့ကြည့်နေစဉ် အမဲသားတုံးကို ဆွဲယူကိုက်ဖွဲ့လိုက်သော ကိုရာကျော်၏ ရှေ့သွားနှစ်ချောင်းမှာ ထမင်းပန်းကန်ထဲသို့ ကျွတ်ထွက်ကျလာ၏။

'ဂလောင်'

'ဟင်…'



မယန်းမြမှာ ရုတ်တရက်ကျွတ်ထွက်သွားသော ကိုရာကျော်၏ သွားနှစ်ချောင်းကိုကြည့်ကာ ကိုယ်ကို အောက်သို့ အနည်းငယ်ဆုတ်လိုက်မိ၏။ ထို့နောက်…

'ကဲ… ဘယ့်နှယ်လဲ ကိုရာကျော်၊ စားချင်ဦးလေ ဒီအမဲသား၊ အခုတော့ သွားတောင်ကျွတ်ပြီ မဟုတ်လား၊ အဲဒါ ရှင့်တစ်သက်လုံးမစားပါဘူးလို့ ကတိပေးထားပြီး ပြန်စားလို့ ပုဂ္ဂိုလ်တွေက ရှင့်ကို အပြစ်ပေးတာနေမှာ'

မယန်းမြက ပါးစပ်ထဲရှိရာကို စိတ်ပေါက်ပေါက်နှင့် ပြောနေလိုက်၏။

ကိုရာကျော်မှာ ပန်းကန်ပြားထဲသို့ ကျွတ်ကျလာသော သူ့သွားနှစ်ချောင်းကို လက်ဖြင့်ကောက်ယူလိုက်ပြီး ပါးစပ်ထဲမှ ထုတ်ပလောင်းလေးသံဖြင့်…

'အဓိပ္ပာယ်မရှိတာ၊ နင်တို့ချက်တဲ့ဟင်းတွေကိုက မနူးလို့ဖြစ်တာ'

ကိုရာကျော်မှာ ရှေ့သွားနှစ်ချောင်းကျွတ်ကျသွားသော်လည်း တစ်ချက်ကလေးမှ ဟန်မပျက်ဘဲ အားရပါးရ ဆက်ပြီးစားနေ၏။ သူ့မျက်နှာအမူအရာမှာလည်း ဘာမှအရေးမကြီးသည့်ကိစ္စတစ်ခုလို သွေးအေးအေးပင်ဖြစ်နေသည်။ မယန်းမြနှင့် အိမ်ဖော်မလေး မိမွေးတို့မှာ ဘာစကားမှ ထပ်ပြီးမပြောကြတော့ဘဲ အထူးအဆန်းဖြစ်နေသည်။ ကိုရာကျော်၏ အမူအရာတွေကိုကြည့်ကာ အံ့သြနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မပန်းမြတို့အတွက်တော့…

ထိုထက်ပိုပြီး ထူးဆန်းအံ့သြဖွယ်ကောင်းသည့် အဖြစ်က နောက်နှစ်ရက်အကြာတွင် ဖြစ်လာခဲ့သည်။

❖ ❖ ❖

'ဟယ်… ကိုရာကျော် သွားတွေပြန်ပေါက်နေပါလား။ မိမွေးရေ လာကြည့်စမ်းပါဦးဟ'

မပန်းမြမှာ နေဝင်ရီတာရောအချိန် အိမ်ရှေ့ ဝါးကွပ်ပျစ်ပေါ်တွင် တခေါခေါနှင့် ပါးစပ်အဟောင်းသားအိပ်ပျော်နေသော ကိုရာကျော်ကိုကြည့်ကာ အံ့သြတုန်လှုပ်သွားပြီး မီးဖိုချောင်မှ အိမ်ဖော်မလေးမိမွေးကို လှမ်းအော်ပြီး ခေါ်လိုက်၏။

ကိုရာကျော်၏ ရှေ့သွားနှစ်ချောင်းမှာ အမှန်တကယ်ပင် ပြန်ပေါက်နေပြီဖြစ်၏။

'ထူးဆန်းလိုက်တာ မမရယ်၊ အစ်ကိုကြီး ကိုရာကျော်ကို ဘယ်လိုမှနားမလည်နိုင်တော့ဘူး မမ'

မီးဖိုချောင်မှ သုတ်သီးသုတ်ပျာပြေးထွက်လာသော မိမွေးမှာ လက်နှီးစနှစ်ဖက်ကို လက်ထဲတွင်ကိုင်ထားရင်း အိပ်ပျော်နေသည့် ကိုရာကျော်ကို ကြည့်ကာ မျက်လုံးအဝိုင်းသားနှင့် ဖြစ်နေ၏။

ကိုရာကျော်မှာလည်း ခါတိုင်းနှင့် ဘယ်လိုမှမတူသည်မှာ



တော့ အမှန်ဖြစ်သည်။ ယခုကဲ့သို့ မှောင်ရီပျိုးစည်နေခင်းအချိန်ချိန်းတွင် ဘယ်တုန်းကမှ နှစ်နှစ်ခြိုက်ခြိုက်အိပ်ဖူးသူ မဟုတ်။ အဖတ်လျှင် ဖတ်၊ မဖတ်လျှင် တစ်အိမ်လုံး ဟိုနားကုတ်ကုတ် ဒီနားကုတ်ကုတ်နှင့် အလုပ်ကိုရှာဖွေပြီး လုပ်နေတတ်သူဖြစ်သည်။

မပန်းမြမှာ ဖွင့်ဟနေသော ပါးစပ်နားသို့ကပ်ကာ အသစ်ပြန်ပေါက်လာသည့် ရှေ့သွားနှစ်ချောင်းကို ကပ်ကြည့်ပြီး လက်နှင့် အသာတို့ထိကြည့်လိုက်သည်။

'ငါ့ယောက်ျားတော့ တစ်ခုခုလွဲမှားနေပြီ ထင်တယ်၊ ဘုရားဘုရား မပြောကောင်း မဆိုကောင်း ဘီလူးသဘက်တွေ ဘာတွေကများ လူယောင်ဖန်ဆင်းထားတာလား၊ မဟုတ်သေးပါဘူး၊ ငါဘာတွေလျှောက်တွေးနေမိတာပါလိမ့်'

မပန်းမြက ကိုရာကျော်ကိုကြည့်ပြီး တောင်တောင်အီအီတွေလျှောက်ပြီးစဉ်းစားနေစဉ် ကိုရာကျော် မျက်စိတွေပွင့်ဟလာ၏။

'ဟင်…'

ပွင့်ဟလာသော ကိုရာကျော့်မျက်လုံးနှစ်ဖက်ကို ကြည့်နေရင်း မပန်းမြမှာ နောက်ထပ်တစ်ကြိမ် အံ့သြတုန်လှုပ်သွားရပြန်သည်။

ကိုရာကျော်၏ မျက်လုံးအစုံ ပွင့်ဟလာပြီး မကြာခင် ထိုမျက်လုံးထဲ၌ နောက်ထပ်မျက်လွှာတစ်ခုက ဖျတ်ခနဲ ထပ်ပြီးပွင့်သွားပြန်သည်။

'ငါ့မျက်စိတွေကလည်း အမြင်မှားတာလား၊ တကယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် လူတစ်ယောက်ရဲ့ ပွင့်ပြီးသားမျက်လုံးတွေထဲကနေ နောက်တစ်ထပ် မျက်လုံးထပ်ပြီး ပွင့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မျက်လုံးက နှစ်ထပ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး'

မယန်းမြမှာ သူမမြင်လိုက်ရသည့် ထူးထူးဆန်းဆန်းမြင်ကွင်းကြောင့် ကြက်သီးမွေးညင်းများပင် ဖျန်းခနဲထသွား၏။ စောစောက ကိုရာကျော်ဘေးတွင် မတ်တတ်ရပ်ပြီး ကြည့်နေသည့် မိမွေးကလည်း အနားမှာ မရှိတော့။ ဒီမြင်ကွင်းကို မယန်းမြတစ်ယောက်တည်းသာ မြင်လိုက်ရသည်။

'ကိုရာကျော်… ကိုရာကျော် ထစမ်းပါဦး၊ ရင်ကလည်းအချိန်မဟုတ် အခါမဟုတ် အိပ်နေလိုက်တာ၊ ဟိုတစ်ရက်က ကျွတ်သွားတဲ့ ရှင့်သွားတွေ ပြန်ပေါက်နေပြီတော့ အံ့သြစရာကောင်းလိုက်တာ'

ကိုရာကျော်မှာ မယန်းမြစကားကြောင့် ငုတ်တုတ်ထထိုင်ပြီး သွားရှေ့သွားနှစ်ချောင်းကို လက်ဖြင့်စမ်းကြည့်လိုက်ရင်း…

'ဩော်… အေးဟ ဟုတ်သားပဲ'

ကိုရာကျော်မှာ ထိုထက်ပိုပြီး ထူးထူးခြားခြား အံ့အားသင့်သည့်အမူအရာတို့ ဖြစ်မနေဘဲ…

'ကဲ… မယန်းမြရေ၊ ထမင်းလေး ဟင်းလေး လုပ်စမ်းပါဦးဟ၊ ငါ့ဗိုက်က ဆာသလိုပဲ'

မယန်းမြက မွေးဖွားခါနီး ကိုယ်ဝန်အရင့်မာကြီးကို လက်နှင့်



တပိုက်ပိုက်တပွေ့ပွေ့ဖြင့် အိမ်နောက်ဖေးသို့မှ မိမွေးကို လှမ်းအော်ပြီး ပြောလိုက်သည်။

'မိမွေးရေ… ဒီမှာ နင့်အစ်ကိုကြီး ထမင်းစားတော့မယ်တဲ့၊ လုပ်ပေးလိုက်ဦး'

'ချက်ထားပြီးပြီလေ မမရဲ့၊ အမဲသားဟင်းအိုးက မီးဖိုဘေးက ကြောင်အိမ်ပေါ်မှာတင် မနက်ဖြန်အတွက်ချက်ဖို့ တစ်အိုးသတ်သတ်လည်း ဖယ်ထားပြီးသား'

'ကဲ… ကိုရာကျော်၊ ကြားတဲ့အတိုင်းပဲ။ ရှင့်ဘာသာရှင် ခူးခပ်ပြီးစားလိုက်တော့၊ မိမွေးကလည်း သိတဲ့အတိုင်း အားတာမဟုတ်ဘူး၊ ကျွန်မကလည်း အဲဒီခြေလေးချောင်းသားတွေ ကိုင်မိရင် ညှီစော်နံတတ်လွန်းလို့'

'အေးပါဟ… ငါ့ဘာသာငါပဲ ခူးခပ်ပြီး စားလိုက်ပါမယ်'

ကိုရာကျော်က အိပ်မှုန်စုံမွှားဖြင့်ပြောရင်း မီးဖိုချောင်ဘက်သို့ ထသွား၏။ မယန်းမြက…

'တော့… ကိုရာကျော်၊ မီးခွက်ထွန်းပြီးယူသွားလေ၊ တော်ကြာဆို မှောင်လာတော့မှာ'

'ရပါတယ်ဟာ၊ ထွန်းမနေတော့ပါဘူး'

မယန်းမြမှာ အနီးရှိ ဆေးလိပ်တိုကို ကောက်ယူဖွာလိုက်ပြီး ဆေးလိပ်တိုမှ ပြာစများကို လက်ဖြင့်တို့ကာ လျက်နေ၏။ ဒါက မယန်းမြတို့လို ကိုယ်ဝန်ဆောင်တွေ ဖြစ်လေ့ဖြစ်ထရှိသည့် ချင်ခြင်းတစ်မျိုးပေလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်တစ်ဝက်ခန့် ကုန်ခါနီးမှာပင် မိုးစုံးစုံးချုပ်နေပြီဆိုသည်ကို မပန်းမြ သတိထားမိသွား၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှောင်မည်းလျက်၊ မီးဖိုချောင်ဘက်ဆီကို လှမ်းကြည့်လိုက်တော့လည်း မှောင်နှင့်မည်းမည်း။

'ကိုရာကျော်တစ်ယောက်လည်း ခက်တော့တာပဲ၊ မှောင်ကြီးမည်းမည်းထဲမှာ ဘယ်လိုထမင်းစားနေလဲ မသိဘူး'

မပန်းမြက ခင်ပွန်းဖြစ်သူကို လျစ်လျူရှုမနေနိုင်တော့သဖြင့် ဆေးပေါ့လိပ်မီးညှိသည့် ကြေးမီးခြစ်ကြီးကို ထောက်ခနဲခြစ်ကာ အနီးရှိ ရေနံဆီမီးခွက်ကို ထွန်းလိုက်သည်။

'တော့ ကိုရာကျော်'

မပန်းမြက ရေနံဆီမီးခွက်ကိုကိုင်ကာ မီးဖိုခန်းအတွင်းသို့ ဝင်လိုက်၏။

'ဟင်…'

ရေနံဆီမီးခွက်၏ ဝါကျင့်ကျင့်အလင်းရောင်အောက်တွင် မြင်လိုက်ရသည်က ကိုရာကျော်တစ်ယောက် ဟင်းအိုးထဲမှ ဟင်းများကို ပန်းကန်ထဲသို့ပင် ခပ်မထည့်တော့ဘဲ ဟင်းအိုးတစ်လုံးကို စားပွဲပေါ်တင်၍ အိုးထဲမှ တစွတ်စွတ်နှိုက်ကာ အားပါးတရ စားသောက်နေသည်ကိုပင် ကိုရာကျော်က မပန်းမြဝင်လာသည်ကို တစ်ချက်လှည့်ကြည့်ပြီး ပါးစပ်ထဲမှ ထမင်းတွေ ဟင်းတွေ ပါးလုပ်ပလောင်းဖြင့် ပြောလိုက်သည်။

'ဟဲ့… ပန်းမြ၊ ဒီတစ်ခါ ဟင်းချက်တာ ကောင်းလိုက်



တာဟာယ်၊ ဘယ်လိုအရသာရှိမှန်းကို မသိဘူး၊ ခါတိုင်းနဲ့ကို မတူဘူးဟ၊ မိမွေးချက်တာ ဟုတ်ရဲ့လား'

'မိမွေးက လွဲလို့ ဘယ်သူချက်ရမှာတုံးတော့'

'ဟုတ်ရဲ့လားဟယ်၊ လက်ရာက ခါတိုင်းနဲ့ကို မတူဘူး၊ ငါတော့ ဒီတစ်ခါစားရတဲ့ အမဲသားအရသာလောက်ကောင်းတာ လောကမှာ ရှိတောင်မရှိဘူးထင်တယ်'

ပြောရင်းနှင့် ကိုရာကျော်က သူ့နှုတ်ခမ်းကို လျှာဖြင့် အငမ်းမရသတ်လိုက်၏။ မပန်းမြက မျက်မှောင်ကြုတ်လိုက်ပြီး…

'တော်ပြောပုံက လွန်လှချေလား၊ ဘယ်လိုတွေများ ချက်ထားလို့တုံး၊ မှန်း… ပြစမ်းပါဦးတော့'

မပန်းမြက ဟင်းအိုးအနီးသို့ ရေနံဆီမီးခွက်ကို ကိုင်မြှောက်ရင်း အိုးထဲသို့ ငုံ့ကြည့်လိုက်၏။

'ဟင်… ဘုရား… ဘုရား'

မြင်လိုက်ရသောမြင်ကွင်းကြောင့် မပန်းမြတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။ အပြင်သို့ အန်ထွက်ကျလုလုပါးစပ်ကိုလည်း လက်ဖြင့် ကပျာကယာလှမ်းပိတ်လိုက်ရသည်။ တုန်လှုပ်ခြောက်လန့်လွန်းသဖြင့် ကြက်သီးများပင် တဖျန်းဖျန်းထလာတော့သည်။

'အမလေး ကြောက်စရာကြီး'

ကိုရာကျော် နှိုက်စားနေသည့် အိုးကား ချက်ပြီးသားဟင်းအိုးမဟုတ်ဘဲ မနက်ဖြန်ကျမှ ချက်ဖို့ သတ်သတ်ဖယ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ထစ်တုံးတစ်ပြီးသား အမဲသားစိမ်းများပင် ဖြစ်လေသည်။

ညအမှောင်သည် ရွာလမ်းပေါ်တွင် ချောက်ချားဖွယ်ရာ ဝပ်စင်းနေ၏။ ကျက်သရေကင်းမဲ့သော ခွေးအူသံများကလည်း မပန်းမြတို့အိမ်နားတစ်ဝိုက်တွင်မှ ဆင့်ကာဆင့်ကာ ပဲ့တင်ထပ်နေသလို ဆွဲဆွဲငင်ငင် ထွက်ပေါ်နေလေ၏။

ကိုယ်ဝန်ရင့်မာကြီးနှင့် ဘေးတစောင်းအိပ်နေသော မပန်းမြမှာ ကြောက်မက်ဖွယ်ရာ ခွေးအူသံများကြောင့် မကြာခဏလန့်ပြီးနိုးနေ၏။ မပန်းမြ၏ နောက်ကျောနားတွင် ကပ်ပြီးအိပ်ပျော်နေသည့် ကိုရာကျော်မှာတော့ မလှုပ်မယှက်နှင့် အိပ်မောကျလျက် ရှိနေသည်။

'ဝူး… အူး… အူး'

ဒီတစ်ခါ ထပ်ပြီးအူလိုက်သည့် ခွေးအူသံကြီးက မပန်းမြတို့လင်မယား အိပ်ပျော်နေသည့် အခင်းကြမ်းပြင်အောက်တည့်တည့်မှ ကပ်ပြီးအူလိုက်သည့် အသံကြီးဖြစ်သည်။

'ဘုရား၊ ဘုရား၊ ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ'

မပန်းမြမှာ ကယောင်ချောက်ချားနှင့် ဘုရားစာများ အမြီးအမောက်မတည့်ဘဲ ရေရွတ်နေမိ၏။ မပန်းမြ၏ နဖူးပြင်တစ်ခုလုံးမှာလည်း ချက်ချင်းဆိုသလို ချွေးစေးများဖြင့် ရွှဲရွှဲစိုလာလျက် တစ်ချက်တစ်ချက် တိုးလှုပ်နေသော မိုက်ထဲမှ ရင်သွေးကိုလည်း လက်တစ်ဖက်ဖြင့် ပွေ့ပိုက်ထားမိနေ၏။



ခုတင်ခေါင်းရင်းမှ ပြတင်းပေါက်မှာလည်း လမိုက်ညဖြစ်သောကြောင့် အခန်းထဲတွင် အမှောင်အတိကျနေ၏။ ညဦးတုန်းက အိုက်စပ်စပ်ရှိသဖြင့် ပြတင်းပေါက်ကိုဖွင့်ပြီး အိပ်မိခဲ့သည့် မိမိကိုယ်ကိုပင် ပြန်ပြီးအပြစ်တင်မိတော့သည်။

'ဒုက္ခပါပဲ၊ အဲဒီပြတင်းပေါက်ကနေများ ဘွားခနဲဝင်လာရင်တော့'

ဘာဝင်လာမည်မှန်း မည်မည်ရရမသိဘဲနှင့်ပင် မပန်းမြတစ်ယောက် သူ့စိတ်သူခြောက်လှန့်ကာ အကြောက်ကြီးကြောက်နေမိ၏။ ထိုပြတင်းပေါက်ကို ထပိတ်ချင်သော်လည်း ထမသွားရဲဘဲဖြစ်နေသည်။ နောက်ပြီး ကိုယ်ဝန်က အရင့်အမာနှင့်မို့ ထရထိုင်ရသည်မှာ မလွယ်။

'ကျွတ်… ကျွတ်… ကျွတ်…'

နံရံတစ်ဖက်ဆီမှ ရုတ်တရက်ကျယ်လောင်စွာ ထွက်ပေါ်လာသော အိမ်မြှောင်စုတ်ထိုးသံကြောင့် မပန်းမြတစ်ကိုယ်လုံး တုန်သွားသည်။

'ဒုက္ခပဲ၊ အရေးထဲမှ ကိုရာကျော်ကလည်း ကုလားသေကုလားမော အိပ်နေလိုက်တာ'

ဒေါသစိတ်လား၊ ကြောက်လန့်စိတ်လား ခွဲခြား၍မရတော့။ မပန်းမြ၏ အာရုံထဲတွင် မူးနောက်နောက်ဖြစ်လာသည်။ ခုတင်ဘေးတွင် ထားနေကျ ရေနံဆီမီးခွက်ကို လက်ဆန့်တန်းကာ စမ်းပြီးစစ်ဆေးလိုက်သော်လည်း ခါတိုင်းလို မတွေ့။

www.burmeseclassic.com

www.burmeseclassic.com



မပန်းမြ ပိုပြီးစိတ်အားငယ်သွားသလို ခံစားလိုက်ရ၏။

'ဟင်… အိပ်ရာဝင်ခါနီးတုန်းက မီးခြစ်နဲ့ ရေနံဆီမီးခွက်ကို ငါ ဘယ်နားမှာထားခဲ့မိပါလိမ့်၊ ငါ့နှယ်နော်၊ အရေးထဲမှ…'

ကြောက်စိတ်၊ အားငယ်စိတ်တို့ကြောင့် မပန်းမြ ကယောင်ချောက်ချား ရေရွတ်ရင်း နဖူးမှ ချွေးစေးများကို သုတ်ပစ်လိုက်၏။ ထိုစဉ်မှာပင်…

'အူး… ဝူး… အူး'

ခုတင်ခေါင်းရင်းနားမှ ကပ်ပြီးအူလိုက်သည့် ခွေးအူသံကြီးကြောင့် မပန်းမြတစ်ကိုယ်လုံး တုန်ယင်ကာ လိပ်ပြာလွင့်မတတ်ဖြစ်သွား၏။

'ကိုရာကျော်… ကိုရာကျော် ထပါဦး'

ကိုယ်ကို တစောင်းလှဲနေရာမှ မပန်းမြက သူမ၏နောက်ကျောဘက်တွင် အိပ်ပျော်နေသော ခင်ပွန်းသည်ဖြစ်သူ ကိုရာကျော်ကို လှုပ်နှိုးရန် လက်ဖြင့် နောက်ပြန်လှမ်းထိကိုင်လိုက်ရာ…

'အမလေး… ဘာကြီးပါလိမ့်'

သူမ စမ်းကိုင်လိုက်မိသောအရာကား ကိုရာကျော်၏ ခန္ဓာကိုယ်မဟုတ်ဘဲ မာကျောကြမ်းရှပြီး အကွက်အကွက်ထနေသည့် မိကျောင်းတစ်ကောင် ကျောကုန်းပေါ်မှ ဆူးတောင်ကြီးများပင်။

'အား'

'ဒါ… ဒါ ကိုရာကျော်လည်း မဟုတ်ဘူး၊ မိကျောင်းကြီး၊ မိကျောင်းကြီး၊ လာကြပါဦးရှင်၊ ဒီ… ဒီမှာ'



တိတ်ဆိတ်နေသော ညအချိန့်တွင် မပန်းမြ၏ သွေးပျက်မတတ် အော်လိုက်သံကြောင့် အနီးအနားပတ်ဝန်းကျင်ရှိ အိမ်များမှ လူတွေ အလန့်တကြားနိုးလာပြီး မီးတုတ်များ၊ ဓားများကိုင်ဆောင်ကာ အပြေးအလွှားရောက်လာကြတော့သည်။

'ဟဲ့… ဘယ်မှာလဲ၊ ဘယ်မှာလဲ'

'ပန်းမြ၊ ပန်းမြ၊ ဘာဖြစ်သွားသေးလဲ'

'ဘယ်မလဲ မိကျောင်း၊ ဖယ်စမ်း ဖယ်ကြစမ်း'

ဒရောသောပါးပြေးဝင်လာကြသော လူများ၏ မီးတုတ်အလင်းရောင်ကြောင့် မပန်းမြအိပ်နေသော အခန်းတစ်ခုလုံး လင်းထိန်သွားသည်။

မီးတုတ်များ၏ အလင်းရောင်အောက်တွင် မြင်လိုက်ရသည်ကတော့…

ကိုရာကျော်တစ်ယောက် ဘာကိုမှသိဟန် ကြားဟန်မတူဘဲ တခူးခူးတခေါခေါနှင့် နှစ်ခြိုက်စွာအိပ်မောကျနေသည်ကိုပင်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ပုပြင်းတောက်ပနေသည့် နေရောင်ထဲတွင် ဆားငန်ရည်နှင့်တို့က ငါးပိ၊ ငါးခြောက်နံ့များနှင့်ရောကာ ပတ်ဝန်းကျင်တစ်ခုလုံး ညှီစို့စို့ ပုပ်အဲ့အဲ့ဖြစ်နေ၏။ ခပ်လှမ်းလှမ်းမှ လှိုင်းပုတ်သံတဝုန်းဝုန်းကိုလည်း အခါမလပ် ကြားနေရသည်။

ဘကြီးမှတ်က ပြောလက်စစကားကို ခဏရပ်ရင်း ရေနွေးကြမ်းတစ်ခွက်ကို ငုံ့ကာ သောက်လိုက်၏။ ထို့နောက်…

'အဲဒီလို ထူးထူးဆန်းဆန်းတွေ တွေ့ကြုံပြီးတဲ့နောက်မှာ ရာကျော်တို့ စီးပွားရေးအခြေအနေတွေ အတော်ကလေး ယိုယွင်းလာတော့တာပဲ၊ ဒီကြားထဲ အဲဒီအချိန်မှာ မပန်းမြက မင်းကို မီးဖွားလိုက်တော့ အိမ်မှုကိစ္စတွေနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေက လစ်ဟင်းကုန်တော့တာပေါ့ ကျောက်ဒိုးရာ'



ကျောက်ဒိုးက ဘကြီးမှတ်၏ ခြေသလုံးကို သူ့လက်ချောင်းကလေးများဖြင့် ဆုပ်နယ်ဖျစ်ညှစ်ပေးလိုက်ရင်း…

'ကျွန်တော့်ကိုမွေးတော့ အဖေက ဘာအလုပ်မှ မလုပ်တော့ဘူးလား ဘကြီးမှတ်'

'အေးကွ… ရာကျော်က မိကျောင်းအမြုတေရပြီးတဲ့နောက် ဘယ်အလုပ်ကိုမှ လက်ကြောတင်းအောင် မလုပ်တော့ဘဲ ဘုရားတရားလိုလို ဘာလိုလိုတွေ ဖြစ်နေတာပေါ့ကွာ၊ ဒါကို အခွင့်ကောင်းယူသူကတော့ အဲဒီတုန်းက ပန်းမြတို့ ရာကျော်တို့နဲ့ စီးပွားပြိုင်ဖက်ဖြစ်နေတဲ့ ဦးစက်ရှင်တို့ပဲ ငါ့မြေးရဲ့'

'အဲဒီ ဦးစက်ရှင်ဆိုတဲ့လူကြီးက အမေတို့ကို ဘာဖြစ်လို့ စီးပွားလိုက်ပြိုင်နေရတာလဲ ဘကြီးမှတ်'

'ဒီလိုကွယ့်၊ ရွာထဲကို အဲဒီဦးစက်ရှင်တို့ ပြောင်းမလာခင်က မင်းအဖေ ရာကျော်နဲ့ ပန်းမြဟာ ငွေကြေးတော်တော်ပြည့်စုံတယ်လေ၊ ရွာထဲမှာလည်း မင်းမိဘတွေက ဩဇာညောင်းတော့ ဒီကောင်စက်ရှင်က မနာလိုဘူးနဲ့တူပါတယ်။ အဲဒီမှာ စက်ရှင်က အချိုသတ်ပေါင်းပြီး ပန်းမြတို့ ဒုက္ခရောက်နေတဲ့အချိန်မှာ ငွေတွေထုတ်ချေး၊ လုပ်ငန်းတွေ အတင်းတိုးချဲ့လုပ်ခိုင်းနေတော့တာပဲ၊ အစက ဒါကို ကိုရာကျော်က လက်မခံခဲ့ဘူး၊ နောက်ပိုင်းတော့ မတတ်သာတဲ့အဆုံး သူ့ဆီမှာပဲ ချေးငှားပေါင်နှံရတော့တာပေါ့၊ အဲဒီအချိန်အထိ စက်ရှင်ကို မင်းမိဘတွေက ကျေးဇူးရှင်တစ်ယောက်လို သတ်မှတ်နေခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမှတ်က ပူပြင်းတောက်လောင်နေသည့် အိမ်ရှေ့တံစက်မြိတ်အောက်ကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ...

'ဒီလိုနဲ့ တစ်နေ့မှာ စက်ရှင်ဆိုတဲ့ကောင်ရဲ့ ဇာတိရုပ်က ပြတော့တာပဲ လူလေး'

❖ ❖ ❖

မယန်းမြက ကျောက်ဒိုးကို မီးဖွားပြီး နှစ်လလောက်အကြာမှာ ခါတိုင်းလို အလုပ်သမားများကို မခိုင်းတော့ဘဲ ငါးခြောက်တွေ ဆားနယ်၊ ခွဲခြမ်းသည့်အလုပ်ကို ကိုယ်တိုင်လုပ်ကာ ယိုင်လဲသွားသော စီးပွားရေးကို ကြိုးစားပမ်းစားနှင့် နာလန်ထူအောင် မနည်းရုန်းကန်နေရသည်။

ကျဆင်းသွားသော အိမ်၏စီးပွားရေးအခြေအနေကြောင့် သူတို့အိမ်မှ ခိုင်းစေနေသည့် အိမ်ဖော်မလေး မိမွေးကိုပင် သူတို့ရပ်ရွာသို့ ပြန်ပို့ရသည်အထိ ဖြစ်သွားခဲ့သည်။

'ကိုရာကျော်တို့၊ မယန်းမြတို့ ဘယ်သွားကြလဲဟေ့'

ရုတ်တရက် ကြားလိုက်ရသော အိမ်ရှေ့မှခေါ်သံကြောင့် မယန်းမြမှာ မီးဖိုချောင်မှ ပြေးထွက်လာပြီး...

'ရှိပါတော်၊ ဘယ်သူများပါလိမ့်'

အိမ်ရှေ့တံခါးဝမှ တစ်အိမ်လုံးအနှံ့ ဟိုဟိုဒီဒီကြည့်နေသော ကိုစက်ရှင်ကို တွေ့လိုက်ရပြီး မယန်းမြမှာ တအံ့တသြဖြစ်သွား၏။



'သြော်... ကိုစက်ရှင်ပါလား၊ လာလေ၊ အိမ်ထဲကို မလာစဖူး အလာထူးတာ အကြောင်းတစ်ခုခုတော့ ရှိနေပြီထင်ပါရဲ့'

'အေး... ပြောရမှာတော့ အားနာနာပဲ ပန်းမြရေ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ပြောကို ပြောရတော့မှာပဲ'

ပြောပြောဆိုဆို ကိုစက်ရှင်က မယန်းမြတို့အိမ်အတွင်းသို့ လှမ်းဝင်လာ၏။

မယန်းမြမှာလည်း ခါတိုင်းနှင့်မတူသော ကိုစက်ရှင်၏ အမူအရာတို့ကို ကြည့်ကာ အထူးအဆန်းသဖွယ် မျက်တောင်ပင်မခတ်ဘဲ ပြန်ကြည့်နေမိသည်။ သူ့ရင်ထဲတွင်လည်း ကိုစက်ရှင်၏ ပါးစပ်က အားနာနာနှင့်ပြောမည့်စကားကို တစ်ခဏအတွင်းမှာပင် ရှာဖွေစဉ်းစားကြည့်နေမိ၏။

'လာရင်းကိစ္စကတော့ ငွေရေးကြေးရေးကိစ္စပဲ ပန်းမြ'

'ရှင်'

မယန်းမြမှာ ကြားလိုက်ရသော ကိုစက်ရှင်၏စကားကြောင့် နားထင်ရင်းမှ သွေးကြောကြီးများပင် ထောင်သွားမတတ်ဖြစ်သွား၏။ ကိုစက်ရှင်၏မျက်နှာမှာလည်း ခါတိုင်းနှင့်မတူဘဲ အနည်းငယ်တင်းမာနေသလို ဖြစ်နေသည်။ မယန်းမြက...

'ငွေရေးကြေးရေးကိစ္စဆိုရင်တော့ ခဏတော့သည်းခံပါဦးရှင်၊ ကျွန်မတို့လည်း အခက်အခဲလေးတွေ ရှိနေသေးလို့'

ကိုစက်ရှင်၏မျက်နှာမှာ ချက်ချင်းဆိုသလို မည်းမှောင်သွား၏။ မယန်းမြက ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကိုစက်ရှင်ဆီက ယူသွားတဲ့ငွေတွေကို ရှေ့နှစ်ဝါမဝင်ခင် ကျွန်မတို့ အမြန်ဆုံးဆပ်နိုင်အောင် ကြိုးစားမှာပါ၊ အခုတော့ ခဏ သည်းခံပါဦးရှင်'

မပန်းမြ တောင်းတောင်းပန်ပန်နှင့် ပြောနေသော်လည်း ကိုစက်ရှင်ကတော့ မရ။

'မစောင့်နိုင်ဘူး၊ ကျုပ်ကလည်း ဒီငွေတွေနဲ့ လည်ပတ်နေရတာ၊ ခင်ဗျားတို့ဆီက အခုပြန်ရမှဖြစ်မယ်'

ကိုစက်ရှင်၏မျက်နှာမှာ ကျားရဲတစ်ကောင်လို မာန်စွယ်နှင့် ငေါငေါဖြစ်နေ၏။ နောက်ပြီး သူ့ပုံစံက အကွက်ကျကျ ထောင်ချောက်ဆင်ထားပြီးသူတစ်ယောက်လို စကားလုံးတွေက ပြတ်သားတင်းမာနေ၏။

'ဟောတော်… ဒီလောက်ငွေတွေကို ကျွန်မတို့က လုံးခနဲ ဘယ်ဆပ်နိုင်မှာလဲ၊ ရှင်ပဲ အရင်က ကျွန်မတို့ကို လောကွတ်လုပ်ပြီး လုပ်ငန်းတွေတိုးချဲ့နိုင်း အရင်းအနှီးတွေ ထပ်တိုးခိုင်း ပိုက်ဆံတွေ အတင်းချေးနဲ့ အခု ကျုပ်တို့စက်လှေနှစ်ပြီး ဒုက္ခတွေရောက်နေတာမှ အလောတကြီးပြန်ဆပ်ခိုင်းနေရတယ်လို့ရှင်၊ ကျွန်မတို့လက်ထဲမှာ ငွေကကျန်တော့တာ မဟုတ်ဘူး'

မပန်းမြလည်း ကိုစက်ရှင်၏ မညှာမတာ တစ်ဖက်စောင်းနင်း အပြောအဆိုတို့ကြောင့် အနည်းငယ်လေသံမာမာနှင့် ပြန်ပြောလိုက်၏။

'ဒါတွေနားမလည်ဘူး၊ ခင်ဗျားတို့ဆီက ရစရာရှိတာတွေ



တို့ အတိုးရော အရင်းရော တစ်ခါတည်းရမှဖြစ်မယ်၊ ဒါပဲ'

ကိုစက်ရှင်၏လေသံက ဒေါသကြောင့် ကျယ်ကျယ်လောင်လောင် ပြတ်ပြတ်သားသားဖြစ်နေ၏။ မပန်းမြကလည်း…

'ဘာ… အတိုး ဟုတ်လား ကိုစက်ရှင်၊ ရှင် ကျွန်မတို့ကိုပေးငွေချေးတုန်းက ဒီအတိုးအကြောင်းကို ဘာတစ်ခွန်းမှ မပြောခဲ့ပါလား'

မပန်းမြမှာ အတိုးဆိုသည့်စကားကြောင့် ကိုစက်ရှင်၏ မျက်နှာကို တအံ့တသြနှင့်စိုက်ကြည့်ကာ အသားတွေပင် တဆတ်ဆတ်တုန်ယင်နေ၏။

'စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ ပန်းမြရယ်၊ ဒီလောက်ငွေတွေကို ဘယ်သူက အလကားချေးမှာလဲ၊ စီးပွားရေးသမားပဲ အတိုးလိုချင်လို့ ချေးတာပေါ့'

ဦးစက်ရှင်မှာ မပန်းမြ၏ စိုက်ကြည့်နေသော မျက်စိအောက်မှ တခြားတစ်ဖက်ဆီသို့ မျက်နှာလွှဲသွားကာ မချေမငံတွေ ပြန်ပြောလိုက်သည်။

မပန်းမြကတော့ ဒေါသကြောင့် ရင်ထဲတွင် မွန်းမွန်းကျပ်ကျပ်ကြီးဖြစ်နေကာ ဘာပြန်ပြောလို့ပြောရမှန်းပင်မသိအောင် စကားသံတွေ ဆွံ့အသလိုဖြစ်သွား၏။ ထို့နောက် တစ်ချိန်က ချမ်းသာကြွယ်ဝခဲ့သော မာန်မာနအကြွင်းအကျန်ဖြင့် လေသံကိုမြှင့်ကာ…

'ကဲ… ဒါဆိုလည်း သဘောပဲ၊ ယူမိမှတော့ ပြန်ဆပ်ရမှာပေါ့၊ ရှင့်ပိုက်ဆံတွေက အတိုးရော အရင်းရော ဘယ်လောက်လဲ

www.burmeseclassic.com



ဦးစက်ရှင်က သူ့အင်္ကျီအိတ်ထဲမှ သူ့သဘောဖြင့်သူ ရေး လာသည့် ငွေချေးစာချုပ်ကိုဆွဲထုတ်ပြီး မယန်းမြရှေ့သို့ ထိုးပေးလိုက် သည်။

'ဟင်'

ငွေချေးစာချုပ်ပေါ်တွင် ရေးသားထားသော ကိန်းဂဏန်း အရေအတွက်တွေကို ကြည့်ရင်း မယန်းမြမှာ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွား၏။ သူ့ပါးစပ်မှလည်း များပြားလှသည့် ငွေကြေးပမာဏ တို့ကို အကြိမ်ကြိမ်ပြန်ပြီး ရေရွတ်ကြည့်နေရင်း တအံ့တသြဖြစ် သွားသည်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျွန်မတို့ယူထားတဲ့ငွေတွေ ဒီလောက်မရှိဘူး၊ ဒါ သက်သက်မဲ့ လုပ်ကြံပြီးရေးထားတာ'

မယန်းမြမှာ ဦးစက်ရှင်၏ ငွေချေးစာချုပ်ကိုကိုင်ရင်း ခေါင်း တခါခါဖြင့် ခါးခါးသီးသီး ငြင်းနေ၏။ ဦးစက်ရှင်က မယန်း လက်ထဲမှ ငွေချေးစာချုပ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး လက်ဖြင့် တဖျန်းဖျန်းပုတ်ကာ...

'ဘာမရှိရမှာလဲ၊ ကျုပ်က စာချုပ်စာတမ်းနဲ့ သေချာရေး မှတ်ထားတာ၊ ဟောဒီမှာကြည့်၊ နယုန်လဆုတ်ကိုးရက်နေ့က ရာကျော် ပန်းမြယူငွေ လေးသောင်း၊ ဝါဆိုလဆန်းယူငွေ ရှစ်ထောင်၊ ဒါတွေကို ကျုပ်ကိုယ်တိုင်ရေးမှတ်ထားတာ၊ ခင်ဗျား တို့မကျေနပ်ရင်တော့ ဆိုင်ရာက စကားပြောရမှာပဲ'

ဦးစက်ရှင်မှာ သူ့လက်ထဲမှ ငွေချေးစာချုပ်ကို ဖြန့်ကာ



လက်ညှိုးတထောက်ထောက်ဖြင့် ပိုင်ပိုင်နိုင်နိုင်တွေ ပြောနေ ၏။

'အို... ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ရှင်ကြိုက်တဲ့နေရာမှာ ရှင်းလို့ရတယ်၊ ဒါတွေအားလုံးဟာ ရှင် သက်သက်မဲ့မတရားလုပ် ထားတာ'

'အေးလေ... ဒါဆိုလည်း ပြီးတာပဲ၊ ဒီကိစ္စကို ခင်ဗျား တို့ကိုယ်တိုင်က ရုံးပြင်ကနားမှာ ရှင်းချင်တယ်ဆိုရင် ကျုပ်က ဘာပြောစရာရှိလဲ၊ လှေမျောရင် လှေနဲ့လိုက်ရမှာပေါ့'

ဦးစက်ရှင်၏ နိုင်ထက်စီးနင်းစကားကြောင့် မယန်းမြမှာ အားကိုးမဲ့သူတစ်ယောက်လို တွေဝေငေးငိုင်သွားတော့၏။ တကယ် တော့ မယန်းမြတို့မှာ ယခုအချိန်တွင် ဦးစက်ရှင်ကဲ့သို့ အရာရာကို ငွေကြေးနှင့်ဆက်ယူ၍ မရတော့သည့်အခြေအနေမျိုးတွင် ဖြစ်နေ ရသည်။

ခဏအကြာ...

ကိုရာကျော်တစ်ယောက် အပြင်မှပြန်ရောက်လာသည်။ ကိုရာကျော်ကို မြင်မြင်ချင်း မယန်းမြမှာ အားကိုးတကြီးဖြင့် လှမ်း အော်ပြောလိုက်သည်။

'ကဲ... ကိုရာကျော်ရေ၊ လာပါဦးရှင်၊ ဒီမှာ သူ့ဆီက ကျုပ်တို့ ယူထားတဲ့ငွေတွေကို မတရားသဖြင့် အတိုးတွေနဲ့ အတင်း အကျပ်လာတောင်းနေပြီတော့၊ ဘယ့်နှယ်လုပ်ကြမတုံး'

'ဘာ မတရားသဖြင့်လဲ၊ ခင်ဗျားတို့ယူထားတဲ့ငွေတွေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကျုပ်က ဘာတစ်ခုမှတိုးပြီးတောင်းတာ မရှိဘူး၊ ရော့… ဟောဒီမှာ ဖတ်ကြည့်'

ကိုရာကျော်မှာ ဘာမသိ ညာမသိနှင့် ဦးစက်ရှင် လှမ်းပေးသော စာချုပ်ကို ကောက်ယူပြီး ဖတ်ကြည့်လိုက်၏။

'ဟင်… စုစုပေါင်း အတိုးရော အရင်းရော ငွေက ခုနှစ်သောင်းတောင်ပါလား'

တဆတ်ဆတ်တုန်ယင်နေသော ကိုရာကျော်၏ လက်ချောင်းများမှာ ချက်ချင်းဆိုသလို ချွေးစေးများဖြင့် စေးကပ်လာ၏။ တစ်ချိန်တည်းမှာပင် ကိုရာကျော်၏မျက်နှာမှာ အုံ့သြထိတ်လန့်သွားသည်။

တစ်ချိန်က သဘောထားပြည့်ဝလှပါသည်ဆိုသည့် ကိုစက်ရှင်၏မျက်နှာမှာလည်း လောဘရမ္မက်တို့၏ အရိုးအဆွေများကြောင့် အလျှံညီးညီးတောက်လောင်နေသည့် မီးကျီးမီးခဲတစ်စလိုပင် ဖြစ်နေသည်။

ကိုစက်ရှင်မှာလည်း မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ရုံးပြင်ကန္နားနှင့်သာ အထပ်ထပ်ခြိမ်းခြောက်ပြောဆိုနေ၏။

'ခင်ဗျားတို့ အရှက်တကွဲ အကျိုးနည်း မဖြစ်ချင်ရင်တော့ ဒီငွေတွေကို ခုနှစ်ရက်အတွင်း ကျုပ်ကိုပြန်ဆပ်ပါ၊ ဒါ ခင်ဗျားတို့လင်မယားအတွက် ကျုပ်က နောက်ဆုံးသက်ညှာတဲ့သဘောနဲ့ ပြောတာ'



ရင့်သီးလှသော ဦးစက်ရှင်၏စကားများကြောင့် ကိုရာကျော်တို့လင်မယားမှာ မျက်စိပျက်မျက်နှာပျက်နှင့် ခေါင်းမီးတောက်ကုန်ကြသည်။

'ဒီလိုဆိုလည်း တစ်လတန်သည် နှစ်လတန်သည်တော့ ခဏဆိုင်းပါဦး ကိုစက်ရှင်၊ ကျုပ်တို့မှာ ရှိတာလေးတွေ ထုခွဲရောင်းချပြီးရင် အကုန်လုံးပြန်ဆပ်မှာပါ'

ကိုရာကျော်၏ တောင်းတောင်းပန်ပန်စကားကြောင့် ကိုစက်ရှင်၏မျက်နှာမှာ ချက်ချင်းဆိုသလို ဝင်းခနဲလက်သွားပြီး သူ့မေးစေ့ဖောင်းဖောင်းကြီးကို လက်ဖြင့်ပွတ်သပ်ကာ…

'ခက်ပါပြီကော ကိုရာကျော်ရယ်၊ ပင်ပင်ပန်းပန်းတွေ လျှောက်ပြီးစဉ်းစားမနေပါနဲ့၊ ခင်ဗျားတို့မှာရှိတဲ့ အတွင်းပစ္စည်းတွေနဲ့ ကျုပ်ကိုပေးရမယ့် အတိုးတွေ အရင်းတွေကို ဖလှယ်လိုက်ရင်လည်း ပြီးတာပဲ မဟုတ်လား'

တကယ်တမ်းပြောရလျှင် ကိုရာကျော်တို့လင်မယား၌ အိမ်နှင့် ငါးဖမ်းလှေငယ်တစ်စီးစ နှစ်စီးစအပြင် အတွင်းပစ္စည်းက သိပ်ကျန်လှသည်တော့ မဟုတ်။ သူတို့မင်္ဂလာဆောင်တုန်းက ရထားသည့် ငွေတွေကလည်း အနည်းအကျဉ်းသာ ကျန်တော့သည်။ ထိုစဉ်တုန်းက မင်္ဂလာလက်ဖွဲ့ရထားသည့် နဂါးခေါင်းပုံလက်ကောက်ခုနှစ်ရံနှင့် ဒေါင်းဘယက်တို့မှာလည်း ကိုစက်ရှင်ဆီမှာ မတန်တဆဈေးနဲ့ ပေါင်နှံခဲ့ရသဖြင့် ထိုပစ္စည်းအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အတိုးနှင့်ချေလိုက်လျှင်ပင် ကိုရာကျော်တို့အကြွေးတွေက မကျေလောက်သေး။

နောက်ဆုံးတော့ ကိုရာကျော်နှင့် မပန်းမြတို့မှာ သက်ပြင်းကိုယ်စီချလိုက်ကြရင်း ဦးစက်ရှင်၏ မတရားသဖြင့် အကြံအစည်တို့ကို မျက်စိစုံမှိတ်ပြီး လက်ခံလိုက်ရသည်။

❖ ❖ ❖

ကျောက်ဒိုးမှာ ကလေးအရွယ်ဖြစ်သော်လည်း ဦးစက်ရှင်တို့နှင့်ပတ်သက်သည့်အကြောင်းများကို စိတ်ထဲမှ ကြိတ်ပြီး မခံမရပ်နိုင်အောင် ဖြစ်နေမိသည်။

'အား··· ဖြည်းဖြည်းလုပ်ပါကွ၊ ငါ့ခြေသလုံးက အရိုးပဲရှိတာ'

ဘကြီးမှတ်မှာ မကျေနပ်စိတ်ဖြင့် အံကိုတင်းတင်းကြိတ်ရင်း သူ့ခြေသလုံးကို ဆုပ်ကိုင်နှိပ်နယ်နေသော ကျောက်ဒိုးကို ရှုံ့မဲ့ပြီးပြောလိုက်၏။

'အတိုခြုံပြီးပြောရရင် မင်းမိဘတွေပိုင်ဆိုင်ခဲ့တဲ့ ရွှေတွေငွေတွေ လက်ကောက်တွေရော အိမ်နဲ့လှေတွေရော အကုန်လုံးကို စက်ရှင်က မတရားသိမ်းပိုက်လိုက်တာပေါ့ကွာ၊ အဲဒီအထဲမှာမှ နိုပြာရောင်သန်းနေတဲ့ ရတီချိန်လေးဆယ်ကျော်တန်တဲ့ စိန်ဆံထိုးကြီးကို မတန်တဆဈေးနဲ့နှိမ်ပြီး ပေးလိုက်ရတာကို ဘကြီးမှတ်အနှမြောဆုံးပဲ'



'ဒါဆို ကျွန်တော်တို့အကြွေးတွေက အဲဒီလောက်ပြန်ဆပ်ပြီးတာတောင် အခုအချိန်အထိ မကျေသေးလို့ ကျွန်တော့်ကို သူတို့အိမ်မှာ ခေါ်ခေါ်ပြီး အလုပ်တွေခိုင်းနေတာပေါ့နော် ဘကြီးမှတ်'

ဘကြီးမှတ်မှာ ကျောက်ဒိုး၏စကားကြောင့် အတော်ကလေးပင် စိတ်မကောင်းဖြစ်သွားပြီး ဘာစကားတစ်ခွန်းမျှပင် ပြန်မဖြေနိုင်လောက်အောင် ဖြစ်သွားသည်။ ထို့နောက် ဘကြီးမှတ်၏မျက်နှာမှာ တစ်ဖက်သို့လွှဲသွားပြီး မညိတ်ချင် ညိတ်ချင်နှင့် ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။ ခဏအကြာ ဘကြီးမှတ်က စကားလမ်းကြောင်းပြောင်းပြီး ကျောက်ဒိုး၏အဖေ ကိုရာကျော်၏အကြောင်းကို ဆက်ပြီးပြောပြပြန်သည်။

'ရာကျော်လည်း အဲဒီအချိန်ကစပြီး သံဝေဂတွေ၊ ဘာတွေရပြီး ဘုန်းကြီးကျောင်းဆောက ရေကန်ကြီးနားမှာပဲ တစ်နေ့ တစ်နေ့ တရားအားထုတ်နေတာ အိမ်ကိုတောင် သိပ်ပြီးမပြန်တော့ဘူး'

'နောက်တော့ အဖေ ဘာတွေဆက်ဖြစ်သေးလဲဟင် ဘကြီးမှတ်၊ ဟိုမိကျောင်းအမြုတေဆိုတာကြီးကိုရော အဖေက လွှင့်မပစ်ဘူးလား'

'နေ့စဉ်နဲ့အမျှ မင်းအဖေရာကျော်ဟာ ရေကန်ကြီးနားမှာပဲ တရားအားထုတ်နေရာက တစ်နေ့မှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ ဆုံမိကြသည်။ အဲဒီလူသူတော်ကြီးနဲ့ တွေ့ပြီးတဲ့နောက်မှာ မင်းအဖေဟာ အိမ်ကို လုံးဝမပြန်တော့ဘူး၊ ခါတိုင်းထက်ပိုပြီး တရားထိုင်၊ တရားမှတ်တွေ လုပ်လာတယ်။ သူမြတ်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



နှီးနဲ့ဝယ်ထားတဲ့ မိကျောင်းအမြှုတေကိုလည်း အဲဒီလူသူတော်ကြီးကို အပြီးအပိုင်လှူလိုက်တယ်'

ဘကြီးမှတ်မှာ အကြမ်းအိုးထဲမှ ရေနွေးကို ယန်းကန်လုံးထဲသို့ ငှဲ့ထည့်လိုက်ပြီး အားရပါးရ မော့သောက်လိုက်၏။ ထို့နောက်...

'မင်းအဖေရာကျော်ဟာ အဲဒီလို အအိပ်ပျက် အစားပျက်နဲ့ တရားကိုအားထုတ်နေရာက တစ်နေ့မှာ အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့နေရတာပဲ လူလေးရဲ့၊ အဲဒီအဖြစ်ဆိုးကြီးမဖြစ်ခင် အားလုံးကတားကြပါသေးတယ်၊ ဒါပေမဲ့'

❐ ❐ ❐



## အခန်း (၇)

ပြည့်ကျပ်နေသော ဇရပ်ရှာ၏ မြစ်ကမ်းနဖူးပေါ်မှ လူများမှာ ကိုရာကျော်ကိုကြည့်ရင်း တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုနေကြ၏။ အချို့ကလည်း ကိုရာကျော်အမူအရာကိုကြည့်ကာ...

'ကိုရာကျော်တစ်ယောက်တော့ စီးပွားရေးကလည်း ပျက်၊ အကြွေးတွေကလည်း ပူဆိုတော့ စိတ်တွေ ဂယောက်ဂယက်ဖြစ်သွားပြီထင်ပါရဲ့'

'မယန်းမြကတော့ ကလေးတစ်ယောက်နဲ့ သနားပါတယ်အေ၊ သူ့ခမျာ အရင်က ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေလာခဲ့ပြီးမှ ကံအကြောင်းတရားက အခုတော့ တစ်ချက်ကလေးမှ ပြန်ပြီး မျက်နှာသာတောင် မပေးတော့ဘူး၊ ဒုက္ခတွေက ကြီးပါဘိသနဲ့၊ အခုလည်း ကိုရာကျော်က စိတ်ဖောက်သွားပြီဆိုတော့...'

www.burmeseclassic.com

www.burmeseclassic.com



ကိုရာကျော်မှာ ရောရွှာ၏ မြစ်ကမ်းစပ်တွင် ဝါးဖောင်ကြီး တစ်ခုကို ပြုလုပ်ထားပြီး ထိုဝါးဖောင်ပေါ်တွင် အုန်းပွဲ၊ ငှက်ပျော ပွဲများတင်ကာ အမွှေးနံ့သာတိုင်များဖြင့် အရပ်ရှစ်မျက်နှာကို လက် အုပ်ချီကာ ဘာတွေကို ရွတ်နေမှန်းမသိ။ သူ့ကိုယ်ပေါ်တွင်လည်း ဝတ်ဖြူစင်ကြယ်တို့ကို ဝတ်ဆင်ထားကာ ပတ်ဝန်းကျင်တစ်ခုလုံး ဘာတစ်ခုမှပင် ဂရုမစိုက်တော့ဘဲ အခ်ိဋ္ဌာန်ပြုဆုတောင်းနေ၏။

ထို့နောက် မပန်းမြရှိရာ ကမ်းပေါ်သို့တက်လာပြီး…

'ကဲ… ပန်းမြ၊ ငါအဓိဋ္ဌာန်အောင်တဲ့တစ်နေ့ကျရင် နင်တို့ သားအမိဆီကို မရောက်ရောက်အောင်ပြန်လာခဲ့မယ်၊ နောက်ပြီး အဲဒီအချိန်ရောက်ရင် အရင်ကလို ငါတို့ ချမ်းချမ်းသာသာနဲ့ ပြန်ပြီး အတူနေရမှာ'

'ဘာတွေလဲ၊ ဘာတွေလဲ ကိုရာကျော်ရယ်၊ ကျွန်မ ရှင့်ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ ရှင် ဘာတွေလျှောက်လုပ်နေ တာလဲ၊ ကျွန်မမှာ ဒီလူမမယ်သားလေးနဲ့ ဘယ်လိုလုပ်ပြီး ရပ်တည် ရမှာလဲ၊ ပြောစမ်းပါဦး ကိုရာကျော်ရဲ့'

ထိုစဉ်…

မပန်းမြရှိရာ မြစ်ကမ်းဆီသို့ ခပ်လှမ်းလှမ်းမှ ခြေကုန်သုတ် ပြီး ပြေးလာနေသော အရှုးကြီးဖောင်တိန်မှာ ကုတ်အင်္ကျီတဖားဖား ဖြင့် လူအုပ်ကြီးကို တိုးဝှေ့ရင်း…

'မသွားနဲ့၊ မသွားနဲ့၊ သေလိမ့်မယ်၊ မင်း အဲဒီမြစ်ထဲကို သွားရင် မိကျောင်းကိုက်ပြီး သေလိမ့်မယ် ရာကျော်'



ကိုရာကျော်ကတော့ လူအုပ်ကြီးနှင့်အတူ မပန်းမြတို့သား အမိကို ကျောခိုင်းပြီး ဝါးဖောင်ရှိရာသို့ တရွေ့ရွေ့နှင့် လျှောက် သွားနေကာ ဘာတစ်ခုမှ ကြားဟန်မတူတော့။

မပန်းမြမှာလည်း ကိုရာကျော်၏ ကျောပြင်ကိုကြည့်ကာ ကလေးတစ်ဖက်နှင့် လူးလိမ့်နေအောင် ငိုရင်း ကျန်ခဲ့တော့သည်။

အရှုးကြီးဖောင်တိန်မှာ သဲသောင်ပြင်ပေါ်မှ ဝါးဖောင်ရှိရာ ဆီသို့ မရပ်မနားပြေးဆင်းလာပြီး သူ့လက်နှစ်ဖက်ကို ပါးစပ်တွင် တေ့ကာ စိုးရိမ်တကြီး လှမ်းအော်နေရှာ၏။

'ရာကျော် မသွားနဲ့၊ မင်း ဒုက္ခရောက်လိမ့်မယ်၊ ပြန်လာခဲ့'

ကမ်းစပ်ပေါ်မှရပ်ပြီးကြည့်နေသည့် လူအုပ်ကြီးမှာလည်း အရှုးဖောင်တိန် အခုကဲ့သို့ အော်ဟစ်သတိပေးနေသည်ကို အရေး ပင်မလုပ်ကြဘဲ ကိုရာကျော်၏ အပြုအမူတို့ကိုသာ စိတ်ဝင်တစား နှင့် ကြည့်နေကြသည်။

ကိုရာကျော်မှာတော့ ဝါးဖောင်ကို စိုက်ထိုးထားသည့် ဝါးတန်းရှည်ကို ရေထဲမှဆွဲနုတ်ယူလိုက်ပြီး ရေစီးအတိုင်း တရွေ့ ရွေ့မျောသွားလိုက်သည်။ ထို့နောက် အုန်းပွဲ၊ ငှက်ပျောပွဲများ ထိုးစိုက်ထားသည့် ရှေ့တွင် တင်ပလ္လင်ချိတ်ထိုင်ကာ တည်ငြိမ် သောအမူအရာဖြင့် တရားအားထုတ်ရင်း မြစ်ပြင်ထဲသို့ ထွက်ခွာ သွားတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ကိုရာကျော်က မျက်စိကိုမှိတ်ပြီး အာရုံပြုကာ…

ဝင်လေထွက်လေတို့ကို နှာသီးဖျားမှတစ်ဆင့် ရှုသွင်းရှုထုတ်လုပ်ရင်း အာနာပါနတရားကို ရှုမှတ်နေ၏။ ကိုရာကျော်၏ ဝါးဖောင်မှာ ရေရွာ၏ကမ်းခြေမှ အတော်ကလေးခပ်လှမ်းလှမ်းသို့ ရောက်သည့်တိုင် ကမ်းပေါ်မှာ ကျန်နေခဲ့ကြသော လူအုပ်ကြီးကတော့ ဘာတစ်ခုမှနားမလည်ဘဲ ယခုအချိန်အထိပင် ငေးကြည့်နေကြတုန်းပင်ဖြစ်သည်။

တညိတ်ညိတ်စီးဆင်းနေသော ရေစီးအတိုင်း မျောပါနေသော ဝါးဖောင်မှာ တစ်ခါတစ်ရံ တစ်ပတ်လည်သွားလိုက်၊ တစ်ခါတစ်ရံ ဘေးတိုက်အနေအထားဖြင့် ရွေ့လျားနေလိုက်ဖြင့် ဘယ်ဆီကို ဦးတည်နေမှန်း ကိုရာကျော်ကိုယ်တိုင်ကပင် သိချင်မှ သိနေပေလိမ့်မည်။

မြစ်ပြင်ပေါ်ယှက်ပြီးတိုက်နေသည့်လေက ကိုရာကျော်၏ ခန္ဓာကိုယ်တစ်ခုလုံးကို အရှေ့နှင့်အနောက် ယိမ်းထိုးလှုပ်ယမ်းနေသလို ဖြစ်နေ၏။

ထိုစဉ်…

မျက်စိကိုမှိတ်ထားရင်း ဝင်သက် ထွက်သက်တို့ကို ရှုမှတ်နေသည့် ကိုရာကျော်၏ အတွေးအာရုံထဲတွင် ထူးထူးခြားခြား ကြောက်လန့်စိတ်တစ်ခုက ဖျတ်ခနဲပေါ်လာ၏။

သူမျက်လုံးအစုံကိုဖွင့်ကာ ပတ်ဝန်းကျင်ရေပြင်ကြီးတစ်ခုလုံးကို လှည့်ပတ်ကြည့်မိလိုက်သည်။ တရွေ့ရွေ့စီးမျောနေသည့်



ဝါးဖောင်၏ရှေ့ မလှမ်းမကမ်းရေပြင်မှာတော့ လှိုင်းကြက်ခွပ်စိတ်စိတ်လေးများက ရေစီးအတိုင်းမျောပါရင်း လှုပ်ခတ်နေကြသလို မဟုတ်ဘဲ ထိုနေရာတစ်ခုတည်းတွင်သာ ငြိမ်သက်ရင်း တဖျတ်ဖျတ်ခုန်နေ၏။

'ဟင်'

ရေပြင်နှင့် အစိမ်းသက်သက်မဟုတ်သော ကိုရာကျော်မှာ အန္တရာယ်တစ်စုံတစ်ရာနှင့် နီးကပ်လာပြီဆိုသည်ကို စိတ်က အလိုလိုကြိုပြီး သိလိုက်မိသည်။

အချိန်က သိပ်မကြာလိုက်။

'ဝုန်း'

မည်းမှောင်ဖုထစ်ပြီး ခုံးထနေသည့် မိကျောင်းကြီး၏ ခေါင်းက ရေပြင်ပေါ်သို့ ဘွားခနဲပေါ်လာ၏။ မိကျောင်းကြီး၏ ဘေးပတ်ပတ်လည်မှ ရေပြင်တွင် လှိုင်းဂယက်တို့က အလိပ်လိုက် ဘေးသို့ပြန့်ကားသွားကြသည်။

ကိုရာကျော် ကြည့်နေစဉ်မှာပဲ မိကျောင်းကြီး၏ နှာခေါင်းထိပ်နှင့် ဝါးဖောင်တို့မှာ ထိနေပြီး ဝါးဖောင်က ရေစီးထဲတွင် ရပ်တန့်သွား၏။

ထိတ်ထိတ်ပျာပျာဖြစ်နေသော ကိုရာကျော်မှာ တစ်ကြိမ်တစ်ခါမျှ ဤမျှကြီးမားလွန်းသည့် မိကျောင်းကြီးမျိုးကို မမြင်ဖူးသဖြင့် ကြက်သေသေကာ ငေးကြောင်နေမိသည်။

အကြေးခွံများပေါ်တွင် စိမ်းဖန့်ဖန့် ရေညှိတို့တက်နေသော

www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကြီးမှာ ဝါးဖောင်ပေါ်သို့ ခေါင်းကိုမော့ကာ မေးဖျားကို လှမ်းတင်လိုက်သည်။ ရှေ့သို့ဦးစိုက်ကျသွားသော ဝါးဖောင်ကြောင့် အုန်းပွဲ ငှက်ပျောပွဲများက မှောက်ကုန်၏။ ကိုရာကျော်မှာလည်း သွေးရူးသွေးတန်းနှင့် ဝါးဖောင်၏ကြမ်းပြင်ကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း ပါးစပ်က ကယောင်ကတမ်း တွေ အော်နေမိသည်။

'မလာနဲ့၊ မလာနဲ့၊ ငါက မင်းရဲ့ရန်သူ မဟုတ်ဘူး၊ သွား··· သွား'

'ဗျစ်··· ဗျစ်··· ဗျစ်'

ဝါးဖောင်ကို ရစ်ပတ်သိုင်းချည်ပြီး ရက်ထားသော လျှော်ကြိုးစတွေက တဗျစ်ဗျစ်မြည်ကာ ရုန်းကန်ပြုတ်ထွက်စပြုလာ၏။

စိမ်းစိမ်းကြီးစိုက်ကြည့်နေသည့် မိကျောင်းကြီး၏မျက်လုံး များမှာ ကိုရာကျော်ကို ညှို့ယူနေသလို ပကတိအေးဆေးတည်ငြိမ် နေသည်။ ဝါးဖောင်ပေါ်သို့ မေးတင်ထားသော ခေါင်းမှာ သုံး တောင်မက ရှည်လျားနေပြီး ရေပေါ်ပေါ်နေသော ကျောကုန်းမည်း မည်းကြီးမှ ဆူးတောင်များက အတန်းလိုက် အမြှောင်းလိုက် စင်း စင်းကြီးဖြစ်နေ၏။

သိပ်မကြာလိုက်။

မိကျောင်းကြီးက သူ့အမြီးကြီးကိုနွဲ့ကာ ကိုယ်ကိုအားယူ ပြီး ဝါးဖောင်ပေါ်သို့တွားပြီးတက်လာသည်။

'ဗျစ်··· ဗျစ်··· ဝုန်း'



ကြီးမားသော မိကျောင်းကြီး၏ခန္ဓာကိုယ်ကြီးကြောင့် ဝါးဖောင်တစ်ခုလုံးမှာ သွက်သွက်ခါအောင်လှုပ်ယမ်းသွားပြီး ချည်နှောင်ထားသော လျှော်ကြိုးစတွေက ပြုတ်ထွက်ကုန်သည်။ ချက်ချင်းဆိုသလို ဝါးဖောင်ပေါ်လွှမ်းထားသည့်ရေများကြောင့် ကိုရာကျော်မှာ နောက်ဆုတ်နောက်ဆုတ်ဖြင့် လေးဖက်ထောက် ကာ ကြမ်းပြင်မှ ဝါးများကို ဆုပ်ကိုင်ထားလိုက်မိသည်။

ကိုရာကျော်၏အသားတွေမှာလည်း တဆတ်ဆတ်တုန်ယင် နေပြီး နှလုံးသွေးများက တဒုန်းဒုန်းတိုးဆောင့်ကာ ဆောက်တည် ရာမရတော့။

မိကျောင်းကြီး၏ ကြီးမားတုတ်ခိုင်သော လက်ချောင်းကြီး များမှာ ဝါးဖောင်ပေါ်ကို အားပြုရင်း ကုတ်ခြစ်နေသည်။

ကိုရာကျော်တစ်ကိုယ်လုံးမှာလည်း ရေများရွှဲရွှဲစိုနေလျက် ရှေ့သို့တွားပြီးတက်လာသော မိကျောင်းကြီးကိုကြည့်ကာ ပါးစပ် မှ သွေးရူးသွေးတန်းတွေ အဆက်မပြတ် အော်ဟစ်နေမိသည်။

'ရှေ့မတိုးနဲ့၊ ရှေ့ကိုတိုးမလာနဲ့၊ သွားစမ်း၊ သွားစမ်း'

ကယောင်ကတမ်းတွေနှင့် အော်သာ အော်နေရသည်။ ကိုရာကျော်အတွက် နောက်ဆုတ်ဖို့နေရာက ဝါးဖောင်ပေါ်တွင် တစ်လံသာသာလောက်ပင် ကျန်တော့သည်။

မိကျောင်းကြီးမှာ ရှေ့သို့ နောက်ထပ်တစ်လှမ်းတိုးလိုက် ပြန်၏။ ဝါးဖောင်မှာလည်း ရေစီးနှင့်အတူ တရွေ့ရွေ့မျောပါနေရင်း မိကျောင်းကြီး၏ခန္ဓာကိုယ်ကြီးကြောင့် တဗျစ်ဗျစ်နှင့် ပြုတ်ပက်

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ပက်ဖြစ်နေသည်။ မိကျောင်းကြီး၏ ချွန်ထက်သောအပေါ်သွားနှင့် အောက်သွားများက စေ့ထားသော ပါးစပ်ကြီး၏ အပြင်ဘက်တွင် မညီမညာယှက်သန်းပြီး ထွက်နေ၏။ ကိုရာကျော်မှာ ထိုချွန်ထက်နေသော ဝါကျင်ကျင်အစွယ်များကိုကြည့်ရင်း တစ်ကိုယ်လုံး သွေးဆုတ်ဖြူရော်နေ၏။

'ဝုန်း'

'ဗွမ်း'

'အား'

ရုတ်တရက် ရှေ့သို့ထိုးဟပ်လိုက်သော မိကျောင်းကြီး၏ ပါးစပ်က လေးဖက်ထောက်ပြီး တဆတ်ဆတ်တုန်ယင်နေသော ကိုရာကျော်၏ ပေါင်ကို လှမ်းပြီးဆွဲကာ ကိုယ်ကို တစ်ပတ်၊ နှစ်ပတ်လိမ့်ရင်း ရေထဲသို့ ဆွဲချသွားတော့သည်။

မြစ်ရေပြင်တစ်ခုလုံးမှာ ဝဲဂယက်ကြီးများထလျက် သွေးများက ချင်းချင်းနီနေ၏။ ကိုရာကျော်၏ ဝါးဖောင်မှာလည်း ဖရိုဖရဲနှင့် ရေပေါ်တွင် ချာချာလည်နေတော့သည်။ ကိုရာကျော်ဝါးဖောင်ပေါ်တွင် ပူဇော်ပသထားသည့် အုန်းပွဲ ငှက်ပျောပွဲမှ အုန်းသီးမှာလည်း ဝဲဂယက်အတိုင်း ချာချာလည်နေလျက်။

□ □ □



## အခန်း (၈)

ဘကြီးမှတ်ပြောပြနေသည့် သူ့အဖေကိုရာကျော်၏ ကြောက်မက်ဖွယ်ရာအဖြစ်ဆိုးကြီးကြောင့် ကျောက်ဒိုးမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို တစ်ခဏအတွင်း မေ့ပျောက်သလိုဖြစ်သွား၏။ နောက်ပြီး အေးစက်နေသော သူ့လက်ချောင်းကလေးများကိုလည်း အချင်းချင်း ပြန်ပြီးဆုပ်နယ်နေမိသည်။

'ဒါ… ဒါဆို အရူးကြီးဖောင်တိန်ပြောတာ မှန်နေပြီပေါ့'

ဘကြီးမှတ်က သူ့စကားကို အဆုံးသတ်ရင်း…

'မင်းအဖေရာကျော်က ဘကြီးမှတ်အထင်ပြောရရင် စိတ်မနှံ့ရှာသွားတာတော့ မဟုတ်ဘူးကွ၊ သူယုံကြည်ရာကိုသူ စွဲစွဲမြဲမြဲလုပ်တဲ့သဘောပဲလို့ ထင်တယ်။ နောက်ပြီး သူ့အမိဋ္ဌာန်အောင်တဲ့တစ်နေ့မှာ မင်းတို့သားအမိဆီကိုလည်း မရောက်ရောက်အောင်ပြန်လာမယ်ဆိုပြီး ပြောသွားခဲ့သေးတယ် မဟုတ်လား၊ အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ မင်းတို့မိသားစုရဲ့ အဖြစ်အပျက်တွေက အင်မတန်လည်း ဆန်းကြယ်လှပါတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ကျောက်ဒိုးမှာ ဘကြီးမှတ်ပြောခဲ့သော စကားများကို ပြန်ပြီးကြားယောင်တိုင်း မြစ်ပြင်ကျယ်ကြီးဆီသို့သာ ငေးရင်း သူ့အဖေကိုရာကျော့်ကို အမှတ်ရနေမိသည်။

❖ ❖ ❖

'ကျောက်ဒိုးရေ… ကျောက်ဒိုး'

အိမ်ရှေ့မှ ဖိုးဖြူ၏ခေါ်သံကြောင့် ကျောက်ဒိုးမှာ သူ့အဖေ မယန်းမြနှင့်အတူ အိမ်အလုပ်တွေကူလုပ်နေရင်း…

'ဟာ… ဟော့ကောင် ဖိုးဖြူ၊ လာလေကွာ'

'ငါ မနေ့က ဘကြီးမှတ်ပြောပြလို့ မင်းနေမကောင်းဘူးဆိုတာ သိတာ'

ဖိုးဖြူက ပြောပြောဆိုဆိုနှင့် ကျောက်ဒိုးတို့အိမ်ထဲသို့ လှမ်းဝင်လာသည်။

'အေးကွာ… အခုတော့ ကောင်းသွားပါပြီ'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ နှစ်ယောက်ဆုံမိသည်နှင့် နည်းမျိုးစုံဆော့ကြဖို့သာ အမျိုးမျိုးကြံစည်စိတ်ကူးနေကြသူများဖြစ်၏။ အခုလည်း ဖိုးဖြူက ကျောက်ဒိုးကို ရေကန်ကြီးဘေး မလှမ်းမကမ်းမှ မြသဲလွင်စေတီလေးပေါ်တွင် သွားဆော့ရန် လာခေါ်နေသည်။

ကျောက်ဒိုးမှာ ပြီးခဲ့သည့်တစ်ရက်က ရေကန်ကြီးဘေးမှ လှုပ်ရှားသွားသော မိကျောင်းရုပ်ကြီးကို မျက်စိထဲတွင် ပြန်မြင်ယောင်လာရင်း…



'ငါ အဲဒီရေကန်ကြီးနားကို မသွားချင်ဘူးကွာ'

ကျောက်ဒိုး၏ မငြင်းစဖူး ငြင်းလိုက်သောစကားကြောင့် ဖိုးဖြူမှာ တအံ့တသြဖြစ်သွား၏။

'မင်းကလည်း ငါတို့မှာ ဆော့စရာဆိုလို့ ဒီနေရာတွေပဲ ရှိတာ၊ အခု မင်းက ဘာဖြစ်ရပြန်တာလဲ'

ကျောက်ဒိုးက ဖိုးဖြူ၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ ငေးငေးငူငူကြီးဖြစ်နေသည်။

အတန်ကြာမှ…

ရေကန်ကြီးအနားသို့ မသွားရဲတော့သည့် အဖြစ်အပျက်တို့ကို ဖိုးဖြူကို ပြောပြလိုက်လေသည်။ ဖိုးဖြူက ကျောက်ဒိုး၏ စကားကြောင့် အားရပါးရ အူတက်မတတ် ရယ်လိုက်သည်။

'ဟား… ဟား… ဟား… မင်းကလည်းကွာ၊ သတ္တိကြောင်လိုက်တာ။ ကျောက်ရုပ်မိကျောင်းကလည်း လှုပ်ရှားလာတယ်ဆိုတာ အဓိပ္ပာယ်မရှိတာ'

ကျောက်ဒိုးကတော့ ဖိုးဖြူ၏ ဟားတိုက်ရယ်မောနေသည့် အမူအရာကိုကြည့်ကာ ဘာတစ်ခုမှပြန်မပြောဘဲ သူ့လက်မှ လက်သည်းခွံကို ပါးစပ်ဖြင့် ကိုက်ဖွဲ့နေ၏။ ထို့နောက် ဖိုးဖြူက ဆက်ပြီး…

'မင်းက အရူးကြီးဖောင်တိန်ပြောတဲ့စကားတွေကို တကယ် အောက်မေ့နေလို့လား'

ကျောက်ဒိုး၏ရင်ထဲတွင်တော့ သူ့အဖေ ကိုရာကျော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး အရှူးဖောင်တိန်၏ စကားတွေက မှန်လွန်းနေခဲ့သည်ပဲ မဟုတ်လား။ ဖြစ်နိုင်လျှင် ဘကြီးမှတ်ပြောပြသော သူတို့မိသားစု အကြောင်းတွေကိုတော့ ယခုအချိန်တွင် ခဏမေ့ထားလိုက်ချင်သည်။

ထို့နောက် ကျောက်ဒိုးမှာ ဖိုးဖြူနှင့်အတူ မြသဲလွန်စေတီရှိရာသို့ ထွက်လာခဲ့ကြသည်။

❖ ❖ ❖

မြသဲလွန်စေတီလေးမှာ ကုန်းမို့မို့ပေါ်တွင်ရှိနေပြီး ထိုကုန်းမို့မို့ကလေး၏ အောက်ခြေမှာ မြစ်ရေတိုက်စားခံရသဖြင့် စေတီ၏ ပန်းတင်ခုံအောက်အထိ မြေသားများက လှိုက်စားပြိုပျက်နေ၏။

'ဟာ… ဟော့ကောင် ဖိုးဖြူ၊ ဟိုမှာကြည့်စမ်း၊ မြသဲလွန်စေတီရဲ့ အောက်ခြေတွေ ရေတိုက်စားလို့ ပြိုကျနေတာ'

'ဟာ… ဟုတ်သားပဲ၊ ကြည့်ရတာ မနေ့ကညက မြစ်ရေတော်တော်တက်လာတယ်နဲ့တူတယ်ကွ'

ပြောပြောဆိုဆို ကျောက်ဒိုးနှင့် ဖိုးဖြူမှာ မြသဲလွန်စေတီ၏ အောက်ခြေမှ မြေသားများကို လက်ဖြင့်ထိုးကော်ကြည့်နေကြသည်။ စေတီ၏ မုခ်ဝလေးဖက်လေးတန်စလုံးမှ လှေကားစောင်းတန်းလေးများမှာတော့ ဘာတစ်ခုမှမပြိုပျက်ဘဲ နဂိုအတိုင်းရှိနေသည်။



"ဒီအချိန် စေတီရင်ပြင်ပေါ်မှာ ဖောင်တိန်ကြီးရှိချင် ရှိနေမှာကွနော် ကျောက်ဒိုး"

ဖိုးဖြူက ဒီစေတီလေးပေါ်သို့ရောက်တိုင်း အရူးဖောင်တိန်ကြီးကို စချင်နောက်ချင်စိတ်က အလိုလိုပေါ်လာ၏။

'ဟေး… ရှိချင်ရှိမှာပေါ့'

ဖိုးဖြူက စောင်းတန်းလှေကားထစ်လေးပေါ်မှ စေတီရင်ပြင်တော်ပေါ်သို့ ပြေးတက်သွားရင်း ဖောင်တိန့်ကို လိုက်ရှာနေသည်။ ကျောက်ဒိုးကတော့ ပြိုပက်တိုက်စားခံလိုက်ရသည့် မြေစိုင်ခဲတို့ကို လက်ဖြင့်ထိုးကော်ရင်း ကျန်ခဲ့သည်။ စေတီတည်ထားရာ မြေပြင်ကုန်းမို့မို့မှာ သဲမြေများဖြစ်သဖြင့် သဲပွင့်လေးများက နေရောင်ထဲတွင် တဖျတ်ဖျတ်လင်းလက်နေ၏။

ငွေမင်ရောင် တဖိတ်ဖိတ်လက်နေသော မြေစိုင်ခဲတို့က မညီမညာနှင့် စေတီ၏ ပန်းတင်ခုံအောက်သို့ ခွက်ဝင်နေ၏။

'ဟင်'

ကျောက်ဒိုးနှင့် မလှမ်းမကမ်းမှ မြေသားထဲတွင် တစ်ပိုင်းတစ်စနစ်ဝင်နေသော မိကျောင်းရုပ်၏ ခေါင်းပိုင်းက ထိုးထိုးထောင်ထောင်ဖြစ်နေ၏။

ထိုမိကျောင်းရုပ်ကို ကျောက်ဒိုးက မြေသားထဲမှ လက်ဖြင့်အသာတူးဆွပြီး ယက်ထုတ်လိုက်၏။ လက်ညှိုးသာသာလောက်သာရှိသော ကျောက်မိကျောင်းရုပ်လေးမှာ သစ်သားဖြင့်ထုလုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ကိုယ်လုံးကို ရွှေချထားသဖြင့် ကျောက်ဒိုးအဖို့ အထူးအဆန်းတစ်ခုသဖွယ် ဖြစ်နေသည်။

ကျောက်ဒိုးမှာ မိကျောင်းရုပ်၏ ကိုယ်ပေါ်တွင် ကပ်နေသော မြေကြီးအစအနတို့ကို လက်ဖြင့်ပွတ်သပ်ကာ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း လှည့်ပတ်ပြီး အကဲခတ်ကြည့်လိုက်သည်။

'ဘာပဲပြောပြော ဒီအရုပ်လေးက ကစားလို့တော့ ရမှာပဲ၊ နောက်ပြီး ဟိုကောင် ဖိုးဖြူ ဒီအရုပ်ကလေးကိုမြင်ရင် သဘောတော့ကျမှာပဲ'

ကျောက်ဒိုးမှာ မိကျောင်းရုပ်လေးကို ခါးပိုက်ဆောင်ထဲသို့ ထည့်ကာ ဘုရားရင်ပြင်ပေါ်သို့ လှေကားစောင်းတန်းလေးအတိုင်း တက်လာခဲ့သည်။

အမှန်တော့ ထိုမိကျောင်းရုပ်ကလေးမှာ ဘုရားကုန်းမြေကို မြစ်ရေတို့က တဖြည်းဖြည်းတိုက်စားပြီး ပုံပြိုကျရာမှ ဌာပနာတိုက် ပွင့်သွားပြီး ပေါ်လာခြင်းဖြစ်သည်။ ကျောက်ဒိုးကတော့ ဘုရားဌာပနာပစ္စည်းမှန်း သိပုံမပေါ်ဘဲ လက်ညှိုးသာသာ မိကျောင်းရုပ်လေးကို သူ့စိတ်ထဲတွင် ကစားစရာပစ္စည်းတစ်ခုလို့သာ ထင်မှတ်နေခဲ့သည်။

❖ ❖ ❖

ညသည် တဖြည်းဖြည်း တိတ်ဆိတ်စပြုလာသည်နှင့်အမျှ



ဝေးဝေးမှ လှိုင်းပုတ်သံ၊ ဒီရေတက်လာသံတို့က မကောင်းဆိုးဝါးတစ်ကောင်၏ ကြိမ်းဝါးခြောက်လှန့်သံနှင့် ပိုပြီးတူလာနေ၏။ တစ်ချက်တစ်ချက် သဲသောင်ပြင်ပေါ် လျှပ်ပြီးတိုက်လာသော လေထဲတွင် ငါးညှီနံ့ပုပ်အဲ့အဲ့တို့က ပတ်ဝန်းကျင်တစ်ခုလုံး အော်ဂလီဆန်ချင်စရာဖြစ်နေ၏။

ကျောက်ဒိုး၏ မျက်လုံးများက မှေးစင်းနေလျက် လှိုင်းပုတ်သံ၊ ဒီရေတက်လာသံတို့က သူ့နားထဲတွင် နီးလာလိုက်၊ ဝေးသွားလိုက်ဖြင့် ကစဉ့်ကလျားတွေကြားနေရသည်။ ကျောက်ဒိုး၏ ခေါင်းရင်းတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော မယန်းမြခိမ့် ညည်းညူသံလိုလို၊ ဟောက်သံလိုလို တစ်ချက်တစ်ချက် ထွက်ပေါ်နေ၏။

အေးစက်စက်အထိအတွေ့က ကျောက်ဒိုး၏ ခြေဖျားနားကို လာထိလိုက်၊ ပြန်ခွာသွားလိုက်နှင့် ရေသံတဖျတ်ဖျတ်ကိုလည်း သူ့နားထဲတွင် ကြားနေရသည်။ သိပ်မကြာခင် သူ့ကျောပြင်အောက်သို့ ရေများ တစိမ့်စိမ့်တိုးဝင်လာမှန်း စိတ်က အလိုလိုသိလိုက်၏။ ချက်ချင်းဆိုသလို ခေါင်းအုံးတစ်ခုလုံးမှာလည်း ရေများမြုပ်ဝင်စပြုလာ၏။ ပက်လက်အနေအထားဖြစ်နေသော ကျောက်ဒိုး၏ နားရွက်များပေါ်ကိုပင် ရေက တဖြည်းဖြည်း ကျော်လွှန်လာပြီး နားခေါင်းပေါက်ဝအစပ်တွင် တလှုပ်လှုပ်လာပြီးရိုက်ခတ်နေ၏။ ကျောက်ဒိုးက ခေါင်းကို ဘယ်ညာယမ်းခါကာ မျက်စိကို အားယူပြီး အတင်းဖွင့်ကြည့်လိုက်သော်လည်း သူ့မျက်လုံးများက လေးလံနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ရေတွေ၊ ရေတွေ တက်လာနေပြီ၊ လုပ်ပါဦး အဘ'

ကျောက်ဒိုးက အလန့်တကြား ကုန်းအော်လိုက်သော်လည်း သူ့အသံက ထွက်မလာ။ သူ့ပါးစပ်ကို တစ်စုံတစ်ရာက အတင်းဖ ပိတ်ထားသလိုဖြစ်နေပြီး မျက်လုံးများက ဘယ်လိုမှ ဖွင့်၍မရ။

နောက်ထပ် လူးလွန့်ရင်း ကြိုးစားပြီး အော်လိုက်ပြန်၏။

'အမေ… အမေရေ၊ လုပ်ပါဦး၊ ကျွန်တော့်ကိုယ်ပေါ်ကို ရေတွေလွှမ်း၊ လွှမ်း'

ကျောက်ဒိုး၏အသံက စိတ်ထဲမှသာ ကျယ်ကျယ်လောင် လောင်ကြီးဖြစ်နေပြီး သူ့မျက်လုံးများကလည်း ဘယ်လိုမှ ကြိုးစား ပြီးဖွင့်လို့မရတော့။ ရေက တဖြည်းဖြည်းနှင့် ကျောက်ဒိုး၏မျက်နှာ တစ်ခုလုံးပေါ်သို့ ဖုံးလွှမ်းသွား၏။

ဘယ်လိုမှ ရုန်းကန်၍မရသော ကျောက်ဒိုး၏ခန္ဓာကိုယ်ကြီး တစ်ခုလုံးမှာ ရေအောက်တွင် တောင့်တောင့်ကြီးဖြစ်နေ၏။ သူ့ ခြေထောက်နှစ်ချောင်းမှာလည်း ပူးပြီးချည်နှောင်ထားသလို တစ်စု တစ်စည်းတည်းဖြစ်နေ၏။

ကျောက်ဒိုးက ကိုယ်ကိုအားယူပြီး သူ့ကိုယ်ခန္ဓာ၏ အောက် ဘက်ဆီသို့ ကြည့်လိုက်သည်။ သူ့ခြေထောက်နှစ်ချောင်းကိုလည်း ကွေးချည်ဆန့်ချည် အမျိုးမျိုးလှုပ်ယမ်းကြည့်လိုက်၏။

'ဟင်…'

ကျောက်ဒိုး၏ ခြေထောက်များမှာ အကြေးခွံအထပ်ထပ်



ဖြင့် ထိုးထိုးထောင်ထောင်ဖြစ်နေသော မိကျောင်းအမြီးမှ ဆူးတောင် များလို တွေ့လိုက်ရသည်။ ထိုမိကျောင်းအမြီးကြီးက သူ့ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံးနှင့် ဆက်နေကာ ရေထဲတွင် တဖျတ်ဖျတ် လှုပ်ယမ်းနေသည်။

'အား'

ကျယ်လောင်သောအသံနက်ကြီးနှင့်အတူ ကျောက်ဒိုးတစ် ကိုယ်လုံးမှာ ချွေးတွေရွှဲနေ၏။ မောဟိုက်နေသော သူ့ရင်ဘတ်အစုံ မှာလည်း နိမ့်ချည်မြင့်ချည်ဖြင့် တလှုပ်လှုပ်ခုန်နေ၏။

'သား ကျောက်ဒိုး ဘာဖြစ်တာလဲ'

ခေါင်းရင်းတွင် အိပ်ပျော်နေသော မယန်းမြက ကျောက်ဒိုး ၏ အော်သံကြောင့် ထိတ်ထိတ်ပျာပျာဖြစ်ပြီး လှမ်းမေးလိုက်သည်။ ကျောက်ဒိုးကတော့ တကယ်မဟုတ်မှန်း သိလိုက်ရသည့် အဖြစ် အပျက်တို့ကြောင့် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း…

'သား အိပ်မက်မက်ပြီး လန့်အော်လိုက်တာပါ၊ ဘာမှမဖြစ် ပါဘူး'

ထိုနေ့ညအဖို့ ကျောက်ဒိုးမှာ မိုးစင်စင်လင်းသည်အထိ အိပ်မပျော်နိုင်တော့ဘဲ သူ့အိပ်မက်ထဲမှ မိကျောင်း၏အမြီးကြီးကို သာ မျက်လုံးထဲတွင် အထပ်ထပ်အခါခါ ပြန်မြင်နေမိသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

နောက်တစ်နေ့မနက်တွင်...

ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်အပျက်တစ်ခုကြောင့် ရွာတစ်ရွာလုံး အုတ်အော်သောင်းတင်းတွေ ဖြစ်နေကြသည်။

အကြောင်းကတော့ ရေကန်ကြီး၏အနီးမှ မျက်စိတစ်ဖက်လပ်နေသည့် မိကျောင်းရုပ်ကြီး မရှိတော့ခြင်းပင်။

ထိုကျောက်မိကျောင်းရုပ်ကြီးမှာ ရှေ့တည့်တည့်မှ ရေကန်ကြီးဆီသို့ တွားတက်သွားဟန် မြေပြင်တွင် စွပ်ကြောင်းကြီးတစ်ခုဖြစ်နေပြီး စွပ်ကြောင်းကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင်လည်း ခြေရာလက်ရာတို့က ပရုပ္ပဖြစ်နေ၏။

'ဟင်... ဒါ မိကျောင်းကြီး အသက်ဝင်လာပြီး သူ့အလိုလို ရေကန်ထဲဆင်းသွားတာဖြစ်မယ်၊ ဟောဟိုမှာ စွပ်ကြောင်းကြီး'

'ဟော့... ကလေးတွေ၊ အနားကိုသိပ်မကပ်ကြနဲ့၊ နောက်ဆုတ်'



'ထူးတော့ ထူးဆန်းနေပြီ၊ ဒီမိကျောင်းရုပ်ကြီးက နှယ်နှယ်ရရတော့ မဟုတ်ဘူး၊ တို့ရွာကို သိုက်ဆရာတွေ ဘာတွေ ရောက်လာမယ်ဆိုတာ ကြိုပြီးသိလို့ တမင်ရှောင်သွားတာပဲဖြစ်ရမယ်'

ရေကန်ကြီး၏ ဘေးပတ်ပတ်လည်တွင် ရပ်နေကြသော လူအုပ်ကြီးထဲမှ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသံတွေက ကျောက်ဒိုးနှင့် ဖိုးဖြူတို့အဖို့ ဘယ်လိုမှနားမလည်နိုင်လောက်အောင် ဖြစ်နေသည်။

ဘာပဲပြောပြော ကျောက်ရုပ်မိကျောင်းကြီးကတော့ အမှန်တကယ်ပဲ ရေကန်ထဲသို့ဆင်းသွားသည့်အလား ဒါမှမဟုတ် သိုက်ဆရာတွေ ဘာတွေက ခြေရာလက်ရာ ဖျောက်ဖျက်ပစ်လိုက်သည်လား မသိ။ မျက်စိတစ်ဖက်လပ်နေသည့် ကျောက်မိကျောင်းရုပ်ကြီးကတော့ ယခင်ကနေရာတွင် မရှိတော့သည်ကတော့ အမှန်ပင်။

'မိကျောင်းကြီးက ဝင်္ကြွေးပြေသွားလို့ အသက်ဝင်လာပြီး လွတ်ရာကျွတ်ရာကိုသွားတာပဲဖြစ်မယ်'

'အေးလေ... လွတ်ရာကျွတ်ရာကိုသွားရင် တော်ပါသေးရဲ့၊ တစ်ယောက်ယောက်က ချိုးဖဲ့ဖျက်ဆီးပစ်လိုက်တာဆိုရင်တော့ ဒုက္ခပဲ၊ ဒီမိကျောင်းရုပ်ကြီးက သာမန်မဟုတ်ဘူး၊ နတ်မိကျောင်း'

တချို့က ပြောပြောဆိုဆိုနှင့် ရေကန်ကြီးအတွင်းသို့ ငုံ့ပြီး ကြည့်နေကြသည်။ ကျောက်ဒိုးတို့ ကလေးတစ်သိုက်မှာလည်း ဟိုနားစုစု ဒီနားစုစုနှင့် ထင်ရာမြင်ရာတွေ ပြောဆိုနေကြသော လူကြီးများ၏စကားကို တမော့မော့နှင့် နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးက ကျောက်မိကျောင်းကြီးနှင့်ပတ်သက်ပြီး အရှုးကြီးဖောင်တိန်ပြောသည့်စကားများကို ပြန်ပြီးကြားယောင်နေမိသည်။

အရူးကြီးဖောင်တိန်ကတော့ ဟောဒီဧရာရွာမှာ ဖြစ်သမျှအကြောင်း သူမသိတာ မရှိသလောက်ပင်။ အခုလည်း သူပြောပုံအရဆိုလျှင် ဒီကျောက်မိကျောင်းကြီးကို လာပြီးတူးကြသည့် သိုက်ဆရာတွေကြောင့် လွတ်ရာကျွတ်ရာ ရေကန်ထဲကို ဆင်းသွားပုံရသည်။

ကျောက်ဒိုးမှာ မျက်စိတစ်ဖက်လပ်နေသည့် ကျောက်မိကျောင်းရုပ်ကြီးနှင့်ပတ်သက်သမျှအကြောင်းတို့ကို ဘာတစ်ခုမျှ နားမလည်နိုင်အောင် ဖြစ်နေမိ၏။

ထိုသို့ ထူးထူးဆန်းဆန်းပျောက်ဆုံးသွားသည်မှာ ကျောက်ဒိုးအဖို့ စဉ်းစားမရသော ပဟေဠိတစ်ပုဒ်လိုဖြစ်ရင်း ကျန်ခဲ့လေသည်။

❖ ❖ ❖

ထိုမိကျောင်းရုပ်ကြီး ပျောက်ဆုံးသွားပြီး သုံးရက်ခန့်အကြာတွင် ဧရာရွာသို့ လူစိမ်းတစ်ယောက်ရောက်လာသည်။ သူ့ပုံစံမှာလည်း မျက်စိတစ်ဖက်က အတွင်းသို့ချိုင့်ဝင်နေကာ ဟောက်ပက်ကြီးဖြစ်နေ၏။ ဆံပင်များမှာလည်း ရေစိုထားသဖြင့် အချောင်းလိုက်ဖြစ်နေ၏။ ထိုသူ၏အသားအရေမှာ ကြမ်းတမ်းလျက်ရှိနေပြီး ခြေ



နှင့်လက်တို့တွင် ပပ်ကြားအက်များက အကွက်လိုက် အကွက်လိုက်ဖြစ်နေသည်။ ထိုအက်ကွဲနေသော အရေကြောင်းများကြားတွင်လည်း ရွှံ့များက ဝင်နေလျက် သာမန်လူတစ်ယောက်နှင့်စာလျှင် အတော်ကလေး ထူးထူးဆန်းဆန်းဖြစ်နေသည်။

ကျောက်ဒိုးက ထိုလူစိမ်းကိုကြည့်ရင်း ဖိုးဖြူကို တီးတိုးလှမ်းပြောလိုက်၏။

'ဟေ့ကောင် ဖိုးဖြူ၊ အဲဒီလူကို မင်းမြင်ဖူးလား၊ ငါတော့ ဒီရွာမှာ တစ်ခါမှ သူ့ကိုမမြင်ဖူးဘူး၊ သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပဲကွ'

'အေး... ဟုတ်တယ်၊ ငါလည်း မင်းကို အဲဒါပြောမလို့'

လူစိမ်းမှာ လက်တစ်ဖက်မှ အမဲသားတွဲတစ်တွဲကို ဆွဲလာကာ ကျောက်ဒိုးတို့၏ရှေ့မှ ဇရပ်အိုတစ်ခုပေါ်သို့ ဖိနပ်မပါသောခြေဗလာဖြင့် လှမ်းတက်သွား၏။ ထိုသူ၏ မျက်လုံးများမှာလည်း ဧရာရွာနှင့် ရင်းရင်းနှီးနှီးရှိပြီးသားလူလို ဘေးဘီကို မဝ့်မရဲနှင့် အကဲခတ်ပြီးကြည့်မနေဘဲ သူလုပ်နေကျ အလုပ်တစ်ခုလို သူ့လှုပ်ရှားမှုတွေက ပုံမှန်မြန်ဆန်လွန်းလှသည်။

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ဘုန်းကြီးကျောင်းအနီးမှ ဇရပ်အိုပေါ်တွင် ထိုင်နေသော လူစိမ်းကို မယောင်မလည်နှင့် ခပ်လှမ်းလှမ်းမှ ကြည့်နေကြသည်။ လူစိမ်းကတော့ ကျောက်ဒိုးနှင့် ဖိုးဖြူတို့ကြည့်နေကြသည်ကို ကျောခိုင်းကာ ဂရုပင်မစိုက်ဘဲ ထိုင်နေရာမှ ကိုယ်ကို ရှေ့သို့ကိုင်းညွှတ်ကာ ဘာတွေလုပ်နေမှန်း မသိရကုန်းကွကွနှင့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟော့ကောင် ကျောက်ဒိုး၊ ဟိုလူကြီးက ရှေ့ကို ကုန်းပြီး ဘာတွေလုပ်နေတာလဲ မသိဘူး၊ ငါတို့ အနားကိုသွား ကြည့်ရအောင်'

ဖိုးဖြူက ကျောက်ဒိုးလက်ကိုကုတ်ကာ လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်သည်။ ကျောက်ဒိုးလည်း ဖိုးဖြူ၏စကားကို သဘောပေါက်လိုက်သည့်အမူအရာဖြင့် ရှေ့သို့ မေးငေါ့ပြလိုက်၏။

ဇရပ်အိုအနီးမှ ကိုင်းကျနေသော ငှက်ပျောပင်၏ အလက်တစ်ခုကိုကွယ်ကာ သူတို့နှစ်ယောက် ချောင်းကြည့်လိုက်ကြသည်။

'ဟင်'

လူစိမ်း၏ရှေ့တွင် ချထားသော အမဲသားတွဲမှာ စောစောက သူ့လက်ထဲတွင် ကိုင်ဆွဲလာသလောက် မရှိတော့ဘဲ အနည်းငယ်မျှသာ ကျန်တော့သည်။ သူ့ပါးစပ်မှာလည်း တပြတ်ပြတ် ဝါးမြိုနေလျက် မျက်လုံးတစ်ဖက်က တစ်နေရာတည်းသို့သာ စူးစိုက်ကြည့်နေသည့်ပုံမျိုး။

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ လူစိမ်းကိုကြည့်ရင်း ကြက်သီးမွေးညင်းတွေထကုန်ပြီး တစ်ယောက်ကိုတစ်ယောက် နားမလည်သလို ကြည့်လိုက်ကြ၏။ တစ်ပြိုင်တည်းမှာပင် ကြောက်လန့်သည့် စိတ်တွေကလည်း အလိုလိုနေရင်း ပေါ်လာ၏။

ပြိုပျက်စပြုနေသော ဇရပ်အိုပေါ်မှ မညီမညာမိုးအုပ်ထားသော သွပ်ပြားချပ်များက လေတိုက်တိုင်း တဖျမ်းဖျမ်းမြည်နေ၏။



ဇရပ်အို၏ အခင်းကြမ်းပြင်မှာလည်း ဖုန်မှုန့်များ၊ သဲများက ဖွေးဖွေးလှုပ်နေပြီး ပျဉ်ချပ်အချို့မှာ ကျိုးပဲ့လျက်ရှိနေသည်။

ကျောက်ဒိုးနှင့် ဖိုးဖြူတို့နှစ်ယောက် ချောင်းပြီးကြည့်နေစဉ်မှာပင် လူစိမ်း၏မျက်နှာက ဖျတ်ခနဲ သူတို့နှစ်ယောက်ကို လှည့်ကြည့်လိုက်၏။

'ဟာ'

'ဟင်… ငါတို့ကို တွေ့သွားပြီထင်တယ်'

ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ငှက်ပျောရွက်များကြားသို့ ချက်ချင်းပင် ခေါင်းကို ပြိုင်တူဝပ်လိုက်ကြသည်။ သိပ်မကြာခင် ဇရပ်အို၏ အခင်းကြမ်းပြင်များကို ဂျိုးဂျိုးဂွတ်ဂွတ်နှင့် နင်းလျှောက်လာသံကြားလိုက်ရသည်။

သူတို့နှစ်ယောက်ရှိရာသို့ လျှောက်လာနေသော ခြေသံက တဖြည်းဖြည်းနီးကပ်လာသည်။ ကျောက်ဒိုးနှင့် ဖိုးဖြူမှာ ခေါင်းငုံ့ပြီးပုန်းဝပ်နေရာမှ တစ်ယောက်မျက်နှာကို တစ်ယောက် အထိတ်တလန့်ဖြင့် ကြည့်လိုက်ကြရင်း လက်ချင်းချိတ်ကာ ခြေကုန်သုတ်ပြီး ပြေးကြတော့သည်။

သူတို့နှစ်ယောက် ခြေထောက်တွေက ရေကန်ကြီးအနီးသို့ အရောက်တွင် လဲပြိုလုမတတ်ဖြစ်နေပြီး မောဟိုက်လွန်းနေကြသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ခရမ်းပြာရောင်ညနေခင်း၏ ဝင်လုဆဲဆဲနေရောင်ခြည်က မြစ်ရေပြင်တစ်ခုလုံးပေါ် မှိုင်းရီရီဖြင့် တဖျတ်ဖျတ်လက်ဖြာပြီး ကျနေသည်။

ကိုသာရင်မှာ ဦးစက်ရှင်တို့အိမ်မှ နွားတစ်အုပ်ကို ရေချိုးရန် ကမ်းရေပြင်အစပ်ဆီသို့ လေးတိလေးကန် ခြေလှမ်းများဖြင့် တဟဲ့ဟဲ့မောင်းလာ၏။ ခါတိုင်းရက်များတွင် နွားများကို ညနေစောင်းခင် ရေချနေကျဖြစ်သော်လည်း တစ်နေကုန်အောင် အလုပ်ကို ဧယ်ဆက်သလိုခိုင်းနေသည့် ဦးစက်ရှင်တို့လင်မယားကြောင့် ဒီနေ့အဖို့ အချိန်အတော်ကလေးပင် နောက်ကျနေပြီဖြစ်သည်။

ကိုသာရင်၏ ခြောက်လှန့်မှုကြောင့် ရှေ့ဆုံးမှနွားအုပ်မှာ တဝုန်းဝုန်းဖြင့် မြစ်ရေထဲသို့ဆင်းကုန်ကြသည်။

'ဟဲ့ နွား၊ တယ် ငါလေ'

ကိုသာရင်တစ်ယောက် သိပ်ပြီးစိတ်မရှည်ချင်တော့။ ယခု



အချိန်အထိ ညနေစာကလည်း မစားရသေး။ တကယ်တမ်းစားရပြန်တော့လည်း ထမင်းကြမ်းတစ်ဆုပ်တစ်ခဲနှင့် ငါးပိရည်သာဖြစ်သည်။ ဒါတွေကို ကိုသာရင် ပြန်တွေးတိုင်း သူ့အလုပ်ရှင် ဦးစက်ရှင်တို့လင်မယားကို မကျေမနပ်ဖြစ်နေမိသည်။

ထို့နောက် ကိုသာရင်မှာ ဖွပ်ကျယ်အင်္ကျီလေးကို ချွတ်ကာ သူ့ပခုံးတစ်ဖက်ပေါ်သို့ လှမ်းတင်ရင်း မြစ်ရေကို လက်ခုပ်ဖြင့် ခပ်ကာ နွားများကို တဖြန်းဖြန်းဖြင့် လှမ်းပက်နေ၏။

ထိုစဉ်…

မနီးမဝေးမှ မြစ်ရေကြောင်းအတိုင်း ဆန်တက်လာနေသော သစ်တုံးသဏ္ဍာန်အရာတစ်ခုကို အလုပ်ရှုပ်နေသည့် ကိုသာရင် တစ်ယောက်သတိမထားမိလိုက်။ ညနေမှောင်ရီပိုးတဝါးမို့ အမြင်မသဲကွဲတာလည်း ပါသည်။

ထိုသစ်တုံးသဏ္ဍာန်က တရွေ့ရွေ့နှင့် နွားတစ်ကောင်အနီးသို့အရောက်တွင်…

'ဗွမ်း… ဝုန်း'

'ဘွတ်… အဲ'

ကိုသာရင် အလန့်တကြား လှမ်းကြည့်လိုက်သည့်အခါတွင်တော့ များစွာနောက်ကျသွားခဲ့ပြီဖြစ်သည်။

'ဟာ… အမလေး… မိကျောင်းကြီး'

တဝုန်းဝုန်းပွက်လောညံအောင် ရေပြင်တစ်ခုလုံး ဖြောင်းဆန်သွားသည်။ မိကျောင်းကြီး၏ ကြီးမားသန်မာသော မေးရိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



များကဲ့ နွားတစ်ကောင်၏ပေါင်ကို မလွှတ်တမ်းခဲထား၏။ နွားက လည်း အသက်သေးမို့ ဓောကပ်ကာ သွေးရူးသွေးတန်း ရုန်းထွက် နေ၏။ ကိုသာရင်တစ်ယောက်လည်း ရုတ်တရက်မို့ သတိလက် လွှတ်ဖြစ်ကာ မိကျောင်းကြီး၏ခေါင်းကို သူ့လက်ထဲမှ နွားကန် ဖြင့်ရိုက်ရင်း 'တဟဲ့ဟဲ့' အော်နေ၏။

ကျန်နွားများကတော့ ဝရုန်းသုန်းကားဖြင့် ကမ်းပါးဆီသို့ ပြေးတက်သွားကြပြီဖြစ်သည်။

'ဘွတ်အဲ၊ ဘွတ်အဲ'

'ဖျောင်း··· ဝုန်း'

'အောင်မလေးဗျ'

ဖြန်းခနဲလွဲကာ လှမ်းရိုက်လိုက်သည့် မိကျောင်းကြီး၏ အမြီးက ကိုသာရင်နှင့် သီသီကလေးလွဲသွားသည့်အတွက် သွေး ပျက်စွာ လန့်အော်လိုက်မိသည်။ မိကျောင်းကြီးက နွား၏ပေါင် ကို မလွှတ်တမ်းခဲထားရင်း ကိုယ်ကို နှစ်ပတ်၊ သုံးပတ် လူးလှိမ့် လိုက်ရာ နွားပေါင်ရိုးတစ်ချောင်းလုံး သွင်သွင်ကျိုးပြီး မရုန်းကန် နိုင်ရှာတော့ဘဲ မိကျောင်းကြီးဆွဲခေါ်ရာ ရေအောက်ထဲသို့ နွား တစ်ကောင်လုံး နစ်မြုပ်ပါသွားလေတော့သည်။

'ကယ်ကြပါဦး··· ကယ်ကြပါဦး၊ မိကျောင်းကြီးဗျ၊ မိကျောင်းကြီး'

အရူးတစ်ယောက်လိုအော်ဟစ်ရင်း ကမ်းပေါ်သို့ ဒယိမ်း ဒယိုင်နှင့် ပြေးတက်လာခဲ့လေတော့သည်။

❖ ❖ ❖



တဝေါဝေါရိုက်ပုတ်နေသော လှိုင်းသံ လေသံတွေကြားတွင် ဧရာဝတီမြစ်ကမ်းရိုးတစ်လျှောက် အော်သံဟစ်သံတွေနှင့် ပွက် လောရိုက်နေသည်။ အထူးသဖြင့် ဦးစက်ရှင်နှင့် ဒေါ်ကြာစိတို့ လင်မယား၏ အသံက ပိုပြီးကျယ်ကျယ်လောင်လောင်ကြီးဖြစ်နေ သည်။

'ငါတို့မှာ မရှိမဲ့ရှိမဲ့ကြားထဲက ဝယ်ထားရတဲ့ နွားပြာမ လေးတော့ ကိုသာရင်ကြောင့် မိကျောင်းစာဖြစ်ရပြီတော့ ကိုစက် ရှင်ရေ'

ဒေါ်ကြာစိ၏အသံကို ကြားလိုက်ရသည်နှင့် ရပ်ကြည့်နေ ကြသည့် ရွာရှာမှ လူများမှာ ချက်ချင်းဆိုသလို မဲ့ရွဲ့သွားကြသည်။ အကယ်တော့ ယခုအချိန်တွင် ရွာရှာ၌ ဦးစက်ရှင်တို့လင်မယား လောက် ငွေကြေးချမ်းသာသူ တစ်ယောက်တလေမျှ မရှိ။ အခု လည်း သူတို့၏နွားပြာမလေး မိကျောင်းအဆွဲခံလိုက်ရသည်ကို နမြောတွန့်တိုသည့်လေသံဖြင့် စာရင်းငှားကိုသာရင်ကိုသာ မဆီ မဆိုင် မဲပြီး ဖိဟောက်နေတော့သည်။ ဦးစက်ရှင်မှာလည်း မီးဝင်း ဝင်းတောက်နေသည့် မျက်လုံးများဖြင့် လက်ညှိုးငေါက်ငေါက်ထိုး ကာ ဒေါသတကြီးလေသံဖြင့်···

'မင်း··· မင်း ငါ့နွားပြာမလေးအတွက် တစ်ခုခုပြန်ပြီးလျော် ရမယ်၊ ဒါပဲ'

ဦးစက်ရှင်၏ မတရားသဖြင့် စကားတွေကြောင့် မြစ်ကမ်း ပူးပေါ် ရပ်ကြည့်နေကြသော ရွာသားများမှာ မကျေမနပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်ကြသည်။ စာရင်းငှားကိုသာရင်ကလည်း မြစ်ရေအစပ်မှ မသေကောင်း မပျောက်ကောင်း အသက်လုပြီးပြေးလာခဲ့ရသဖြင့် ရေမျှားရွှဲရွှဲစိုနေလျက် တုန်ယင်မောဟိုက်နေသည်။ သူ့မျက်နှာတစ်ခု လုံးမှာလည်း ဦးစက်ရှင်၏ မာကျောခက်ထန်သော စကားလုံးများ ကြောင့် ချွေးသီးချွေးပေါက်များကျလာကာ ခြေတွေ လက်တွေ တုန်တုန်ယင်ယင်ဖြစ်နေသည်။

'ကျွန် ... ကျွန်တော်လည်း မိကျောင်း ရေထဲမှာရှိမှန်း ဘယ်သိပါ့မလဲခင်ဗျာ၊ အခုကိစ္စ ...'

'မလိုချင်ဘူး၊ ဒီနွားပြာမလေးအတွက် လျော်ကြေးကို မင်း လခထဲက ပြန်ပြီးနုတ်ရလိမ့်မယ်၊ ဒါပဲ'

ဦးစက်ရှင်ကတော့ သူ့နွားပြာမလေးအတွက် လျော်ကြေး ကိုသာ တွင်တွင်ပြောဆိုပြီး တောင်းနေ၏။

ရေရွာမှ ရွာသားများမှာလည်း ဦးစက်ရှင်တို့လင်မယား၏ မောက်မာရိုင်းစိုင်းသည့် အပြောအဆိုတို့ကြောင့် စာရင်းငှား ကိုသာရင်ကို စိတ်ထဲမှသနားနေမိကြသည်။

ကိုသာရင်ကတော့ ခေါင်းကိုငုံ့ကာ ငိုင်တွေတွေကြီးဖြစ်နေ ရုံမှတစ်ပါး ဦးစက်ရှင်တို့လင်မယားကို ဘာမှတုံ့ပြန်ပြီးမပြောနိုင် အောင် ဖြစ်နေ၏။ တကယ်တော့ ဦးစက်ရှင်၏ နွားပြာမလေး အတွက် လျော်ကြေးက သူ့လခထက် အဆမတန်များလွန်းနေ သည်။

ရေရွာမှ ရွာသားများမှာလည်း ထိုအဖြစ်အပျက်များကြောင့်



မြစ်ပြင်အတွင်း တံငါအလုပ်ကို စိတ်ဖြောင့်ဖြောင့်မလုပ်နိုင်ကြတော့ ဘဲ ဘယ်အချိန်ဘွားခနဲပေါ်လာမည်လဲဆိုသည့် မိကျောင်းကြီး၏ ရန်ကို အထိတ်ထိတ်အလန့်လန့်နှင့် ဖြစ်နေကြရသည်။

❖ ❖ ❖

နောက်တစ်နေ့မနက်တွင် ကျောက်ဒိုးမှာ ဦးစက်ရှင်နှင့် ဒေါ်ကြာစိတ်တို့အိမ်မှ အလုပ်လုပ်ရန် လာခေါ်သဖြင့် စိတ်ပျက်လက် ပျက်ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။ တကယ်တော့ ကျောက်ဒိုး မှာ ဦးစက်ရှင်တို့လင်မယားကို တစ်စက်ကလေးမှ မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီးလျက်ရှိသည်။ ဒီအလုပ်တွေကို သူ သွားမလုပ်လျှင်လည်း သူ့အမေမယ်နှမ်းမြကိုယ်တိုင်သွားပြီး လုပ် ရရှာပေလိမ့်မည်။ ဘာပဲပြောပြော ကျောက်ဒိုးရင်ထဲမှာတော့ ကလေးပီပီ မခံချင်စိတ်တွေက တဖွားဖွားပေါ်နေ၏။

'တောက် ... ဒီအကြေးတွေကလည်း ကျေပဲ မကျေနိုင် တော့ဘူးလား၊ ဒီလင်မယားက ငါတို့သားအမိအပေါ်ကို သက် သက်မဲ့အနိုင်ကျင့်နေတာ'

ကျောက်ဒိုးက မကျေမနပ်ခြေလှမ်းများဖြင့် လျှောက်လာ ရင်း သဲသောင်ပြင်ပေါ်မှ သဲမှုန့်သဲပွင့်တို့ကို စိတ်ရှိလက်ရှိ ခြေဖြင့် ကန်ကျောက်ပစ်လိုက်သည်။ သူ့ရင်ထဲမှာလည်း မခံမရပ်နိုင်အောင် ကြီးမားသည့်အစိုင်အခဲတို့က ပြည့်ကျပ်မွန်းသိပ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျောက်ဒိုးမှာ ဦးစက်ရှင်တို့ခြံဝသို့ ရောက်လာ၏။

'ဟဲ့··· အမလေး ကိုယ်တော်၊ မြန်မြန်လာပါ၊ ဒီမှာ နင့်ကို ခိုင်းစရာတွေရှိရင် လိုက်လိုက်ပင့်နေရတော့တာပဲ။ နည်းနည်းပါးပါးလည်း ကိုယ့်အသိစိတ်ဓာတ်နဲ့ လာပြီးလုပ်ပါဦး၊ ငါတို့က နင့်ကိုခိုင်းနေတာ အလကားခေါ်ခိုင်းနေတာ မဟုတ်ဘူး၊ နင်တို့သားအမိဆီမှာ ရစရာရှိတဲ့ ငွေတွေကို သနားလို့ အလုပ်နဲ့နှိမ်ပေးနေတာ'

အိမ်ခြံဝသို့ဝင်လျှင်ဝင်ချင်း ဒေါ်ကြာစိ၏ နိုင်ထက်စီးနင်းစကားကြောင့် ကျောက်ဒိုး၏မျက်နှာကြောမှာ တင်းခနဲဖြစ်သွားပြီး တစ်စုံတစ်ရာကို ပြန်ပြောလိုက်ရန် ပါးစပ်ကိုပြင်လိုက်၏။

သို့သော် ကျောက်ဒိုး၏နှုတ်ခမ်းဝမှ ဘာစကားတစ်ခွန်းမျှ ထွက်မလာဘဲ အံကိုသာ တင်းတင်းကျိတ်ထားမိသည်။

'ဟိုမှာရှိတဲ့ ထင်းပုံက ထင်းတွေကို ပေါက်ပြီးရင် စဥ့်အိုးတွေထဲကို ရေဖြည့်၊ ပြီးရင် ပန်းကန်စင်အောက်မှာရှိတဲ့ ပန်းကန်တွေအားလုံးကို ဆေး'

ကျောက်ဒိုးမှာ ဒေါ်ကြာစိ၏ တစ်မျိုးပြီးတစ်မျိုး စီတန်းပေးသည့်အလုပ်များကို ခေါင်းငိုက်စိုက်ချရင်း နားထောင်နေ၏။ သူ့မျက်လုံးများကတော့ ခေါင်းငုံ့နေရာမှ မျက်ဆံကိုအပေါ် မျက်ခုံးသို့ ထောင့်ကပ်ကာ ဒေါ်ကြာစိ၏မျက်နှာကို မကျေမနပ်ဖြင့် စူးစူးစိုက်စိုက်ကြည့်နေမိ၏။



ဒေါ်ကြာစိမှာလည်း ခါးနှစ်ဖက်ကို လက်ဖြင့် ဟန်ပါပါ ထောက်လိုက် လက်ညှိုးထိုးလိုက်ဖြင့် သူ့မျက်နှာတစ်ခုလုံးမှာ ရစရာမရှိအောင် ရှုံ့တွနေ၏။

'ဦးစက်ရှင်··· ဗျို့ ဦးစက်ရှင်'

အိမ်ရှေ့မှခေါ်သံကြောင့် ဒေါ်ကြာစိ၏ များပြားလှသော အိမ်အလုပ်စာရင်းများမှာ စကားပျက်သလိုဖြစ်သွားသည်။

'သြော်··· သူကြီးပါလား၊ ကြွပါ၊ ကြွပါ'

သူကြီးဦးဘသော်၏မျက်နှာကို မြင်လိုက်ရသော ဒေါ်ကြာစိမှာ ချက်ချင်းဆိုသလို ကျောက်ကျောကို ရေနှင့်ပက်လိုက်သလို ဝင်းခနဲပြောင်းသွား၏။

'အေးဗျာ၊ ကိုစက်ရှင်က ကျုပ်တို့အိမ်ကို ခဏကြွခဲ့ပါဦးဆိုလို့ လာခဲ့တာပဲ၊ သူ့ဌေးကြီးကိုစက်ရှင်က ဘာအရေးတကြီးအကြောင်းတွေများ ရှိနေသလဲလို့ပါ'

ပြောပြောဆိုဆို သူကြီးဦးဘသော်မှာ ပုဏ္ဏားကွယ်မှ ကုလားထိုင်တွင် ဝင်ပြီးထိုင်လိုက်သည်။ ဒေါ်ကြာစိမှာလည်း သူကြီးဦးဘသော်ကို ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်တို့ကို တည်ခင်းလိုက်ရင်း မလှမ်းမကမ်းတွင် မတ်တတ်ရပ်ပြီး ကြည့်နေသည့် ကျောက်ဒိုးဘက်သို့ လှည့်ကာ···

'ကဲ··· ကဲ··· ကျောက်ဒိုး နင် သွားလုပ်စရာရှိတာတွေ သွားလုပ်တော့'

ရုတ်တရက်ပြောင်းလဲသွားသည့် ဒေါ်ကြာစိ၏လေသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျောက်ဒိုးမှာ တအံ့တဩဖြစ်နေ၏။ ကျောက်ဒိုးမှာ ထို နေရာမှ ချက်ချင်းမသွားသေးဘဲ ဒေါ်ကြာစိ၏မျက်နှာကိုကြည့်ကာ နားမလည်နိုင်အောင်ဖြစ်နေသည်။

သူကြီးဦးဘသော်မှာ ဒေါ်ကြာစိနှင့် ကျောက်ဒိုးကို တစ်လှည့်စီကြည့်ရင်း…

'ဒါ… ဒါ မပန်းမြသားလေးနဲ့တူရဲ့'

'ဟုတ်ပါတယ် သူကြီး၊ ဒီကလေးက နေ့ဘက်ဆို ကျွန်မတို့အိမ်ကိစ္စတွေ လာလာပြီး ကူညီညာလုပ်ကိုင်ပေးနေတာလေ၊ သူ့အမေပန်းမြကလည်း အလုပ်ကတစ်ဖက်ဆိုတော့ ကျွန်မတို့ကလည်း ဒီကလေးကို ပေးကမ်းကျွေးမွေးနေရတော့တာပေါ့'

ဒေါ်ကြာစိ၏စကားကြောင့် ကျောက်ဒိုး၏မျက်နှာမှာ သိသိသာသာကြီးပျက်သွားပြီး လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ယခုအချိန်တွင် ဖြစ်နိုင်လျှင် ဒေါ်ကြာစိ၏ ဆူဖြိုးဖြိုးမျက်နှာကြီးနှင့် ဟန်ဆောင်ပြုံးနေသော အမူအရာတို့ကို တွေ့ကရာနှင့်ပစ်ပေါက်ပစ်လိုက်ချင်သည်။

'တောက်… အသည်းယားဖို့ကောင်းတဲ့မိန်းမကြီး၊ ရုပ်နဲ့လိုက်အောင် ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီး၊ ငါ့အမေ ဒုက္ခရောက်မှာစိုးလို့ပေါ့ကွာ၊ နောက်မို့ဆိုရင်တော့ ဒီမိန်းမကြီးကို ဟောဟိုက ချိတ်ထားတဲ့ ငှက်ကြီးတောင်ဓားနဲ့ ပိုင်းချလိုက်မိမှာ'

ကျောက်ဒိုးမှာ ဦးစက်ရှင်၏ ဧည့်ခန်းနံရံတွင် အလှချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားကိုကြည့်ကာ ကလေးအရွယ်နှင့်မမျှအောင် ဒေါသတို့က အလျှံနှင့်ငြီးငြီးတောက်နေ၏။



ထိုစဉ် အိမ်အပေါ်ထပ်လှေကားမှ ပုဆိုးခါးပုံစကို လက်နှင့်သပ်ကာ ဟန်ပါပါဖြင့် တစ်လှမ်းချင်းဆင်းလာသော ဦးစက်ရှင်က…

'ဩော်… သူကြီးမင်းတောင် ရောက်လာမှကိုး'

သူကြီးဦးဘသော်မှာ လှေကားပေါ်မှဆင်းလာသော ဦးစက်ရှင်ကို ပြုံးပြီးလှမ်းကြည့်လိုက်၏။ ဒေါ်ကြာစိကတော့ သူကြီးဦးဘသော်ကို မျက်စိတစ်ချက်ဝေ့ကြည့်ရင်း ကျောက်ဒိုး၏မျက်နှာကို မျက်စောင်းထိုးပြီး မျက်ရိပ်မျက်ကဲပြသလို လုပ်လိုက်၏။

ကျောက်ဒိုးမှာ ထိုနေရာတွင် ဆက်ပြီးရပ်နေပါက မဖြစ်သင့်သည့်ကိစ္စတို့ ဖြစ်မည်စိုးသဖြင့် ချာခနဲနောက်လှည့်ထွက်ကာ ထင်းပုံရှိရာ အိမ်ဘေးဘက်သို့ ထွက်လာခဲ့သည်။

'အေးဗျာ… သူကြီးကို အခုလိုခေါ်ရတာ အခြားကိစ္စတော့ မဟုတ်ပါဘူး၊ ကျုပ်တို့ရွာမှာ အခုဆိုရင် ဘယ်က ဘယ်လိုရောက်လာမှန်းမသိတဲ့ လူစိမ်းတစ်ယောက် ရွာနားက ဇရပ်ပေါ်မှာ အခြေချပြီး နေနေတဲ့ကိစ္စပဲ'

ပြောပြောဆိုဆို ဦးစက်ရှင်က သူကြီးဦးဘသော်၏ရှေ့မှ ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။

သူကြီးဦးဘသော်မှာ ဦးစက်ရှင်၏စကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း…

'အင်း… ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီလူစိမ်းကိုလည်း ကျုပ်တို့က မျက်ခြည်မပြတ်စောင့်ကြည့်နေတာပဲလေ၊ သူ့ကိုကြည့်ရတာတော့ ဘာမသင်္ကာစရာမှ…'

www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရှင်က သူကြီး၏စကားကို ဝင်ပြီး လှပြောလိုက်ပြန်သည်။

'မဟုတ်ဘူးလေ သူကြီးရဲ့၊ ဒီရွာမှာ ကျုပ်တို့က ငွေနဲ့ကြေးနဲ့ အိုးနဲ့အိမ်နဲ့ဆိုတော့ အစစအရာရာ အမြဲတမ်းသတိထားပြီး နေနေရတယ်၊ ဒီလူဟာ လူဆိုးလား သူခိုးလားဆိုတာလည်း ဘာမှ သိရတာမဟုတ်ဘူး'

'ဟုတ်ပါတယ် သူကြီးရယ်၊ အဲဒီလူ ရွာကိုစပြီးရောက်လာကတည်းက ကျွန်မတို့မှာလည်း နေ့မအိပ်ရ၊ ညမအိပ်ရနဲ့ အတော်ကလေးကို စိုးရိမ်နေရတယ်၊ မတော်လို့ ဓားပြတွေ ဘာတွေဖြစ်နေမှဖြင့်...'

ဒေါ်ကြာစိလည်း ဦးစက်ရှင်၏စကားမဆုံးခင် ပူပင်သောကရောက်နေရသည့် မျက်လုံးများဖြင့် ဝင်ပြောလိုက်ပြန်သည်။

ကျောက်ဒိုးမှာ အိမ်ဘေးတွင် ထင်းခွဲခြမ်းများကို ပေါက်ဆိန်ဖြင့်ပေါက်ရင်း အိမ်ထဲမှ အသံများကို နားစိုက်ထောင်နေ၏။

'ဟင်... ဒါ ငါနဲ့ ဖိုးဖြူ ဟိုတစ်ရက်က ဇရပ်ပေါ်မှာ တွေ့လိုက်ရတဲ့ အသားအရေတွေ ပပ်ကြားအက်နေတဲ့ လူကြီးကို ပြောတာပဲဖြစ်ရမယ်'

ကျောက်ဒိုးက နဖူးပေါ်မှစီးကျလာသည့် ချွေးများကို လက်နှင့်သပ်ချလိုက်ပြီး ပေါက်ဆိန်ကို အိမ်ဘေးနံရံတွင် မှီထောင်လိုက်၏။ ထို့နောက် အိမ်ထဲမှ စကားသံများကို ဆက်ပြီးနားထောင်နေမိပြန်သည်။



'ကျုပ်တို့လည်း ဒီလူ့ကို တစေ့တစောင်းတော့ အကဲခတ်ပြီးကြည့်နေတာပါ၊ ဒီကိစ္စအတွက်တော့ ဦးစက်ရှင်တို့လင်မယား ဘာမှမပူပါနဲ့၊ တစ်ခုခုဖြစ်လာရင်သာ ကျုပ်တို့တာဝန်ထားပါ၊ နောက်ပြီး သူ့ကိုကြည့်ရတာ ခိုးချင်ဝှက်ချင်လို့ ဒီရွာကိုရောက်လာတယ် မထင်မိပါဘူး။ အသားအရေက မွဲခြောက်ခြောက်နဲ့၊ ရောဂါသည်တစ်ယောက်ထင်ပါရဲ့ဗျာ'

သူကြီးဦးဘသော်မှာ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့ပြီးသောက်လိုက်ရင်း ဦးစက်ရှင်တို့လင်မယားကို ပြောပြနေ၏။

'အို... ဘာပဲပြောပြောဗျာ၊ ရောဂါသည်ပဲဖြစ်ဖြစ် သူခိုးသူဝှက်ပဲဖြစ်ဖြစ်၊ ယောဒီရွာမှာ ဒီလူရောက်နေတာကို ကျုပ်တော့ သဘောမကျဘူး'

ရောဂါသည်ဟူသော စကားကို ကြားလိုက်ရုံဖြင့် ဒေါ်ကြာစိ၏မျက်နှာမှာ စက်ဆုပ်ရွံရှာသလို မဲ့ကာရွဲ့ကာဖြင့်...

'ဟုတ်တယ်၊ ဟုတ်တယ်၊ သူကြီးပြောသလို အဲဒီလူရဲ့ အသားအရေတွေက အကွက်လိုက် အကွက်လိုက်နဲ့ ပပ်ကြားအက်ကြီးတွေလိုပဲ၊ နောက်ပြီး အဲဒီပပ်ကြားအက်ထဲမှာ ရွံ့တွေကလည်း ဝင်နေလိုက်တာ ရွံစရာကြီး၊ ကျွန်မတို့ ဒီရေကို အတူသုံးနေကြတော့ တစ်ခုခုဆိုရင် ရောဂါတွေ ဘာတွေ ကူးမှာ ကြောက်ရတယ်ရှင့်'

သူကြီးဦးဘသော်မှာ ဦးစက်ရှင်တို့လင်မယားကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်သာ လုပ်နေသည်။ တကယ်တော့ ရောရွာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ငွေကြေးချမ်းသာသလောက် သဘောထားသေးသိမ်လှသော ဦးစက်ရှင်တို့လင်မယားကို ဘယ်သူကမှ ရောရောဝင်ဝင်မဆက်ဆံချင်ကြ။ တစ်ရွာလုံးက သူတို့လင်မယားကို ကူးစက်ရောဂါတစ်ခုလိုပင် စက်ဆုပ်ရွံရှာနေမိကြသည်။

ထိုနေ့ညက ကျောက်ဒိုးမှာ ဦးစက်ရှင်တို့အိမ်မှ အတော်ကလေးနောက်ကျပြီးမှ ပြန်ခဲ့ရသည်။

❒ ❒ ❒



## အခန်း (၁၁)

ဦးစက်ရှင်တို့၏ အုန်းခြံကြီးကိုကျော်လိုက်သည်နှင့် လရောင်က သဲသောင်ပြင်တစ်ခုလုံးပေါ်သို့ ဖွေးဖွေးလွှလွှကျနေ၏။ မြစ်ပြင်ဆီမှ တသုန်သုန်တိုက်နေသောလေကြောင့် မှိုင်းအုံနောက်ကျိနေသော ကျောက်ဒိုး၏စိတ်အာရုံတွေကို တစ်ခဏအတွင်းမှာပင် လန်းဆန်းသလိုဖြစ်သွား၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း လူရိပ်လူယောင်ဟူ၍ တစ်စက်ကလေးမှ မတွေ့ရဘဲ ရွာတစ်ခုလုံးမှာ တစ်နေကုန်ပင်ပန်းပြီး လဲလျောင်းအိပ်စက်နေသယောင် ငြိမ်သက်နေ၏။ တစ်ခါတစ်ခါ မြစ်ပြင်ဘက်မှ တဝုန်းဝုန်းရိုက်ပုတ်နေသော လှိုင်းလုံးကြီးများကြောင့်သာ ရွာက အသက်ဝင်နေသည်ဟု ထင်ရသည်။

ကျောက်ဒိုးလျှောက်ပြန်လာရာ ကမ်းခြေတစ်ခုလုံးမှာ ငါးခြောက်လှန်းသည့် ဝါးစင်များ၊ လှေများကို ဖာထေးသည့်ထောက်

www.burmeseclassic.com

www.burmeseclassic.com



စင်များနှင့် ငါးဖမ်းပိုက်တို့ကို ချိတ်ဆွဲထားသော ဝါးတန်းများက ဟိုနားတစ်ခု ဒီနားတစ်ခုဖြင့် ရှိနေသည်။

မကြာခင်လအောက်တွင် ထုံးသင်္ဘောက်များ ဖွေးဖွေးလှုပ်နေသည့် မြသဲလွန်စေတီလေးရှိရာသို့ ရောက်လာ၏။

ကျောက်ဒိုးက သူ့သားရေဖိနပ်အစုတ်လေးကိုချွတ်ကာ စေတီ၏ စောင်းတန်းလှေကားထစ်များအောက်ခြေမှနေ၍ လက်နှစ်ဖက်ကို အုပ်မိုးကာ ဦးချကန်တော့လိုက်သည်။ တစ်နေကုန်အောင် ကျွတ်ကျွတ်ပူနေခဲ့သော သဲသောင်ပြင်ကြီးတစ်ခုလုံးမှာ အခုအချိန်အထိ ကျောက်ဒိုး၏ ခြေဖဝါးနှင့် ဒူးနှစ်ဖက်အောက်တွင် ပူနွေးနေတုန်းပင် ဖြစ်သည်။

မြသဲလွန်စေတီလေးကို ဦးချကန်တော့လိုက်ပြီး ပြန်ထလိုက်စဉ် ပြီးခဲ့သည့်ရက်က မြစ်ရေတိုက်စားခံလိုက်ရသည့် စေတီ၏ အောက်ခြေမှ ပြိုပျက်သွားသော မြေသားများကိုကြည့်ကာ သူသိမ်းထားသော မိကျောင်းရုပ်လေးကို ပြေးပြီးသတိရမိလိုက်၏။

ထို့နောက် စေတီရင်ပြင်ပေါ်မှ သူ့ကိုငုံ့ကြည့်နေသည့် မည်းမည်းသဏ္ဌာန်လူရိပ်တစ်ခုကို လရောင်အောက်တွင် လှမ်းတွေ့လိုက်ရသည်။ ထိုလူရိပ်မှာ သူ့ကို ဘယ်အချိန်က စောင့်ကြည့်နေမှန်း ကျောက်ဒိုး မသိ။ သူပြန်ကြည့်လိုက်စဉ်မှ ထိုမည်းမည်းသဏ္ဌာန်လူရိပ်မှာ စေတီ၏အနောက်ဘက်သို့ တိုးဝင်ပျောက်ကွယ်သွားသည်။

'ဟင်... ဒါ ဘယ်သူလဲ၊ ငါ့ကို အသံမပေးဘဲ စိုက်ကြည့်



နေတာ ဘာကြောင့်လဲ၊ ဒီအချိန်အထိ စေတီပေါ်မှာ ရှိနေပုံထောက်တော့ ဧကန္တ အရှုးကြီးဖောင်တိန်ပဲလား၊ မဟုတ်သေးပါဘူး၊ အရှုးကြီးဖောင်တိန်ဆိုရင် ငါ့ကို လှမ်းအော်ခေါ်မှာပေါ့'

ကျောက်ဒိုးအတွေးတွေက တစ်ခဏအတွင်းမှာ ရှုပ်ထွေးကုန်၏။

လက်နှစ်ဖက်တွင် တွယ်ကပ်နေသော သဲမှုန်၊ သဲပွင့်တို့ကို ပွတ်သပ်ခါထုတ်လိုက်ပြီး သူ့အင်္ကျီနှင့် သုတ်လိုက်၏။ ထို့နောက် ကျောက်ဒိုးမှာ ချွတ်ထားသောဖိနပ်ကို ကောက်ယူလိုက်ပြီး သဲများကို ခါထုတ်ကာ ခါးကြားတွင် ညှပ်ထိုးလိုက်သည်။

'ဂီး... ဂစ်... ဂစ်... ဂစ်'

သူ့ခေါင်းပေါ်မှ ကပ်ပြီး ပျံသွားသည့် ညှက်၏အသံက တစ်စုံတစ်ရာကို ကြောက်လန့်တကြား အော်ပြီး ထပျံသွားသည့်ပုံစံမျိုး။

ချက်ချင်းဆိုသလို ကျောက်ဒိုး၏စိတ်တွေက လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ထို့နောက် သဲသောင်ပြင်ပေါ်တွင် ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် လျှောက်ပြန်လာခဲ့သည်။

တဖြည်းဖြည်းနှင့် ရေကန်ကြီးအနားသို့အရောက်တွင် ကျောက်ဒိုး၏မျက်စိတွေက ကျောက်ရုပ်မိကျောင်းကြီးရှိရာဆီသို့ အလိုလိုကြည့်လိုက်မိ၏။

ပြီးခဲ့သည့်ရက်က သူ့အလိုလိုပျောက်ဆုံးသွားသော ကျောက်မိကျောင်းကြီးရှိရာ မြေပြင်ကတော့ ဘာမှထပ်ပြီးထူးထူး

www.burmeseclassic.com

www.burmeseclassic.com



ခြားခြားဖြစ်မနေဘဲ အမှန်တကယ်ပင် ပျောက်ကွယ်သွားပြီဖြစ်၏။

ထိုနေရာသို့ရောက်မှ ကျောက်ဒိုး၏ ကျောပြင်တစ်ခုလုံးမှာ စိမ့်ခနဲခံစားလိုက်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း ပြူးပြူးပျာပျာဖြင့် လှည့်ပတ်ကြည့်လိုက်၏။ ရေကန်ကြီးကတော့ ကြာရိုးကြာရွက်တို့ ထိုးထိုးထောင်ထောင်ဖြင့် ငြိမ်သက်တိတ်ဆိတ်နေသည်။

'ဒီကျောက်မိကျောင်းကြီးက ဒီရေကန်ထဲဆင်းသွားတာ မှန်ရင် တစ်နေ့နေ့မှာတော့ ငါတို့ ပြန်မြင်ရမှာပဲ၊ ဒါပေမဲ့ လူကြီးတွေပြောနေကြတာတော့ နတ်မိကျောင်းဆိုလား ဘာဆိုလား၊ အဲဒီ နတ်မိကျောင်းဆိုတာ လူယောင်လည်း ဖန်ဆင်းလို့ရတယ်၊ ကိုယ်ယောင်လည်း ဖျောက်လို့ရတယ်တဲ့၊ ဟုတ်ရင်လည်း ဟုတ်မှာ'

ကျောက်ဒိုးမှာ ရေကန်ကြီးကိုကျော်ကာ ဆက်လျှောက်လာပြီး တောင်ရောက်မြောက်ရောက် ကလေးပီပီ လျှောက်တွေးကြည့်နေ၏။ တွေးရင်းနှင့်လည်း ကြောက်စိတ်တွေက တဖွားဖွားပေါ်လာ၏။

'ဒီမိကျောင်းရုပ်ကြီး ပျောက်သွားပြီ၊ သိပ်မကြာခင် ငါနဲ့ ဝိုးမြနဲ့ တွေ့လိုက်ရတဲ့ ဇရပ်ပေါ်က လူကြီးလည်း ဒီရွာကိုရောက်လာတာပဲ၊ ဒီအကြောင်းနှစ်ခုက ဘယ်လိုပတ်သက်နေတာလဲ၊ အဲ… ဟုတ်ပြီ၊ ဒီလူကြီးရဲ့ အသားအရေတွေက ကျောက်မိကျောင်းရဲ့ အရေခွံတွေလိုပဲ၊ နောက်ပြီး သူ့မျက်လုံးတစ်ဖက်က ယောက်ပက်ကြီးဖြစ်နေတာကရော'



ကျောက်ဒိုးမှာ ပျောက်ဆုံးသွားသော မိကျောင်းရုပ်ကြီးနှင့် ဇရပ်ပေါ်မှ လူစိမ်းကို အမျိုးမျိုးဆက်စပ်ပြီး တွေးကြည့်နေ၏။ သူတွေးကြည့်နေသလိုလည်း အားလုံးက တိုက်တိုက်ဆိုင်ဆိုင်တွေ ဖြစ်နေသည်။ နောက်ပြီး အရူးကြီးဖောင်တိန်ပြောသည့် စကားအရ ကျောက်မိကျောင်းရုပ်ကြီး၏ ဘယ်ဘက်မျက်စိတစ်ဖက်က သိုက်ဆရာတွေ ကော်ထုတ်သွားလို့ ပျောက်ဆုံးသွားသလို လူစိမ်း၏ ဘယ် ဘက်မျက်စိတစ်ဖက်မှာလည်း ယောင်းလောင်းပေါက်ကြီး ဖြစ်နေ၏။

ကျောက်ဒိုးမှာ တောကြီးတစ်ခုလိုဖြစ်နေသော လမုပင်များကြားမှ လျှောက်လာရင်း ချောင်းရိုးလေးတစ်ခုအပေါ် ဖြတ်ပြီးထိုးထားသည့် ဝါးတံတားလေးပေါ်သို့ ရောက်လာ၏။

ထိုဝါးတံတားလေးမှာ ဒီရေအတက်အကျဒဏ်ကို နှစ်ပေါင်းအတော်ကြာအောင် ကြံ့ကြံ့ခံထားသဖြင့် ညွတ်ပက်ညွတ်ပက် ဖြစ်နေ၏။ တံတား၏အောက် ချောင်းရိုးလေးထဲတွင်တော့ ရေများက တံတားမျက်နှာပြင်ကို ထိလုနီးပါး မြင့်တက်နေ၏။

လရောင်ကြောင့် တလက်လက်တောက်ပနေသော ချောင်းရေမှာ တဖျတ်ဖျတ်လှုပ်ခတ်နေရင်း ဇရာရွာထဲသို့ လှည့်ပတ်စီးဝင်နေလောက်ပြီဖြစ်သည်။

မြစ်ပြင်ဘက်မှ တဝိုးဝိုးတိုက်ခတ်နေသောလေကြောင့် ဓနိပင်များ၏ အကိုင်းအလက်များက အချင်းချင်း ပွတ်တိုက်နေကာ တရှမ်းရှမ်းမြည်နေလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝါးတံတားလေးရှိသည့် လမုတော၊ ဓနိတောတို့ကို ကျော်လာပြီးနောက် သဲသောင်ပြင်ဖြူဖြူကို ပြန်ပြီးမြင်လိုက်ရပြန်သည်။ ထိုသဲသောင်ပြင်၏ တစ်ဖက်လရောင်အောက်တွင်တော့ အကြေးခွံများအထပ်ထပ်ဖြစ်နသော မျက်စိတစ်ဖက်ကန်းနေသည့် လူစိမ်းကို မထင်မှတ်ဘဲ လှမ်းတွေ့လိုက်ရသည်။

'ဟင်…'

ရုတ်တရက် ကျောက်ဒိုးလေးနှင့် လေး၊ ငါးကိုက်သာသာ အကွာမှ မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျောက်ဒိုး၏ ခေါင်းတစ်ခုလုံးမှာ အကြီးကြီးဖြစ်သွားသည်။ အမှတ်မထင် အထိတ်တလန့်အော်မိလိုက်သော သူ့ပါးစပ်ကိုလည်း လက်ဖြင့် ကမန်းကတန်းပြန်ပြီးဖိပိတ်လိုက်ရင်း လမုပင်၊ ကနစိုပင်များအကြားတွင် ကိုယ်ကိုဝပ်ကာ အသာကလေးငြိမ်ပြီး ချောင်းကြည့်နေမိသည်။

သဲသောင်ပြင်တွင် အကြေးခွံများအထပ်ထပ်ဖြစ်နေသော လူစိမ်းမှာ အင်္ကျီဗလာဖြင့် တဖြည်းဖြည်းချင်း မြစ်ကမ်းစပ်ဆီသို့ တရွေ့ရွေ့နှင့်သွားနေ၏။ ကျောက်ဒိုး လှမ်းမြင်နေရသော ထိုလူစိမ်း၏ ကျောပြင်မှာ မညီမညာ ဖုထစ်ခုံးထနေသော အရေခွံကြီးများက လရောင်အောက်တွင် ညိုညစ်ညစ်ဖြစ်နေ၏။

'ငါထင်သလို လူယောင်ဖန်ဆင်းထားတဲ့ မိကျောင်းကြီးက ရောကန့်ထဲဆင်းကာနီးမှာ တဖြည်းဖြည်း မိကျောင်းပြန်ဖြစ်လာတာ ဖြစ်မယ်၊ ဟုတ်တယ်'



ကျောက်ဒိုး တအံ့တသြဖြင့် ကြည့်နေစဉ်အတွင်းမှာပင် ထိုလူစိမ်းက မြစ်ရေပြင်အစပ်ဆီသို့ ရောက်သွား၏။

ကျောက်ဒိုးမှာ ထိုလူစိမ်း၏ လှုပ်ရှားမှုတို့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။ သူ့လက်တစ်ဖက်ကလည်း ဘေးမှ လမုပင်ကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားမိနေ၏။ အသက်ရှူသံတွေကို ထိန်းချုပ်ထားရသဖြင့် ရင်ထဲတွင်လည်း မွန်းကျပ်ကျပ်ကြီးဖြစ်နေသည်။

'ဟာ…'

ကျောက်ဒိုး ကြည့်နေစဉ် ထိုလူစိမ်းမှာ နောက်ဘက်သို့လှည့်ကာ ဘေးဘီကို အကဲခတ်သလို လှမ်းကြည့်လိုက်သည်။ ကျောက်ဒိုးမှာ ကိုယ်ကို ပြားနေအောင် သဲပြင်ပေါ်တွင် ကပျာကယာဝပ်ချလိုက်ရသည်။

လူစိမ်း၏ဝမ်းဗိုက်ပိုင်းမှာ ကျောပြင်က အသားအရေလို မဟုတ်ဘဲ ဖြူဝါဝါနှင့် အမည်းအစက်အပြောက်များ ဖြစ်နေ၏။

'ဒါ… ဒါဟာ သေချာတယ်၊ ဒီလူဟာ တကယ့်မိကျောင်းကြီး တော်သေးတာပေါ့။ သူ… သူ ငါ့ကို မမြင်လိုက်ဘူး'

လူစိမ်း၏မျက်လုံးတစ်ဖက်မှာ ညအမှောင်ထဲတွင် ရဲရဲနီနေ၏။ ထို့နောက် လူစိမ်းမှာ ရေအစပ်သို့ နောက်ဆုတ်နောက်ဆုတ်ခြေလှမ်းများဖြင့် တဖြည်းဖြည်းချင်း ဆင်းလျှောက်သွားပြီး ဒူးအလယ်လောက်အထိ ရေမြုပ်သွားသောအခါ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို အောက်သို့ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးမှာ သဲပြင်ပေါ်တွင် ပြားပြားဝပ်နေရာမှ ကုန်းထ လိုက်ပြီး ခါးကို အနည်းငယ်ဆန့်ကာ ရေပြင်ဆီ ခေါင်းမော့ကြည့် လိုက်၏။

သိပ်မကြာလိုက်။

'ဝုန်း… ဗွမ်း…'

မြစ်ရေပြင်ပေါ်တွင် တဝုန်းဝုန်းနှင့် ဖွာလန်ကျဲနေသော ရေပွက်တွေကြားတွင် တစ်ချက်တစ်ချက် ဆူးတောင်မည်းမည်းနှင့် အမြီးကြီးကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည်။

ဘယ်လိုမှ မယုံကြည်နိုင်လောက်အောင် မြင်နေရသော မြင်ကွင်းကြောင့် ကျောက်ဒိုး၏ မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက် နေလျက် ပါးစပ်အဟောင်းသားနှင့် ဖွင့်ဟနေမိသည်။

□ □ □



## အခန်း (၁၂)

ထိုနေ့က ဦးစက်ရှင်တို့လင်မယားမှာ ရောရွှာထဲတွင် ကူး ချည်သန်းချည်နှင့် အလုပ်တွေရှုပ်နေ၏။ မြစ်ကမ်းစပ်တွင် ချည် နှောင်ဆိုက်ကပ်ထားသော သူတို့၏ စက်လှေကြီးပေါ်ကိုလည်း အိမ်ထောင်ပရိဘောဂပစ္စည်းပစ္စယာများကို အလုပ်သမားများက ထမ်းပိုးပြီး တင်နေကြသည်။

ဦးစက်ရှင်ကတော့ ခေါင်းပေါင်းစတလူလူဖြင့် အလုပ် သမားများကို အော်လိုက်ငေါက်လိုက်ဖြင့် မပန်းမြတို့အိမ်ရှိရာသို့ ခပ်သုတ်သုတ်လှည့်ထွက်လာ၏။

မပန်းမြတို့အိမ်ရှေ့သို့အရောက်တွင် ဦးစက်ရှင်မှာ ဟိုဟိုဒီ ဒီကို ဝှေ့ယမ်းကြည့်လိုက်ရင်း…

'ဟဲ့… ပန်းမြ၊ နင့်သား ကျောက်ဒိုးရော ဘယ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



မယ်နီးမြမှာ ငါးခြောက်ပြားအစိုများကို ဝါးကွပ်ပျစ်တစ်ခု ပေါ် ဖြန့်ခင်းနေရင်း . . .

'သြော် . . . ရှိပါတယ်၊ ရှိပါတယ်၊ သားရေ ကျောက်ဒိုး၊ ဒီမှာ ဦးစက်ရှင်မေးနေတယ်ဟေ့'

ကျောက်ဒိုးမှာ ဖိုးဖြူနှင့်အတူ ငါးဖမ်းပိုက်များကို ချုပ်နေရာမှ အိမ်အဝင်ဝမှ ဦးစက်ရှင်ကို လှမ်းကြည့်လိုက်သည်။ ဦးစက်ရှင်မှာ သူ့ကတ္တီပါဖိနပ်ကို ရွှံ့များမပေအောင် ပုဆိုးကိုမကာ ရှောင်နင်းရင်း အိမ်ထဲသို့လှမ်းဝင်လာ၏။

'ကျောက်ဒိုးရေ၊ ငါ့အိမ်ကို ခဏလာခဲ့ဦးကွာ၊ ပစ္စည်းတွေ ကူသိမ်းပေးဦး၊ သြော် . . . မင်းသူငယ်ချင်းပါ ရှိနေတာကိုး၊ အေး ကွာ . . . သူ့ကိုပါခေါ်ခဲ့'

ဖိုးဖြူမှာ ဦးစက်ရှင်၏စကားကြောင့် ကျောက်ဒိုး၏မျက်နှာကို ကြည့်လိုက်၊ ဦးစက်ရှင်၏ မျက်နှာကိုကြည့်လိုက်ဖြင့် နားမလည်နိုင်ဘဲ ဖြစ်နေသည်။

မယ်နီးမြမှာ ငါးခြောက်ပြားများကို နေလှန်းနေရာမှ . . .

'ဦးစက်ရှင်တို့ အိမ်ပြောင်းကြတော့မလို့ဆို'

'ဟုတ်တယ်၊ ဒီရွာမှာက နေရထိုင်ရတာ ဘယ်လိုမှမလုံခြုံတော့ဘူး၊ နောက်ပြီး ဟိုရေပ်အိုကြီးမှာ ကပ်ပြီးလာနေတဲ့ လူစိမ်းက လူဆိုးလား လူကောင်းလား သိတာမဟုတ်ဘူး၊ ဒါကို သူကြီးကို ငါပြောတော့လည်း သူက မလုပ်တလုပ်လုပ်နေတယ်လေ၊



ဒါကြောင့် အစစအရာရာ လုံခြုံစိတ်ချပြီး ငါ့သိတွေရှိတဲ့ ဝါးခယ်မကို ဒီနေ့ပဲ ပြောင်းကြတော့မလို့'

ဦးစက်ရှင်၏စကားကြောင့် ကျောက်ဒိုးမျက်နှာမှာ ဝင်းခနဲ လက်သွား၏။ တကယ်တော့ ဒီရွာမှာ ဦးစက်ရှင်နှင့် ဒေါ်ကြာစိတို့လို အတ္တကြီးသူတွေနှင့် ဆက်ပြီးမဆက်ဆံချင်တော့။ နောက်ပြီး သူတို့သားအမိအပေါ် နိုင့်ထက်စီးနင်းဆက်ဆံလွန်းသည့် ထိုလင်မယား၏ မျက်နှာကိုလည်း ထပ်ပြီးမမြင်ချင် မတွေ့ချင်တော့။ ကျောက်ဒိုးကတော့ စိတ်ထဲမှ ကျိတ်ပြီးဝမ်းသာနေမိသည်။

ကျောက်ဒိုးမှာ ချုပ်လက်စငါးဖမ်းပိုက်ကို ဝါးစင်တန်းပေါ် လှမ်းတင်လိုက်ပြီး . . .

'ဟော့ကောင် ဖိုးဖြူ၊ မင်းအားရင် ငါနဲ့လိုက်ခဲ့ကွာ၊ မအားရင်တော့လည်း ကိစ္စမရှိပါဘူး၊ သူတို့အိမ်က အလုပ်တွေက ခါတိုင်းလည်း ငါတစ်ယောက်တည်းလုပ်နေကျပါ'

'အေးပါ . . . ငါလိုက်ခဲ့ပါ့မယ်၊ မင်းတစ်ယောက်တည်း လုပ်ရမယ့်အလုပ်ကို ငါပါကူပြီးလုပ်ပေးတော့ မြန်မြန်ပြီးသွားတာပေါ့၊ ဒါနဲ့ ဒီလူကြီးတွေက ဟိုရေပ်ပေါ်က မျက်စိတစ်ဖက်ကန်းနေတဲ့ လူကြီးကို ကြောက်လို့ အိမ်ပြောင်းကြတာ၊ ဟုတ်လား'

ဖိုးဖြူမှာ ပြောပြောဆိုဆို အိမ်ထဲမှ လှည့်ထွက်သွားသော ဦးစက်ရှင်၏ ကျောပြင်ကိုကြည့်ကာ မေးလိုက်၏။

'အေးလေ၊ မင်းရယ်၊ ငါရယ် တစ်ခါက ဇရပ်ပေါ်မှာ တွေ့ခဲ့တဲ့ အသားအရေတွေ ပပ်ကြားအက်နေတဲ့ လူကြီးကိုသူတို့

www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေကြတာ၊ ဟုတ်တော့လည်း ဟုတ်သလိုလိုပဲကွ၊ အဲဒီ လူကြီးက ငါ့အထင် တစ်ခုခုထူးဆန်းနေသလိုပဲ၊ ဟိုတစ်ရက်က ဆိုရင် ဒီလူကြီး ရေထဲကိုဆင်းသွားတာ ငါ့မျက်စိနဲ့ တပ်အပ်ကို မြင်ရတာ'

'ဟင်··· မင်းက ဘာကိုမြင်လိုက်တာလဲ'

ကျောက်ဒိုး၏စကားကြောင့် ဖိုးဖြူ၏ မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်သွား၏။

'အဲဒီလူကြီး ရေထဲကိုဆင်းသွားပြီး မကြာခင် ရေတွေက တဝုန်းဝုန်း တဗွမ်းဗွမ်းနဲ့ တစ်ခါတစ်ခါ အဲဒီ ဗွက်ထနေတဲ့ ရေထဲမှာ မိကျောင်းကြီးအမြီးကြီးက တယမ်းယမ်းနဲ့ ရေပေါ်ပေါ်လာတယ်'

'ဘာ··· မင်း မင်း တကယ်ပြောနေတာလား ကျောက်ဒိုး'

ကျောက်ဒိုးက အိမ်ရှေ့အဝင်တံစက်မြိတ်အောက်မှာ ချိတ်ထားသော သူ့ရာဘာဖိနပ်ကို စီးလိုက်ရင်း အပြင်သို့လှည့်ထွက်လိုက်သည်။ ဖိုးဖြူက ကျောက်ဒိုးနောက်မှနေ၍ တအံ့တသြနှင့် သူမယုံကြည်နိုင်အောင် ဖြစ်နေရသော စကားကို ထပ်ခါတလဲလဲ လိုက်ပြီးမေးနေ၏။

'အေး··· ဟုတ်တယ် ဖိုးဖြူ၊ အဲဒီညက ငါ့မျက်စိနဲ့ကို တပ်အပ်မြင်လိုက်ရတာ'

ကျောက်ဒိုးမှာ သူနှင့်အတူ ဘေးချင်းယှဉ်ပြီး လျှောက်လာနေသော ဖိုးဖြူကို ပြီးခဲ့သည့်ရက်က အသည်းတယားယားနှင့် မြင်လိုက်ရသည့်မြင်ကွင်းကို ပြန်ပြီးပြောပြနေသည်။



ဖိုးဖြူမျက်လုံးတွေက ကျောက်ဒိုးစကားအဆုံးတွင် တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်းတွေးကြည့်နေသလိုမျိုး ဖြစ်နေ၏။ ထို့နောက်···

'မင်းပြောသလိုသာဆိုရင် ဒီလူကြီးက လူယောင်ဖန်ဆင်းထားတဲ့ မိကျောင်းတွေ ဘာတွေပဲ ဖြစ်နေသလား မသိဘူး'

'ရွာထဲက လူတွေအကုန်လုံးကတော့ အဲဒီလူကြီးဟာ နေစရာမရှိ စားစရာမရှိလို့ ဒီရေပ်မှာလာနေတာတဲ့၊ ဘယ်သူကမှ သူ့ကို သူခိုး၊ ဓားပြလို့လည်း မထင်ဘူး၊ ငါတို့လို လူယောင်ဖန်ဆင်းထားတဲ့လူလို့လည်း မထင်ဘူး'

သူတို့နှစ်ယောက် စကားတပြောပြောဖြင့် လျှောက်လာရာ သိပ်မကြာခင် ဦးစက်ရှင်တို့အိမ်နားသို့ ရောက်လာကြ၏။ ဦးစက်ရှင်တို့အိမ်ခြံဝင်းထဲတွင်လည်း အိမ်ထောင်ပရိဘောဂပစ္စည်းတွေက ဟိုတစ်စ ဒီတစ်စနှင့် ကျဲပြန့်နေ၏။ ဦးစက်ရှင်တို့အိမ်မှ အလုပ်သမားများမှာ များပြားလှသည့် ပစ္စည်းပစ္စယတို့ကို ချွေးတလုံးလုံးနှင့် ထမ်းပိုးနေကြသည်။

'အမလေး··· ဒီလောက် တစ်အိမ်လုံးအလုပ်တွေရှုပ်နေတာတောင် နင်က အခုမှပေါ်လာရသလားဟဲ့ ကျောက်ဒိုးရဲ့'

ကျောက်ဒိုးတို့နှစ်ယောက် ခြံအတွင်းသို့ဝင်လိုက်သည်နှင့် ဦးစက်ရှင်၏မိန်းမ ဒေါ်ကြာစိ၏အသံကို ကြားလိုက်ရသည်။ ဖိုးဖြူမှာ ဒေါ်ကြာစိ၏ ဝမ်းခေါင်းသံကြီးကို ကြားလိုက်မိသည်နှင့် ကိုယ်ကို အနည်းငယ် နောက်သို့တွန့်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သိပါ့မလဲဗျ၊ ဦးစက်ရှင်က အခုမှ ကျွန်တော့်ကို လာခေါ်တာကိုး'

ကျောက်ဒိုးမှာ တစ်သက်လုံးခေါင်းငုံ့ပြီး အပြောအဆိုခံလာခဲ့ရသဖြင့် ယခုအချိန်တွင် ဒေါ်ကြာစိတို့လင်မယားအပေါ် နည်းနည်းမှ သည်းညည်းမခံချင်တော့။ ဒီတစ်ကြိမ် ဒီအိမ်ကြီးတွင် လာပြီးလုပ်ကိုင်ပေးရသည်မှာလည်း နောက်ဆုံးအကြိမ်ဖြစ်သဖြင့် သူ့စိတ်တွေက တင်းမာပြတ်သားနေ၏။ တကယ်တော့ ဦးစက်ရှင်တို့လင်မယားအပေါ် တင်နေသည့် သူတို့သားအမိ၏ ဝဋ်ကြွေးတွေက ကုန်ဆုံးချိန်ရောက်နေပေပြီ။

ဦးစက်ရှင်တို့အိမ်မှ စာရင်းငှားကိုသာရင်မှာ တခြားအလုပ်သမားများနှင့်အတူ ကြီးမားသည့်အဝတ်ဗီရိုကြီးတစ်လုံးကို သယ်မလာပြီး အိမ်ရှေ့တံခါးဝအရောက်တွင် ချလိုက်၏။ သူတို့အားလုံးကိုလည်း ဦးစက်ရှင်က ချော့တစ်လှည့် ခြောက်တစ်လှည့်ဖြင့် အမျိုးမျိုးခိုင်းစေနေသည်။ ဒေါ်ကြာစိက လက်နှစ်ဖက်ကို ခါးပေါ်သို့ ဟန်ပါပါထောက်ရင်း…

'ဟဲ့… ကောင်လေး၊ ဘာရပ်ကြည့်နေတာလဲ၊ ဒီမှာ ပန်းကန်စင်က ပန်းကန်တွေကို ဟောဟိုက သေတ္တာကြီးထဲကို ထည့်၊ သေသေချာချာထည့်နော်၊ အဲဒီကြွေပန်းကန်ပြားတွေ ကွဲသွားရင် နင်တို့သားအမိနှစ်ယောက် ဒီတစ်ဘဝလုံး ပြန်ဆပ်လို့ကျေမှာ မဟုတ်ဘူး၊ ကြားလား'



ရင်ထဲမှ အလိပ်လိုက်တက်လာသော ဒေါသကြောင့် ကျောက်ဒိုး၏လက်ဖျားမှာ တဆတ်ဆတ်တုန်ယင်နေ၏။

ဖိုးဖြူမှာ ဒေါ်ကြာစိ၏ မောက်မာသောစကားသံတွေကြောင့် သူ့သူငယ်ချင်း ကျောက်ဒိုးကို ရင်ထဲမှ ပိုပြီးသနားနေမိသည်။

'ကဲပါကွာ ကျောက်ဒိုးရာ၊ လာပါ၊ ငါလည်း ကူပြီးလုပ်ပေးမှာပေါ့'

ပြောပြောဆိုဆို ဖိုးဖြူက ကျောက်ဒိုး၏ ပခုံးကို လှမ်းပုတ်လိုက်ရင်း ပန်းကန်စင်ရှိရာသို့ ရှေ့မှလျှောက်သွား၏။ ကျောက်ဒိုးမှာလည်း အံကိုတင်းတင်းကြိတ်ကာ စိတ်မပါလက်မပါဖြင့် ပန်းကန်စင်မှ ပန်းကန်ပြားများကို စီစီရီရီနှင့်ထပ်ကာ သေတ္တာကြီးထဲသို့ ဖြည်းညင်းစွာထည့်နေတော့သည်။

ဖိုးဖြူနှင့် ကျောက်ဒိုးတို့ ကြွေပန်းကန်ပြားကြီးများကို သေတ္တာအတွင်း ထည့်နေသည့်နေရာမှာ ဦးစက်ရှင်နှင့် ဒေါ်ကြာစိတို့၏အိပ်ခန်းအဝင်ဝနားတွင် ဖြစ်သဖြင့် ဒေါ်ကြာစိနှင့် ဦးစက်ရှင်တို့ကို ပွင့်နေသော အခန်းတံခါးဝမှနေ၍ လှမ်းမြင်နေရသည်။

ဦးစက်ရှင်မှာ အိပ်ခန်းအတွင်းမှ ပန်းကနုတ်များဖြင့် ထွင်းထုထားသော ဗီရိုကြီးတစ်လုံးကို ဆွဲဖွင့်ပြီး အတွင်းမှ အစိမ်းရောင်အဝတ်ဖြင့် ကျစ်ကျစ်ပါအောင် ရစ်ပတ်ထုပ်ပိုးထားသော အထုပ်တစ်ထုပ်ကို လှမ်းယူလိုက်၏။

ထိုအစိမ်းရောင်ဝတ်ဖြင့် အထပ်ထပ်ရစ်ပတ်ထားသော အထုပ်မှာ လက်သီးဆုပ်နှစ်ဆုပ်သာသာလောက်ရှိပြီး ဦးစက်ရှင်၏

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးတစ်ဖက်က ထိုအစိမ်းရောင်အဝတ်ထုပ်၏ အောက်မှ နေ၍မကာ မကာဖြင့် ချိန်ဆကြည့်နေသလို သူ့မျက်လုံးတွေမှာလည်း တောက်ပလျက်ရှိနေသည်။

ဖိုးဖြူကတော့ ဦးစက်ရှင်တို့အခန်းဝကို ကျော်ခိုင်းပြီး ပန်းကန်ပြားကြီးများကို သေတ္တာအတွင်း ဂရုတစိုက်ထည့်နေရသဖြင့် ဘာကိုမှ မမြင်ချေ။

'အဝတ်အစိမ်းရောင်ကြီးနဲ့ ဒီလောက်အထပ်ထပ် ရစ်ပတ်ထားပုံထောက်ရင် တန်ဖိုးရှိတဲ့ပစ္စည်းတွေပဲဖြစ်မယ်၊ နောက်ပြီး ဒီလူကြီးနဲ့ သူ့မိန်းမဒေါ်ကြာစိ တိုးတိုး တိုးတိုးနဲ့ ပြောနေပုံက အဲဒီအထုပ်ကို ဂရုစိုက်ဖို့ပြောနေပုံပဲ'

ကျောက်ဒိုးမျက်လုံးတွေက ထိုအစိမ်းရောင်အဝတ်နှင့် ရစ်ပတ်ထားသော အထုပ်ကြီးကို စိုက်ကြည့်နေစဉ်မှာပင် ဦးစက်ရှင်က သူ့ပခုံးပေါ်တွင် သိုင်းပြီးလွယ်ထားသည့် ချည်ကြမ်းလွယ်အိတ်ကြီးထဲသို့ အထုပ်ကိုထည့်လိုက်၏။ ဒေါ်ကြာစိမှာလည်း ဦးစက်ရှင်ထည့်လိုက်သော လွယ်အိတ်ကြီး၏ နှုတ်ခမ်းဝကို မကြာမကြာ ဟဟကြည့်ပြီး သူ့ပါးစပ်မှ ဂရုစိုက်ဖို့အတွက် မှာကြားနေသည်။

ကျောက်ဒိုးကြည့်နေစဉ်မှာပင် ဦးစက်ရှင်က အခန်းအပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်၏။ ဒေါ်ကြာစိမှာလည်း အခန်းအတွင်းမှ အခြားသေတ္တာကြီးငယ်များကို လှန်လှောမွှေနှောက်နေရင်း ပါးစပ်က တတွတ်တွတ်နှင့် ဘာတွေပြောဆိုနေသည်ကို ကျောက်ဒိုး မကြားရ။



ကျောက်ဒိုးက အမှုမဲ့ အမှတ်မဲ့နေလိုက်ကာ ပန်းကန်ပြားတစ်ချပ်ကို အဝတ်နှင့် ကပျာကယာသုတ်ကာ သေတ္တာကြီးအတွင်းသို့ ထည့်လိုက်၏။ ဖိုးဖြူကတော့ ဘာစကားတစ်ခွန်းမှမပြောဘဲ မြန်မြန်အလုပ်တွေပြီးသွားအောင်သာ ခေါင်းကိုငုံ့ပြီး တကုတ်ကုတ်နှင့် လုပ်နေသည်။

❖ ❖ ❖

ထိုနေ့က ကျောက်ဒိုးနှင့် ဖိုးဖြူမှာ အတော်ကလေး နောက်ကျပြီးမှ အိမ်သို့ပြန်ခဲ့ရသည်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး စကားတပြောပြောနှင့် လျှောက်လာရာမှ ဘုန်းကြီးကျောင်းအနီးရှိ ရေကန်ကြီးကိုလွန်လာပြီး ခဏအကြာတွင် သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြသည်။

ဘာပဲပြောပြော ယခုညတွင်းချင်း ဦးစက်ရှင်တို့လင်မယား ဇရာရွာမှ ပြောင်းသွားကြတော့မည်ဆိုသဖြင့် ကျောက်ဒိုးရင်ထဲတွင် အတိုင်းမသိဝမ်းသာနေ၏။ တစ်ချိန်တည်းမှာပင် ဘကြီးမှတ်ပြောပြခဲ့သော သူတို့မိသားစုအကြောင်းတွေကလည်း နားထဲတွင် အလိုလိုပြန်ပြီး ကြားနေရပြန်သည်။

လမုပင်၊ ကနစိုပင်များ ထူထပ်စွာပေါက်နေသော တောအုပ်ကလေးသို့ ကျောက်ဒိုးဝင်လိုက်တော့မှ ပတ်ဝန်းကျင်တစ်ခုလုံးမှာ သိသိသာသာကြီးမှောင်နေမှန်း သိလိုက်ရ၏။ မြင်ရေကျ

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဖြစ်သဖြင့် ဝါးတံတားလေး၏အောက်မှ ချောင်းရိုးကလေးမှာ ရွှံ့နွံများသာ ရှိတော့သည်။ ထိုရွှံ့နွံများပေါ်တွင်လည်း အမှိုက်သရိုက်နှင့် အလေ့ကျပေါက်နေသည့် လမုပင်ပုပုလေးများက ထိုးထိုးထောင်ထောင်ဖြစ်နေသည်။

ကျောက်ဒိုးမှာ ကျည်းမြောင်းသော ဝါးတံတားလေး၏ တစ်ဝက်သာသာအထိ လျှောက်လာပြီးသောအခါ တံတား၏အစွန်းတစ်ဖက်ထိပ်မှ အရိပ်မည်းမည်းတစ်ခုကို ဘွားခနဲလှမ်းတွေ့လိုက်ရသည်။ ထိုအရိပ်သဏ္ဌာန်က ကျောက်ဒိုးလျှောက်လာနေသည်ကို တစ်ဖက်မှ တမင်စောင့်ကာ လမ်းရှောင်ပေးနေသည့်ပုံမျိုး။

'ဟင်'

တုံ့ခနဲဖြစ်သွားသော ကျောက်ဒိုး၏ ခြေလှမ်းများက ဝါးတံတား၏ ဘေးလက်ရန်းကိုကိုင်ရင်း ကြက်သေသေနေမိ၏။

ကျောက်ဒိုးမှာ အတန်ကြာသည်အထိ တံတားပေါ်တွင် ရပ်တန့်နေမိသော်လည်း ထိုအရိပ်မည်းမည်းသဏ္ဌာန်ကတော့ တစ်ဖက်တံတားထိပ်တွင် တုတ်တုတ်မျှမလှုပ်ဘဲ စောင့်မြဲစောင့်နေသည်။

'ငါ ဒီလမ်းက လာခဲ့မိတာ မှားပြီလားမသိဘူး၊ အခုမှတော့ နောက်ပြန်လှည့်ရင်လည်း သူရဲဘောကြောင်ရာကျနေမယ်။ ဒါ တို့ရွာက လူတစ်ယောက်ပဲ ဖြစ်မှာပါ'

ကျောက်ဒိုးမှာ ကိုယ့်စိတ်ကို ကိုယ်အားပြန်တင်းလိုက်ရင်း



ရှေ့သို့ဆက်ပြီး လျှောက်သွားလိုက်၏။ တံတား၏တစ်ဖက်ထိပ်သို့ ရောက်ကာနီးတွင် ကျောက်ဒိုးက...

'ဟော့... ဘယ်လဲဗျ'

ဘယ်သူဘယ်ဝါမှန်းမသိဘဲ စကားရောဖောရောဖြင့် လှမ်းပြီးနှုတ်ဆက်လိုက်၏။ သို့သော် ကျောက်ဒိုးရှေ့မျက်နှာချင်းဆိုင်မှ အရိပ်မည်းမည်းသဏ္ဌာန်ကတော့ ဘာစကားတစ်ခွန်းမျှ ပြန်မပြောဘဲ မတ်တတ်ရပ်လျက်သာ ရှိနေသည်။

ထိုစဉ် ဒိန်းခနဲဆောင့်တက်သွားသော ကျောက်ဒိုး၏ ရင်ဘတ်တစ်ခုလုံးမှာ ပွင့်ထွက်သွားမတတ် ခေါင်းနပန်းတွေ ကြီးသွား၏။

'ဟင်... ဟို ဟိုဇရပ်ပေါ်က လူယောင်ဖန်ဆင်းထားတဲ့ ပပ်ကြားအက်နဲ့လူကြီး'

ညအမှောင်ထဲတွင် မျက်နှာချင်းဆိုင် ဘွားခနဲမြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျောက်ဒိုးတစ်ကိုယ်လုံးမှာ လေထဲတွင် လွင့်ပါသွားမတတ် ဖြစ်သွား၏။ ခြေတွေ လက်တွေကိုလည်း ပျော့ခွေညွတ်ကျမသွားအောင် သတိထားလိုက်ရသည်။

ထိုသူ၏ မျက်လုံးမှာ ညအမှောင်ထဲတွင် ရဲရဲနီနေ၏။

'ဘုရားပစ္စည်းဆိုတာ အိမ်မှာယူမထားကောင်းဘူးကွ'

အဆက်အစပ်မရှိ တုံးတိတိပြောလိုက်သော ထိုလူ၏စကားကြောင့် ကျောက်ဒိုးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် ကျောက်ဒိုး၏ နှာခေါင်းဝသို့ ထိုသူ၏ပါးစပ်မှ ပုပ်

www.burmeseclassic.com

www.burmeseclassic.com



အဲ့အဲ့ညှိစိုစိုအနံ့ကြီးက ဆိုးဆိုးဝါးဝါးဝင်လာသဖြင့် ပျို့အန်ချင်သည့် စိတ်ကို မနည်းမျိုချထားလိုက်ရ၏။

ထိုသူမှာ ကျောက်ဒိုးကို ပြောပြီးပြီးချင်း ဝါးတံတားလေးပေါ်သို့ တက်သွားကာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။ ကျောက်ဒိုးမှာ ကိုယ်ကိုအနည်းငယ် ဆားသို့ရှောင်ပေးလိုက်ရင်း…

'ဘုရားပစ္စည်း၊ ဘာဘုရားပစ္စည်းလဲ၊ ဒီလူကြီးက ငါ့ကို ဘာသဘောနဲ့ ပြောတာလဲ၊ အဲ… ဟုတ်ပြီ၊ ငါ့အိမ်မှာ သိမ်းထားတဲ့ မိကျောင်းရုပ်ကလေးကိုပြောတာပဲ ဖြစ်မယ်၊ အဲဒီမိကျောင်းရုပ်က မြသဲလွန်ဘုရားအောက်ခြေ မြေကြီးထဲက တွေ့ခဲ့တာဆိုတော့ ဘုရားပစ္စည်းတွေ ဘာတွေပဲ ဖြစ်နေမယ်ထင်တယ်၊ ဘာပဲပြောပြော ဒီပစ္စည်းကို အဲဒီနေရာမှာ အမြန်ဆုံးပြန်သွားထားမှ ဖြစ်မယ်'

ချက်ချင်းဆိုသလို ကျောက်ဒိုးမှာ အိမ်သို့သုတ်ခြေတင်ပြီး ပြန်လာခဲ့၏။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးစေးများက စေးကပ်လျက်ရှိနေသည်။

တစ်ရွာလုံးမှာ တဝုန်းဝုန်းရိုက်ပုတ်နေသော လှိုင်းသံများမှအပ တိတ်ဆိတ်နေ၏။ တစ်ခါတစ်ခါ ခေါင်းပေါ်မှကပ်ပြီး ပျံသွားကြသည့် ညငှက်များ၏အသံက ပိုပြီးချောက်ချားစရာကောင်းနေသည်။

လမုပင်အုပ်များကို ကျော်လိုက်သည်နှင့် သဲသောင်ပြင်ဖွေးဖွေးလွလွကို အမှောင်ထဲတွင် မြင်နေရသည်။



'ငါ့ဆီမှာ ဒီအရုပ်လေးရှိနေတာကို အဲဒီလူကြီးက ဘယ်လိုလုပ်ပြီး သိနေတာလဲ။ အံ့တောင် အံ့စရာပဲ၊ ဒီလူဟာ သာမန်မဟုတ်တာတော့ သေချာနေပြီ၊ မဖြစ်ဘူး၊ မနက်ဖြန်မနက်ရောက်ရင် မိကျောင်းရုပ်ကလေးကို ဘုရားပေါ်မှာ ပြန်သွားထားရမယ်'

ထိုနေ့ညတစ်ညလုံးမှာ ကျောက်ဒိုးအဖို့ ဘယ်လိုမှ အိပ်မပျော်နိုင်တော့။ မြန်မြန်မိုးလင်းဖို့သာ စိတ်ထဲမှ ဆုတောင်းနေမိသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

တဒုတ်ဒုတ်ခုတ်မောင်းနေသော စက်သံက မြစ်ကမ်းနံဘေး အုန်းခြံများဆီမှ ပဲ့တင်ထပ်လျက်ရှိနေသည်။ စက်လှေ၏ အမိုး ပြားပေါ်မှ အုပ်ဆိုင်းထားသည့် ဝါတာဘလူးစအပြာရောင်မှာ လရောင်၏အောက်တွင် တဖျတ်ဖျတ်လှုပ်နေသည်။

များပြားလှသော ဝန်စည်စလှယ်များကြောင့် ဦးစက်ရှင် တို့၏ စက်လှေမှာ ဘေးနံရံနှစ်ဖက်မှ ဖောင်းရစ်များနှင့် မြစ်ရေ တို့ပင် ထိနေ၏။

စက်မောင်းအခန်း၏ နောက်ဘက်မှ အခန်းထဲတွင်တော့ ဦးစက်ရှင်တို့လင်မယားမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်မောကျ နေသည်။ ဦးစက်ရှင်၏ပုခုံးတွင်လည်း ချည်သားလွယ်အိတ်ကြီးက လွယ်ထားလျက်ပင် ရှိနေ၏။

မြစ်ဝသို့ရောက်လာသည်နှင့် လှေဝမ်းသို့ တိုးဆောင့်လာ သည့် လှိုင်းလုံးများကြောင့် စက်လှေမှာ နိမ့်ချည်မြင့်ချည်ဖြင့် ခုတ်မောင်းနေရသည်။



ဦးစက်ရှင်တို့ စက်မောင်းကိုတင်ငွေကတော့ ဆေးလိပ် ကလေးကို ဖွာလိုက်၊ ကွမ်းလေးမြုံ့လိုက်ဖြင့် အိပ်ချင် ငိုက်ချင် သည့်စိတ်ကိုဖျောက်ရင်း မြစ်ရိုးတစ်လျှောက် ပဲ့ကိုထိန်းနေရသည်။ မြစ်အကွေ့တစ်နေရာသို့အရောက်တွင် ကိုတင်ငွေ၏ မျက်စိများ က ပြူးကျယ်ပိုင်းစက်လျက် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

အကြောင်းမှာ တဒုတ်ဒုတ်ခုတ်မောင်းနေသော စက်လှေ က ရှေ့သို့ဘယ်လိုမှဆက်မသွားဘဲ ထိုနေရာတွင် ကျောက်ချထား သလို ရပ်တန့်နေ၏။ စက်လှေ၏ ဘေးနံရံမှ ဖောင်းရစ်များပေါ် တွင်လည်း လှိုင်းတစ်ချက်ပုတ်လိုက်တိုင်း ရေစက်ရေပေါက်တို့က တဖွားဖွားတင်နေ၏။

'ဟင်... ဘယ်လိုဖြစ်တာလဲ၊ စက်ကလည်း မသေဘဲ ဘာဖြစ်လို့ လှေက ရှေ့ဆက်မသွားတာလဲ'

ကိုတင်ငွေမှာ ပဲ့ကို လက်နှစ်ဖက်ဖြင့် ကွေ့သလို ယမ်းသလို လုပ်သော်လည်း စက်လှေက ဘယ်ကိုမှမတိမ်းမကွေ့သွားဘဲ လှေဦးက နဂိုအတိုင်းသာ ဖြစ်နေသည်။

စက်ခန်းထဲမှ အင်ဂျင်ရှိရာသို့ ကပျာကယာပြေးထွက်ပြီး ကြည့်လိုက်၏။

စက်လှေ၏အင်ဂျင်မှာတော့ တဒုတ်ဒုတ်ခုတ်မောင်းနေ လျက် ပန်ကာကြိုးများ၊ ဒလက်များက နဂိုအတိုင်းပင် လည်ပတ် နေသည်။

ထိုစဉ် ရုတ်တရက် ကိုတင်ငွေ၏ ခေါင်းထဲတွင် မိုက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး စောစောက သူဖွင့်ထွက်လာခဲ့သော စက်မောင်းခန်း၏ တံခါးချပ်မှာ ဝုန်းခနဲဆောင့်တွန်းသလို ပွင့်အန်ထွက်လာ၏။

'ဝုန်း… ဂျိုင်း'

'ဟာ… စောင်း… စောင်း စက်လှေကြီးစောင်းသွားပြီ၊ ဟာ… ဒုက္ခပဲ'

စက်လှေ၏ ဘေးမှန်ရံကို လှမ်းကိုင်ထားလိုက်ရသဖြင့် ကိုတင်ငွေမှာ စက်ခန်းရှိရာသို့ ချက်ချင်းမသွားနိုင်ဘဲ ကြောင်စီစီဖြစ်နေ၏။ စက်လှေ၏နံရံကို ကိုင်ထားရင်း မှန်ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘာတစ်ခုမှ ထူးထူးခြားခြားဖြစ်ပေါ်မနေဘဲ စက်လှေ၏ဘေးနံရံများကို လှိုင်းကြက်ခွပ်များက တဖျပ်ဖျပ်ရိုက်ပုတ်နေသည်။

စောင်းနေသော စက်လှေ၏ဘေးတစ်ဖက်မှ ရေများက လှိုင်းတစ်ချက်ပုတ်တိုင်း လှေဝမ်းဗိုက်ထဲသို့ တဖြန်းဖြန်းဝင်နေသည်။

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဦးစက်ရှင်တို့ကို နှိုးမှဖြစ်မယ်'

ကိုတင်ငွေမှာ အနည်းငယ်တိမ်းစောင်းနေသောဘက်မှ စက်လှေ၏ ဘေးနံရံကို လက်ဖြင့်ထောက်ကာ စက်ခန်းအတွင်း လှမ်းဝင်လိုက်သည်။

'ဒုန်း… ဒုန်း… ဒုန်း…'

ဦးစက်ရှင်တို့ အိပ်ပျော်နေသော အခန်းတံခါးက အရေးထဲမှ ဖွင့်မရ အတွင်းက ချက်ချထားသည်။



'ဒုန်း… ဒုန်း… ဒုန်း'

'ဦးစက်ရှင်… ဦးစက်ရှင် ထပါဦး၊ ထပါဦးဗျ၊ ဒီမှာ စက်လှေကြီးစောင်းနေပြီ၊ ရှေ့လည်း ဆက်သွားလို့မရဘူး၊ ဘာဖြစ်မှန်းလဲ မသိဘူး'

ကိုတင်ငွေ၏ အဆက်မပြတ်တံခါးထုသံ၊ အော်သံတို့ကြောင့် ဦးစက်ရှင်တို့လင်မယားမှာ ကမူးရှူးထိုးနှင့် လူးလဲပြီး ထလာကြသည်။

'ဘာ… ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ၊ ဟာ… စက်လှေကြီးက တစ်ခြမ်းစောင်းနေပြီ၊ အား… ဒုက္ခပဲ'

'ဟယ်… ကိုစက်ရှင်၊ ကိုစက်ရှင် ကျွန်မလက်ကို ကိုင်ထားပါဦး'

ကိုတင်ငွေကတော့ ဦးစက်ရှင်တို့လင်မယားကို နှိုးပြီး စက်ခန်းအတွင်းသို့ ပြန်ပြေးဝင်သွားကာ ပဲ့ကိုင်ခွေကို ဘယ်ညာလှည့်ပြီး စက်ရှိန်ကို အရွမ်းကုန်မြှင့်တင်လိုက်သည်။

အင်ဂျင်သံတဒုတ်ဒုတ်အသံက နားကွဲလုမတတ် ကျယ်လောင်နေ၏။ သို့သော် စက်လှေကတော့ ရှေ့သို့ တစ်စက်မှ မရွေ့ဘဲ တိမ်းစောင်းမြဲ တိမ်းစောင်းလျက်ရှိနေသည်။

'ကိုတင်ငွေ၊ ဗျို့… ကိုတင်ငွေ၊ ခင်ဗျား သောင်တွေ ဘာတွေတွန်းနေတဲ့နေရာကို မကြည့်ဘဲ မောင်းလို့ အခုလို သောင်တင်နေတာဖြစ်မယ်၊ ခင်ဗျား တော်တော်အသုံးမကျတဲ့လူပဲ'

စက်သံတွေ ဆူညံနေသည့်ကြားတွင် ဦးစက်ရှင်၏ အော်

www.burmeseclassic.com

www.burmeseclassic.com



ဝေါက်သံသြသြကြီးကို သဲ့သဲ့မျှသာ ကြားရသည်။ ကိုတင်ငွေက တော့ ပဲ့ထိန်းလက်ကိုင်ခွေကြီးကို ဘယ်ညာယမ်းရင်း စက်ရှိန်ကို မြှင့်ကာ တွန်းထိုးခုတ်မောင်းနေ၏။

'ဗျစ်… ဗျစ်… ဗျစ်'

လှေ၏ဝမ်းဗိုက်အောက်မှ ပျဉ်ချပ်များက တဗျစ်ဗျစ်မြည် ကာ ရုန်းကြွလာပြီး ရေတွေ ချက်ချင်းစိမ့်ဝင်လာ၏။

'ရေတွေ၊ ရေတွေဝင်လာပြီ၊ ကယ်ကြပါဦး'

ဒေါ်ကြာစိ၏အသံက သွေးပျက်မတတ် ကျယ်ကျယ်လောင် လောင်ကြီးဖြစ်နေ၏။ သူ့လက်တစ်ဖက်ကလည်း ဦးစက်ရှင်၏ လက်မောင်းကို သွေးရူးသွေးတမ်းနှင့် ဆုပ်ကိုင်ဖျစ်ညှစ်ထား ၏။

သူတို့၏စက်လှေမှာ ရေပေါ်သို့ စောစောကထက်ပိုပြီး ကြွတက်လာကာ ဘေးတစ်ခြမ်းသို့ သိသိသာသာကြီး စောင်းလာ ၏။ စက်မောင်းကိုတင်ငွေမှာ စောင်းနေသောဘက်သို့ ခြေထောက် တစ်ဖက်ကို ကျားကန်ထားရင်း ပဲ့လက်ကိုင်ခွေကို အဆက်မပြတ် လှည့်နေ၏။ သူ့နားထဲတွင်လည်း ဘာသံကိုမှ မကြားတော့။ ဘာကို မှလည်း မြင်ဟန်မတူတော့။ စက်လှေကြီး ရှေ့သို့ရောက်ဖို့သာ ချွေးတလုံးလုံးဖြင့် ကြိုးစားပမ်းစား လုပ်နေသည်။

ဦးစက်ရှင်မှာ တုန်တုန်ယင်ယင်ဖြင့် သူ့ပခုံးပေါ်လွယ်ထား သော လွယ်အိတ်ကြီးကို တပိုက်ပိုက်လုပ်ကာ လှေဝမ်းထဲသို့ စိမ့် ဝင်လာနေသော ရေများကိုကြည့်ရင်း ကြက်သေသေနေ၏။



'ဝှမ်း… ဖျောင်း'

လှေဝမ်းထဲမှ ပရိဘောဂပစ္စည်းများမှာ ဘေးတစ်ဖက်သို့ တိမ်းစောင်းသွားသဖြင့် နံရံနှင့် အရှိန်ပြင်းပြင်း ပြေးဆောင့်နေ ၏။

'သွားပါပြီတော်၊ လှေဝမ်းထဲက ကျုပ်တို့ပစ္စည်းတွေတော့ ကျိုးကုန်ပဲ့ကုန်ပြီနဲ့ တူပါတယ်'

'နေဦး၊ နေဦး၊ ငါသွားကြည့်လိုက်ဦးမယ်'

ဦးစက်ရှင်မှာ သူ့ပခုံးပေါ်မှ လွယ်အိတ်ကို စလွယ်သိုင်းပြီး လွယ်လိုက်ရင်း လှေဝမ်းဗိုက်အောက်သို့ဆင်းသည့်အပေါက်ဆီသို့ ယိမ်းထိုးနေသော ခြေလှမ်းများဖြင့် ကုတ်ကပ်ပြီး လျှောက်သွား လိုက်၏။ သူ့ပါးစပ်မှလည်း စက်မောင်းကိုတင်ငွေကို လှမ်းအော် နေ၏။

'ဟေ့လူ… ခင်ဗျား စက်ရှိန်ကို သတ်လိုက်၊ ဒါ သောင် တင်နေတာ၊ ဘယ်လိုမှဆက်သွားလို့ရမှာ မဟုတ်ဘူး'

ကိုတင်ငွေမှာ စက်ရှိန်ကိုချလိုက်ပြီး စက်ခန်းထဲမှ ကပျာ ကယာထွက်ကာ လှေဦးထိပ်ဆီသို့ ပြေးကာ ရေပြင်ကိုငုံ့ပြီး ကြည့် လိုက်သည်။

မြစ်ရေပြင်ကတော့ တဖျတ်ဖျတ်လှုပ်ခတ်နေရင်း ပုံမှန် အတိုင်း စီးဆင်းနေကာ ရေအောက်တွင် ကုန်းရိုးတန်းကြီးတစ်ခု ခံနေသလို ဖြစ်နေသည်။

ဦးစက်ရှင်မှာ လှေဝမ်းထဲသို့ဆင်းသည့် အံဖုံးတံခါးချပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခွဲဖွင့်လိုက်ပြီး ငုံ့ကြည့်လိုက်၏။ လှေဝမ်းထဲတွင်တော့ ဒူးခေါင်း သာသာလောက် ရေတွေဝင်နေကာ ဗီရိုတံခါးကြီးက တစ်ဖက်သို့ စောင်းကာ ဖွင့်ဟနေသည်။

ဖွင့်ဟနေသော ဗီရိုထဲမှ ပစ္စည်းများက ရေပေါ်တွင် ပေါလောမျောနေပြီး တစ်စစီ ဖွာလန်ကျဲနေသည်။

'ဟာ… ရေတွေ၊ ရေတွေဝင်နေပြီ၊ မဖြစ်ဘူး၊ ဗီရိုထဲက အရေးကြီးတဲ့ပစ္စည်းတွေကို ဆင်းပြီးသယ်မှဖြစ်မယ်'

ပြောပြောဆိုဆို ဦးစက်ရှင်မှာ အံဖုံးတံခါးမှနေ၍ လှေဝမ်း ဗိုက်ထဲသို့ ခုန်ဆင်းလိုက်သည်။ သူ လှေဝမ်းထဲသို့ရောက်သည်နှင့် စက်လှေကြီးတစ်ခုလုံးမှာ ငြိမ့်ခနဲဖြစ်ပြီး စောင်းနေရာမှ ပြန်တည့် သွား၏။

ဒူးခေါင်းအထိမြုပ်နေသော ရေတွေကြောင့် ဦးစက်ရှင်မှာ ပုခုံးပေါ် စလွယ်သိုင်းထားသော လွယ်အိတ်ကြိုးကို ဖုထုံးထုံးပြီး ခပ်တိုတိုပြင်လွယ်လိုက်သည်။ ထို့နောက် တစ်စစီဖြစ်နေသော ပစ္စည်းများကို အရူးတစ်ယောက်လို လိုက်ကောက်နေမိသည်။

သိပ်မကြာလိုက်။

'ဝှမ်း… ဖျောင်း… ဝုန်း'

ကျယ်လောင်သောမြည်သံကြီးနှင့်အတူ လှေဝမ်းဗိုက်တစ်ခု လုံးမှာ ပွင့်ထွက်သွားပြီး ရေတွေက ဒလဟောဝင်လာသည်။ ထို ပြင်းထန်သည့် ရေလုံးကြီးများ၏ကြားတွင်တော့ အစွယ်တဖွေးဖွေး



ဖြင့် ဖုထစ်ခုံးထနေသည့် မိကျောင်းကြီး၏ပါးစပ်ကို လှမ်းတွေ့ လိုက်ရသည်။

'အား'

ဦးစက်ရှင်၏ သွေးပျက်မဘာတ် အော်လိုက်သည့်အသံကို တော့ လှေပေါ်မှ ဒေါ်ကြာစိနှင့် စက်မောင်းကိုတင်ငွေတို့မှာ ဘယ် လိုမှမကြားနိုင်တော့ဘဲ သွက်သွက်ခါအောင် လှုပ်ယမ်းသွားသည့် စက်လှေ၏နံရံများပေါ်တွင် လူးလိမ့်ရင်း ကုတ်တွယ်နေကြရသည်။

ဒေါ်ကြာစိ ဖက်တွယ်ထားရာ လှေပေါင်းမိုးပေါ်မှ ဝါတာ ဘလူးအပြာရောင်မှာလည်း အပိုင်းပိုင်းစုတ်ပြဲလျက် ရှိနေသည်။

ကိုတင်ငွေ၏ စက်မောင်းခန်းတစ်ခုလုံးမှာလည်း ရေအောက် သို့ မြုပ်လုမြုပ်ခင် ဖြစ်နေကာ ကိုတင်ငွေကိုတော့ မတွေ့ရတော့။

'အား… ကယ်တော်မူကြပါ၊ ကယ်ကြပါ၊ ကိုစက်ရှင်… ကိုစက်ရှင်ရေ'

ဒေါ်ကြာစိ၏ ငယ်သံပါအောင် အော်နေသည့် ပါးစပ်ထဲသို့ ရေတွေက အလုံးလိုက်ဆောင့်ဝင်လာသည်။

လှေဝမ်းတစ်ခုလုံးမှာလည်း မိကျောင်းကြီးနှင့် ဦးစက်ရှင် တို့ လုံးထွေးနေသဖြင့် ဝုန်းဒိုင်းကျဲကာ အမြှုပ်များတစီစီ ပွက်ထ နေသည်။ ထိုပွက်ထနေသော ရေထဲတွင်တော့ ဦးစက်ရှင်၏ သွေး များက ရဲရဲနီနေလျက်။

အချိန်က သိပ်မကြာလိုက်။ ဦးစက်ရှင်နှင့် ဒေါ်ကြာစိတို့ ၏ စက်လှေကလေးမှာ ရေအောက်သို့စုံးစုံးမြုပ်ကာ မြစ်ရေပြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ဝဲဂယက်တစ်ခုသာဖြစ်ပြီး ကျန်ခဲ့တော့သည်။ ထိုဝဲဂယက်ထဲတွင်တော့ အပိုင်းပိုင်းပြတ်နေသော ဝါတာဘာလူးစအပြာရောင်လေးက သွေးများဖြင့် ရဲရဲနီနေသော မြစ်ရေပေါ်တွင် ချာချာလည်နေတော့သည်။

❒ ❒ ❒



## အခန်း (၁၄)

ညှိမှောင်ရီဝေနေသော ကောင်းကင်ကြီးတစ်ခုလုံးမှာ မြစ်ပြင်ကျယ်ကြီးကို အုပ်မိုးထားလျက် မှိုင်းမှိုင်းမှုန်မှုန်ဖြစ်နေ၏။ မြစ်ပြင်အတွင်း လှိုင်းကြက်ခွပ်များကလည်း တိုးတိုးညင်ညင် ရိုက်ပုတ်နေကြပြီး သိပ်မကြာခင်အချိန်က သွေးပျက်ဖွယ်အဖြစ်ဆိုးကြီးတစ်ခုဖြစ်ခဲ့သည်မှာ ဘာမှမဟုတ်တော့သလို ပုံမှန်အတိုင်း စီးဆင်းမြဲ စီးဆင်းနေသည်။

ရေရှာအတွင်း လှည့်ခွေစီးဆင်းနေသော ချောင်းရိုးလေးများထဲတွင်လည်း ဓနိပင်၊ ဗျူးပင်၊ ကနစိုပင်တို့အကြား မြစ်ရေက နဂိုအတိုင်း တဖျတ်ဖျတ်တိုးဝှေ့နေလျက် ရှိနေသည်။

ဦးစက်ရှင်နှင့် ဒေါ်ကြာစိတို့လင်မယား တွေ့ကြုံလိုက်ရသည့် အဖြစ်ဆိုးကြီးအကြောင်းကတော့ ရေရှာမှ လူများ၏ ပါးစပ်များတွင် ဟိုနားစုစု ဒီနားစုစုဖြင့် ကြားနေရသည်။

ကျောက်ဒိုးမှာ ငါးဖမ်းပိုက်ကို ထိုင်ပြီးချုပ်နေရာမှ အိမ်ရှေ့မှဖြတ်သွားသောလူများ၏ စကားသံတို့ကို နားစိုက်ထောင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါပြောတာပေါ့၊ လူဆိုတာ စိတ်ကောင်းနှလုံးကောင်း မရှိဘဲ သူများအပေါ် ယုတ်မာကောက်ကျစ်တဲ့စိတ်ရှိနေရင် တစ်နေ့နေ့တော့ ဒုက္ခရောက်ရတာချည်းပဲ'

'ဟုတ်ပါ့တော်၊ အဲဒီလင်မယားကိုခွဲတဲ့မိကျောင်းက နည်းနည်းနောနောကြီးမှ မဟုတ်တာ၊ သာမန်မိကျောင်းတော့ ဟုတ်မယ် မထင်ဘူး။ ရေကန်ကြီးပေါ်က သူ့အလိုလိုပျောက်သွားတဲ့ နတ်မိကျောင်းကြီးပဲဖြစ်နေမှာ'

သစ်ကိုင်းခြောက်များကို ခေါင်းပေါ်ရွက်ပြီး မဲ့ကာရွာကာ သူတို့အိမ်ရှေ့မှ ဖြတ်လျှောက်ရင်း ပြောဆိုသွားကြသော မိန်းမနှစ်ယောက်၏စကားကြောင့် ကျောက်ဒိုးမှာ ဦးစက်ရှင်တို့လင်မယား မိကျောင်းအခွဲခံလိုက်ရသည့်အဖြစ်ကို တွေးရင်းနှင့် တုန်လှုပ်အံ့သြနေမိသည်။

'ဟုတ်တယ်၊ ဒီမိကျောင်းက သာမန်မိကျောင်းတော့ မဟုတ်နိုင်ဘူး၊ သူတို့ပြောသလို လူယောင်ဖန်ဆင်းလို့ရတဲ့ နတ်မိကျောင်းကြီးများ ဖြစ်နေမလား'

ကျောက်ဒိုး တွေးနေစဉ် ရုတ်တရက် သူ့နှာခေါင်းဝသို့ ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ဆိုးကြီးက စူးစူးဝါးဝါးဝင်လာ၏။

'ဟင်··· ဒါ··· ဒါ ဟိုလူကြီးပါးစပ်ကနံတဲ့ အနံ့ကြီးပဲ၊ ဝေါ··· ထွီ'

ပျို့တက်လာသော အန်ချင်စိတ်ကို ကျောက်ဒိုး ဘယ်လိုမှ မထိန်းနိုင်တော့။



တစ်ချိန်တည်းမှာပင် ချုပ်လက်စပိုက်ကွန်ကို ဘေးသို့ချရင်း ပတ်ဝန်းကျင်အနီးအနား လှည့်ပတ်ကြည့်လိုက်၏။

'အား'

ရုတ်တရက် ကျောက်ဒိုး၏ နောက်ကျောတွင် ကပ်လျက် မတ်တတ်ရပ်နေသော တစ်ကိုယ်လုံး ရေတွေရွဲရွဲစိုနေသည့် ပပ်ကြားအက်နှင့်လူကြီးကို တွေ့လိုက်ရသည်။

ကျောက်ဒိုးတစ်ကိုယ်လုံးမှာ မထင်မှတ်ဘဲ တွေ့လိုက်ရသည်။ ထိုလူကြီးရင်ဘတ်တစ်ခုလုံး ဆုပ်နယ်ဖျစ်ညှစ်ခံလိုက်ရသလို သွေးပျက်သွား၏။ ဒီတစ်ခါမြင်နေရသည့် ထိုလူကြီး၏မျက်နှာက ပိုးတဝါးမဟုတ်ဘဲ ကျောက်ဒိုး၏ ရှေ့တစ်လံသာသာအကွာတွင် ထင်ထင်ရှားရှားကြီး တွေ့နေရ၏။

ထိုလူကြီး၏မျက်နှာပေါ်တွင် ရေစက်ရေပေါက်တွေက ဆံပင်များဖွာကျနေသည့်အတိုင်း တစ်စက်စက်ကျနေသည်။ သူ့မျက်လုံးတစ်ဖက်မှာလည်း ချိုင့်ခွက်ကြီးဖြစ်နေကာ ထိုချိုင့်ခွက်ထဲသို့ ခေါင်းပေါ်မှ ဆံပင်တချို့က အုပ်မိုးကျနေ၏။

ကျောက်ဒိုးမှာ ပက်လက်အနေအထားနှင့် လက်နှစ်ဖက်ကို နောက်သို့ပစ်ထားရင်း ကိုယ်ခန္ဓာကို တဖြည်းဖြည်း ဒရွတ်တိုက်ပြီး နောက်သို့ဆုတ်လိုက်မိ၏။ သူ့ပါးစပ်မှလည်း တစ်စုံတစ်ရာကို အော်ဟစ်လိုက်ဖို့ စကားလုံးတွေက ထွက်ကျမလာတော့။

ညှီစို့စို့အနံ့ကြီးကြောင့် ကျောက်ဒိုးမှာ ပါးစပ်နှင့် နှာခေါင်းကို လက်ဖြင့်အုပ်ထားကာ တုန်တုန်ယင်ယင် မပီမသလေးဖြင့် ကမူးရှူးထိုးတွေ လှမ်းအော်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မလာနဲ့၊ မလာနဲ့၊ ကျွန်… ကျွန်တော် ကြောက်လို့ပါ'

ကျောက်ဒိုးက နောက်သို့ ဒရွတ်တိုက်လျှောက်သွားသော်လည်း ထိုလူကြီးက ဖြည်းဖြည်းချင်း ရှေ့သို့ဆက်တိုးလာ၏။

ခဏအကြာ ထိုလူကြီး၏ လျှပ်တစ်ပြက်လှုပ်ရှားလိုက်သော လက်ထဲတွင် ရေစိုနေသောအထုပ်တစ်ထုပ်ကို လှမ်းတွေ့လိုက်ရသည်။ ထိုအထုပ်ကို ကျောက်ဒိုး မြင်လိုက်သည်နှင့် ပိုပြီးအံ့ဩတုန်လှုပ်သွားရပြန်၏။ ထိုသူ၏လက်ထဲမှ အထုပ်မှာ ပြီးခဲ့သည့်ရက်က ဦးစက်ရှင်၏လက်ထဲတွင် တွေ့လိုက်ရသည့် အစိမ်းရောင်အဝတ်စဖြင့် ရစ်ပတ်ထုပ်ပိုးထားသော အထုပ်ဖြစ်နေသည်။

ထိုစဉ် ပပ်ကြားအက်နှင့်လူကြီးမှာ ရေစိုနေသော အစိမ်းရောင်ဝတ်ထုပ်ကို ကျောက်ဒိုးရှိရာသို့ လက်ကိုဆန့်ပြီး လှမ်းပေးနေ၏။ သူ့နှုတ်ခမ်းမှလည်း ဘာစကားတစ်ခွန်းမျှမပြောဘဲ ကျောက်ဒိုးကို တွေတွေကြီးကြည့်နေ၏။

'ဒါ ဘာလဲ၊ ငါ့ကို ဘာဖြစ်လို့ ဒီအထုပ်ကြီးကို လာပေးနေတာလဲ၊ ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဟော… သူ… သူ ရှေ့ကိုတိုးလာနေပြီ၊ ငါ… ငါ ဘာလုပ်ရမလဲ'

ကျောက်ဒိုးမှာ ရှေ့သို့အားယူပြီး ကုန်းထလိုက်မည်ဟန်ပြင်လိုက်သော်လည်း သူ့ခြေထောက်တွေက ဘယ်လိုမှ ဟန်ချက်မထိန်းနိုင်အောင် တုန်ယင်နေ၏။

ရုတ်တရက် ဆောင့်အဆွဲခံလိုက်ရသော ကျောက်ဒိုး၏ လက်တစ်ဖက်မှာ ထိုလူကြီး၏ လက်ထဲတွင် ပါသွားပြီး ထိုလူကြီး



၏ လက်တစ်ဖက်မှ ကိုင်ထားသော အစိမ်းရောင်အဝတ်တစ်ထုပ်ကို ကျောက်ဒိုး၏လက်ထဲသို့ အတင်းထိုးထည့်ပေးလိုက်သည်။

'ဟင့်အင်း… ဟင့်အင်း ကျွန်တော်မယူပါရစေနဲ့၊ မယူပါရစေနဲ့'

ကျောက်ဒိုးမှာ အတင်းရုန်းကန်တွန်းထိုးနေသော်လည်း သူ့လက်ထဲတွင် အစိမ်းရောင်အဝတ်ထုပ်က ရောက်နေပြီဖြစ်၏။ ထိုအထုပ်မှာ သူ့လက်ထဲတွင် အနည်းငယ်လေးလံနေသည်။

ထို့နောက် ပပ်ကြားအက်နှင့်လူကြီးမှာ ကျောက်ဒိုးကို အဝတ်ထုပ်ကြီးကို ပေးပြီးနောက် ကျောခိုင်းလှည့်ထွက်သွား၏။

'ဟင်… ခင်ဗျား… ခင်ဗျား ဘယ်သွားမလို့လဲ၊ နေပါဦး၊ နေပါဦး'

ကျောက်ဒိုးက အကြိမ်ကြိမ်အော်ခေါ်နေသော်လည်း ထိုသူက လုံးဝလှည့်မကြည့်တော့ချေ။ မြင်ကွင်းထဲမှ ထိုသူ ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် ချက်ချင်းဆိုသလို ကျောက်ဒိုးက အဝတ်ထုပ်ကို ကပျာကယာ ဖြေကြည့်လိုက်မိသည်။

'ဟင်…'

ထိုအစိမ်းရောင်အဝတ်ဖြင့် အထပ်ထပ်ရစ်ပတ်ထားသော အထုပ်အတွင်းတွင်တော့…

ခို့ပြာရောင်…

တဖျတ်ဖျတ်လက်ပနေသော စိန်ဆံထိုးနှင့် နဂါးခေါင်းပုံလက်ကောက်များ၊ ခေါင်းဘယက်နှင့် ကျောက်ဒိုး တစ်ခါမှ မဖြတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်သည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ပြည့်သိပ်နေ၏။

'ဟင်… ဒါ… ဒါတွေဟာ တစ်ချိန်က ဘကြီးမှတ် ပြောပြဖူးတဲ့ ငါ့အဖေနဲ့ အမေပိုင်ခဲ့တဲ့ ပစ္စည်းတွေများလား မသိဘူး'

မျက်ခနဲ ကျောက်ဒိုး ပြန်မော့ကြည့်လိုက်တော့ စောစောက သူ့ရှေ့မှ အသားအရေတွေ ပပ်ကြားအက်နှင့်လူကြီးမှာ ဘယ်ရောက်သွားသည် မသိတော့။

အစိမ်းရောင်အဝတ်ထုပ်က ကျောက်ဒိုး၏ လက်ဖဝါးထဲတွင် တဆတ်ဆတ်တုန်ခါနေ၏။

'ဒီလူကြီးက ငါတို့နဲ့ ဘယ်လိုများပတ်သက်နေတာလဲ၊ ငါတို့ပိုင်ခဲ့တဲ့ပစ္စည်းတွေမှန်းကို သူဘယ်လိုသိနေတာလဲ'

နားလည်ရခက်လောက်အောင် ပဟေဠိဆန်သော အတွေးတွေကြောင့် ကျောက်ဒိုး အချိန်မည်မျှကြာအောင် တွေးနေမိသည် မသိ။ အနီးသို့ရောက်လာသော မိခင်ဖြစ်သူ မပန်းမြနှင့် ဦးမှတ်ကြီးတို့ကို မြန်းခနဲမြင်လိုက်ရမှပင် ရုတ်တရက်သတိဝင်သွားသည်။

ကျောက်ဒိုးက သူ့လက်ထဲမှအထုပ်ကို ကပျာကယာဝှက်ရန် ဟန်ပြင်လိုက်သော်လည်း အချိန်မမီတော့။ မိခင်ဖြစ်သူ ဒေါ်ပန်းမြက မြင်သွားပြီး…

'ဟဲ့သား၊ နင့်လက်ထဲက ဘာတွေလဲ'

ကျောက်ဒိုး ဘာမှမတတ်နိုင်တော့ဘဲ သူ့လက်ထဲမှအထုပ်



ကို မိခင်ဖြစ်သူဆီ တရိုတသေကမ်းပေးလိုက်၏။ အထုပ်ထဲမှ လက်ဝတ်ရတနာများကို မြင်တွေ့သွားသောအခါတွင်တော့ ဒေါ်ပန်းမြရော ဦးမှတ်ကြီးပါ နှစ်ယောက်စလုံး အံ့သြတုန်လှုပ်လွန်းသဖြင့် မှုးမေ့လဲကျမတတ်ဖြစ်သွားကြ၏။

'ဟင်…'

'ဟာ… ဒါ… ဒါ နင်တို့အိမ်ထောင်ဦးပစ္စည်းတွေ မဟုတ်လား ပန်းမြ'

ဒေါ်ပန်းမြက စကားပင်ပြန်မပြောနိုင်ရှာ။ အတန်ကြာမှ ဖျန်းခနဲငိုချလိုက်ရင်း…

'ဟီး… ဟီး… အဟင့်… ဟုတ်ပါရဲ့ ဘကြီးမှတ်ရယ်၊ ကြည့်စမ်းပါဦး၊ ကျွန်မတို့ဆီက ဦးစက်ရှင် မတရားယူသွားတဲ့ ပစ္စည်းတွေပေါ့၊ အဟင့်… ရှုတ်… အဟင့်'

'နေစမ်းပါဦး ပန်းမြရဲ့၊ ဟဲ့… ကျောက်ဒိုး၊ ဒီပစ္စည်းတွေက ဦးစက်ရှင်တို့နဲ့အတူ လှေနစ်တဲ့အထဲပါမသွားဘဲ ဘာဖြစ်လို့ နင့်လက်ထဲရောက်နေရတာတုံး'

ဘကြီးမှတ်၏ အမေးစကားကြောင့် ကျောက်ဒိုးတစ်ယောက် အကြောင်းစုံကို ရှင်းပြလိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သူကြီး၏အိမ်ရှေ့ကပြင်တွင် ဘကြီးမှတ်၊ ဒေါ်ပန်းမြတို့နှင့် အတူ ကျောက်ဒိုးပါ ကျုံ့ကျုံ့ကလေးထိုင်နေသည်။ သူကြီးက သူ့ထံသို့အပ်နှံလာသော အထုပ်ထဲမှ လက်ဝတ်ရတနာပစ္စည်းများကို ကြည့်ရင်း စဉ်းစားရခက်ဟန်ဖြင့် ပါးစပ်ထဲတွင် တမြုံ့မြုံ့ ဝါးနေသည့်ကွမ်းကို ဖွီခနဲထွေးထုတ်လိုက်သည်။

ပြီးမှ . . .

'ငါ့အထင်တော့ ကျောက်ဒိုးပြောတဲ့ လူစိမ်းဟာ သူခိုးများလား မသိဘူး၊ ဘိုစက်ရှင်တို့ ခရီးမထွက်ခင်ကတည်းက ဒီပစ္စည်းတွေကို ခိုးယူပြီး အထုပ်ချင်းလဲထားလိုက်တာဖြစ်နိုင်တယ်။ အခု ဦးစက်ရှင်တို့သေသွားမှ သူ့ဘာသာသူ စိတ်မလုံဖြစ်ပြီး ငါ့ဆီကိုလည်း လာမအပ်ရဲတာနဲ့ ကလေးတစ်ယောက်ယောက်လက်ထဲ ထည့်ပစ်ခဲ့ပြီး ကိုယ်လွတ်ရုန်းပြေးပြီနဲ့ တူပါရဲ့'

သူကြီး၏စကားက ဖြစ်နိုင်စရာ အတန်အသင့်ရှိသော်လည်း ဒေါ်ပန်းမြက တစ်စုံတစ်ခုကိုတွေးမိသလိုမျိုး မဝံ့မရဲလေသံဖြင့် . . .

'ဒါ . . . ဒါဆို သူကြီး၊ ဟိုလေ ရွာထဲမှာ လူတွေပြောပြောနေကြတဲ့ နတ်မိကျောင်းက လူယောင်ဖန်ဆင်းတာရော မဖြစ်နိုင်ဘူးလား'

'ဟယ် . . . ပန်းမြ၊ ပေါက်ကရတွေဟာ မိကျောင်းက ဘယ်လိုလုပ်ပြီး လူဖြစ်နိုင်ပါ့မလဲ၊ လူတွေ အရူးထပြီးလျှောက်ပြောနေကြတဲ့ ကောလာဟလတွေကို နင်ယုံမနေနဲ့၊ ဒါတွေက ငါတို့ရွာမှာ ဟိုးပဝေသဏီကတည်းက ပြောပြောနေကြတဲ့ ယုံတမ်းပုံပြင်



တွေပါဟာ၊ ဒီကြားထဲ ရေကန်နားက မိကျောင်းရုပ်ကြီးကလည်း သူခိုးလက်ချက်နဲ့ ထုရိုက်ဖွဲ့ယူပြီး ပျောက်သွားတော့ ပိုပြီးပြောစရာဖြစ်နေတာပေါ့၊ အလကား ယုတ္တိယုတ္တာမရှိတဲ့ဟာတွေ'

သူကြီးက တကယ်ပဲ သူကိုယ်တိုင် မယုံလို့လား။ သို့မဟုတ် ဥပါဒါန်အစွဲမဖြစ်အောင် ပညာရှိနည်းဖြင့် ပြောသည်လားတော့ မသိ။ စကားကိုအပြီးအပြတ်ပိတ်လိုက်သောကြောင့် ဒေါ်ပန်းမြရော ဘကြီးမှတ်ပါ ဘာမှထပ်မပြောနိုင်ကြတော့။

သူကြီးက . . .

'ကဲ . . . ကဲ . . . ဒီပစ္စည်းတွေကို ဘယ်လိုလုပ်ကြမယ်လို့ စိတ်ကူးသလဲ'

'ကျွန်မလည်း အဲဒါကို စဉ်းစားရခက်နေတာပါ သူကြီးရယ်၊ မူလပိုင်ရှင်က ကျွန်မတို့ဆိုတာမှန်ပေမယ့် လက်ရှိဥစ္စာရှင်က ဟို . . . ဟိုလေ ဦးစက်ရှင်တို့ဖြစ်နေတော့ . . .'

'တော် . . . တော် ပန်းမြ၊ နင် ဘယ်လောက်ရိုးသားသလဲဆိုတာ ငါသိတယ်၊ ဒီပစ္စည်းတွေကို နင်ယူထားရမှာ စိတ်မသန့်ဖြစ်နေတယ်မဟုတ်လား'

သူကြီး၏ ခပ်ပြတ်ပြတ်လေသံကြောင့် ဒေါ်ပန်းမြခမျာ ခေါင်းကိုငုံ့သွားပြီး . . .

'ဟုတ် . . . ဟုတ်ပါတယ် သူကြီးရယ်၊ ဒါကြောင့် ဒီပစ္စည်းတွေကို သက်ဆိုင်ရာကို အပ်ချင် အပ်၊ ထုခွဲရောင်းချပြီး ရွာဦး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စေတီကို ပြင်ချင်ပြင်၊ ကောင်းသလိုစီမံရအောင် သူကြီးလက်ကို လာအပ်တာပါ'

သူကြီးကား ခေါင်းတညိတ်ညိတ်လုပ်ရင်း မျက်စိတွေ မှိုင်းရီစွာ အဝေးသို့ငေးကြည့်နေ၏။

လောဘရှိသူနှင့် လောဘမဲ့သူတို့၏ အားပြိုင်ပွဲကား လှပစွာ အဆုံးသတ်ခဲ့လေပြီတည်း။

❐ ❐ ❐



## နိဂုံး

ကန်ရေပြင်သည် လေညှင်းနုနုတိုက်ခတ်လာသောကြောင့် လှိုင်းဂယက်ကလေးများ ထနေ၏။ သစ်ပင်အိုကြီးများထက်ဆီမှ ငှက်ကလေးများ၏ တကျီကျီအော်မြည်သံကလည်း ညနေခင်း လေပြည်ထဲတွင် ဂီတသံဆန်နေ၏။

သစ်ရွက်စိမ်းနုနုတို့ကို ဖြတ်သန်းလာသော ဝင်လုဆဲဆဲ နေရောင်ခြည်က ရွှေရောင်တောက်ပနေ၏။ ကျောက်ဒိုးကဘော့ အေးမြသည့် ကန်ရေပြင်ကို ငေးကြည့်ရင်း အတွေးတွေ လွင့်မျော နေမိသည်။

တစ်ချက်တစ်ချက်တွင် ဘုရားကုန်းမြေဆီမှ လွင့်ပျံလာ သော ဆည်းလည်းသံများကိုလည်း တချွင်ချွင်ကြားနေရသည်။

သြော်… ခုတော့လည်း အရာရာဟာ အေးချမ်းငြိမ်သက် လို့ပါလား။ သူတို့ဆော့ကစားခဲ့ရာ ကန်ရေပြင်အနီးတစ်ဝိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မြသဲလွန်စေတီရှိရာ ဘုရားကုန်းတစ်ဝိုက်သည်လည်းကောင်း၊ ရှာလမ်းမအဖုံဖုံသည်လည်းကောင်း၊ နေရောင်ခြည်နှင့် လေပြည်လေညင်းတို့သည်လည်းကောင်း အားလုံး ပကတိအတိုင်းပင်ဖြစ်သည်။

သူတို့သည် ဘာမျှမပြောင်းလဲကြ။ မည်သည့်အရှုပ်အထွေးကိုမှလည်း မသိလိုက်ကြ။ မည်သည့်ဖြစ်ရပ် အဆိုးအကောင်းအဆန်းတကြယ်များကိုလည်း စိတ်မဝင်စားကြ။ သဘာဝတရားကြီးသည် သူ့အတိုင်းပင် ငြိမ်သက်လှပနေ၏။

လူ့လောကကတော့ သည်လိုမဟုတ်။

ကျောက်ဒိုးက ဖုန်တွေပေလူးနေအောင် ဆော့ကစားထားသည့် သူ့အင်္ကျီလေးကို ငုံ့ကြည့်ရင်း တစ်စုံတစ်ရာကို လွမ်းဆွတ်သလိုလို၊ နှမြောသလိုလို ခံစားလိုက်ရသည်။

အသက်ကြီးလာလို့ လူ့ဘဝကြီးထဲ တိုးဝင်ရသည့်အခါ လူ့လောကရဲ့ အရှုပ်အထွေးတွေက စိတ်ကို ဖုန်လူးသလို ညစ်ပတ်သွားစေနိုင်ဦးမှာလား။

တကယ်တော့ ကလေးဘဝသည်သာလျှင် ပြန်လည်ရှော်ဖွပ်ရလွယ်ကူသော အင်္ကျီတစ်ထည်ဖြစ်လေသည်။

**သတိုးတေဇ**

BURMESE CLASSIC .com

# ဒသမကျော်စွာ

## ဒဏ္ဍာရီကျွန်း

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com